# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် (၉) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (28-8-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၂၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့် အောင်မြင်သည့် စစ်သည်များပါဝင်သော မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးထွက်ခွာ



၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့် အောင်မြင်သည့် စစ်သည်များ ပါဝင်သော မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ စုပေါင်းဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် ဩဂုတ် ၂၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှုဖြင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော စစ်သည်များ ပါဝင်သည့် မျိုးဆက်သစ် ထူးချွန်လူငယ်မောင်မယ်များသည် နိုင်ငံတကာယဉ်ကျေးမှု၊ ဗဟုသုတနှင့် အသိပညာများအတုယူလေ့လာနိုင်စေရန် လေ့လာရေးခရီးစဉ်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဩဂုတ် ၂၆ ရက် ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသည်။

အဆိုပါလေ့လာရေးအဖွဲ့ကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ဌာနကြီးမှူး ဦးအောင်ရဲဝင်းနှင့် တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၏ မိဘဆွေမျိုးများက

**စာမျက်နှာ ၁၉ ကော်လံ ၁**

**စွယ်တော်မြတ်စေတီတော် (မန္တလေး) ဘက်စုံပြုပြင်မွမ်းမံရန်အတွက် တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများက အလှူငွေများ ထည့်ဝင်လှူဒါန်း**

စာမျက်နှာ- ၂၀

**မြန်မာအစိုးရနှင့် ကုလသမဂ္ဂတို့အကြား လတ်တလော ပူးပေါင်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေး**

စာမျက်နှာ- ၂၀

**စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့်တောင်သူများကို စိုက်ပျိုးမြေများအား တင်ဒါစနစ်ဖြင့် ဌားရမ်းလုပ်ကိုင်ခွင့်ပြုပေးသွားမည်**

စာမျက်နှာ- ၃


PCR, TBR, TBB တာယာ အရွယ်အစားမျိုးစုံ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

အရည်အသွေးမြင့်မား တာယာ မှာ

TRISTAR




ပင်ရင်းအရောင်းဌာန -ဖုန်း- ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉၄၅၃၂၅၅၅၄၅
STARMART NINE MILE Showroom-(၉)မိုင်၊ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ရတနာပုံ
၂၀၁၉ ခုနှစ် ဩဂုတ် ၂၈ ရက်
အယ်ဒီတာ့အာဘော်

# ပြည်သူ့လုံခြုံရေးစနစ်တွင် ပြည်သူလူထုတစ်ရပ်လုံးပါဝင်ရေး

နိုင်ငံတော်နှင့် ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်ရန်အတွက် ပြည်သူ့လုံခြုံရေးစနစ်သည် အရေးပါသည့်စနစ်တစ်ခုဖြစ်သည်။ ပြည်သူ့လုံခြုံရေးစနစ်တွင် ပြည်သူလူထု၊ တပ်မတော်၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် လုံခြုံရေးတာဝန်ရှိသူများအားလုံး ညီညီညွတ်ညွတ် စည်းလုံးမှုရှိစွာ ပါဝင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများသည် အောင်မြင်နိုင်မည်ဖြစ်ပေသည်။ ပြည်သူ့လုံခြုံရေးစနစ်ကို လက်ရှိကမ္ဘာပေါ်တွင် နိုင်ငံပေါင်း ၃၉ နိုင်ငံခန့်က ကျင့်သုံးလျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်နှင့်အိန္ဒိယနိုင်ငံများသာမက ဒေသတွင်းနိုင်ငံများဖြစ်သည့် ဖိလစ်ပိုင်နှင့်ဗီယက်နမ်နိုင်ငံတို့တွင်လည်း ပြည်သူများပါဝင်သည့် ပြည်သူ့လုံခြုံရေးစနစ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိသည်။

ယနေ့ကြုံတွေ့နေရသည့် နိုင်ငံ၏လုံခြုံရေးထိခိုက်မှုဖြစ်စဉ်များသည် နိုင်ငံရေးကိုအခြေခံ၍ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်ပြီး မဲမသမာမှုကြောင့် အရေးပေါ်အခြေအနေဖြစ်ပေါ်ခြင်းကို နိုင်ငံရေးနည်းလမ်းအရဖြေရှင်းခြင်းမပြုလုပ်ဘဲ လက်နက်ကိုင်အကြမ်းဖက်သည့်နည်းလမ်းဖြင့်ဖြေရှင်းရန် လုပ်ဆောင်လာခြင်းများကြောင့်ဖြစ်သည်။ ထို့ပြင် အကြမ်းဖက်အဖျက်သောင်းကျန်းသူများက မြို့များ၊ ရွာများတွင်ဝင်ရောက်၍ ပြည်သူလူထုကို အကာအကွယ်ပြုကာ တိုက်ကွက်ဖော်မှုများကြောင့် မြို့ရွာများ ပျက်စီးခဲ့ရသည့်အပြင် ဒေသခံပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများလည်း ပျက်စီးဆုံးရှုံးခဲ့ကြရသည်။

အကြမ်းဖက်သောင်းကျန်းသူများသည် ပြည်သူလူထုကြားတွင် စိမ့်ဝင်ခိုအောင်းနေနိုင်သောကြောင့် လုံခြုံရေးလစ်ဟာသွားသောနေရာများသို့ဝင်ရောက်ပြီး အများပြည်သူပိုင် အဆောက်အအုံများနှင့် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်များကို နှောင့်ယှက်ဖျက်ဆီးနေကြသည်။ ပြည်သူလူထုသည် ၎င်းတို့၏လူမှုစီးပွားဘဝလုံခြုံရေးနှင့် နိုင်ငံတစ်ဝန်းလုံးအေးချမ်းသာယာရေးကိုသာ လိုလားကြပြီး မြို့ရွာများလုံခြုံရေး၊ ပြည်သူလူထုလုံခြုံရေးတို့ ထိခိုက်မှုများဖြစ်ပေါ်လာသည့် အကြမ်းဖက်လုပ်ရပ်များအပေါ် မခံမရပ်နိုင်သည့်ပြည်သူများက ပြည်သူပါဝင်သည့် ပြည်သူ့လုံခြုံရေးစနစ်တစ်ရပ် ခိုင်ခိုင်မာမာ တည်ဆောက်ပေးရန် လိုလားလျက်ရှိနေကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က **"ပြည်သူ့လုံခြုံရေးစနစ်တွင် ပြည်သူများပါဝင်ပါက တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုများကောင်းမွန်လာပြီး မိမိတို့နိုင်ငံ၏ရည်မှန်းချက်ဖြစ်သည့် စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း"** မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့်ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများကို ဩဂုတ် ၂၅ ရက်က မန္တလေးမြို့ မြို့တော်ခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေးပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

အကြမ်းဖက်အဖျက်သမားများသည် မြို့ရွာများအတွင်းသို့ အခြားမှလာရောက်ဆောင်ရွက်ခြင်းမဟုတ်ဘဲ မြို့ရွာများအတွင်းနေထိုင်သူများသာဖြစ်၍ မြို့ရွာရပ်ကွက်များ တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူလူထုအနေဖြင့် အမြဲလုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် မျက်စိဖွင့်၊ နားစွင့်စောင့်ကြည့်နေရမည်ဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံအတွင်းမှီတင်းနေထိုင်ကြသည့် ပြည်သူလူထုအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဒေသအလိုက် အုပ်ချုပ်ရေးအဖွဲ့များနှင့်အတူ တက်ကြွစွာပူးပေါင်းလက်တွဲ၍ ပြည်သူလူထုလုံခြုံရေးစနစ်တည်ဆောက်ရာတွင် ထိရောက်စွာပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် မြို့ရွာများ တည်ငြိမ်အေးချမ်းပြီး ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စိတ်အေးချမ်းသာစွာဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း အကြံပြုရေးသားအပ်ပါသည်။

# မန္တလေးတောင်သို့ ဩဂုတ်လ နောက်ဆုံးပတ်အတွင်း တစ်ရက်လျှင် ဦးရေ ၆၀၀ ကျော်ထိ လာရောက်ဖူးမြော်လျက်ရှိ



**မန္တလေး ဩဂုတ် ၂၇**

မန္တလေးတောင်သို့ ဩဂုတ်လ နောက်ဆုံးပတ်အတွင်း တစ်ရက်လျှင် ပြည်တွင်း၊ ပြည်ပ ဘုရားဖူး ဦးရေ ၆၀၀ ကျော်ထိ လာရောက်ဖူးမြော်လျက်ရှိကြောင်း မန္တလေးတောင် ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဝင်းက ပြောပြ၍ သိရသည်။

မန္တလေးမြို့တွင် အထင်ကရ နေရာအများအပြားရှိသည့်အနက် မန္တလေးတောင်တော်မှာလည်း ပြည်တွင်း၊ ပြည်ပဘုရားဖူးများ စိတ်ဝင်တစားလာရောက်လျက်ရှိသည့် နေရာတစ်ခုဖြစ်ကြောင်း၊ ယခုလက်ရှိတွင် မန္တလေးတောင်သို့ လာရောက်ဖူးမြော်သည့် ပြည်တွင်း၊ ပြည်ပဘုရားဖူးများ များပြားလျက်ရှိကြောင်း သိရသည်။

"မန္တလေးတောင်ကို ပြည်တွင်းက ဘုရားဖူးတွေအပြင် ပြည်ပနိုင်ငံတွေက ခရီးသွားတွေလဲ လာရောက် လည်ပတ်ပြီးတော့ ဘုရားဖူးမြော်နေပါတယ်။ မန္တလေးတောင်ကို လာရောက်ဘုရားဖူးမြော်ရင်း မြွေကြီးနှစ်ကောင် စတဲ့ နေရာတွေကို လေ့လာတဲ့သူတွေလဲ တော်တော်လေးပြန်များလာတယ်။ မန္တလေးမြို့အပြင် အခြားနယ်ဝေးဒေသတွေဖြစ်တဲ့ ပြင်ဦးလွင်၊ ရန်ကုန် စတဲ့မြို့တွေကနေ လာရောက် ဘုရားဖူးမြော်တဲ့သူတွေ ပြန်ပြီးများပြားလာပါတယ်။ မန္တလေးတောင်ပေါ်ကို တက်ရောက်ဖူးမြော်သူတွေ အဆင်ပြေစေဖို့ ဓာတ်လှေကား၊ စက်လှေကားတွေလဲ ဖွင့်လှစ်ပေးထားပါတယ်။ မန္တလေးတောင်ပေါ်ကို စောင်းတန်းကနေတက်ရောက်ဖူးမြော်သူတွေကော၊ ကားလမ်းကနေတက်ရောက်ဖူးမြော်သူတွေပါ များပြားပါတယ်" ဟု မန္တလေးတောင်ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဝင်းက ပြောပြသည်။

မန္တလေးတောင်သို့ ဩဂုတ်လ ဒုတိယပတ်က တစ်ရက်လျှင် ပြည်တွင်း၊ ပြည်ပဘုရားဖူးဦးရေ ၃၀၀ ကျော်သာ လာရောက်ဖူးမြော်ခဲ့သော်လည်း ဩဂုတ်လ နောက်ဆုံးပတ်အတွင်း ပြည်တွင်း၊ ပြည်ပဘုရားဖူးဦးရေ ၆၀၀ ကျော်ထိ လာရောက်ဖူးမြော်လျက်ရှိကြောင်း သိရသည်။

(၁၈၄)

# ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၃၀၅၉၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ရေဦး ဩဂုတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၃၀၅၉၉ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၈၁၆၆၂ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၀၅၉၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ ရေဦးမြို့နယ်အတွင်း မိုးစပါးဧက ၈၀၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါး သတ်မှတ်လျာထားဧကပြည့်မီအောင် လိုအပ်တဲ့နည်းပညာ၊ မျိုးတွေဆောင်ရွက်ပေးနေတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရေဦးမြို့နယ်တွင် မိုးစပါးစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရေဦးမြို့နယ်တွင် ယခုနှစ်စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်း ကောင်းမွန်စေရန် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ တမန်းနှီးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။(၂၀၆)

# ဓနုဖြူမြို့နယ်တွင် မြေပဲဆန်များ အရောင်းအဝယ်ကောင်းမွန်နေ

**ဓနုဖြူ ဩဂုတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ် ပဲဈေးကွက်တွင် မြေပဲဆန်များအရောင်းအဝယ်ကောင်းမွန်နေကြောင်း ဓနုဖြူမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်အေးကဗျာက ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်ပဲဈေးကွက်တွင် ဇူလိုင်လ ဒုတိယပတ်မှစတင်၍ ယနေ့ထိ မြေပဲဆန်များအရောင်းအဝယ်ကောင်းမွန်လာပြီး အဆိုပါမြေပဲဆန်များ အရောင်းအဝယ်ကောင်းလာခြင်းသည် မြေပဲဆီကြိတ်ခွဲထုတ်လုပ်သည့် လုပ်ငန်းများက မြေပဲဆန်များကိုဝယ်ယူအားကောင်းလာသည့်အတွက်ဖြစ်ကြောင်း သိရသည်။

"လက်ရှိ ဓနုဖြူပဲဈေးကွက်ကိုဒေသထွက်မြေပဲဆန်တွေအပြင် အခြားဒေသကနေ နွေမြေပဲဆန်တွေပါ ဝင်ရောက်နေပါတယ်။ လက်ရှိ မြေပဲဆန် တစ်ပိဿာကို ငွေကျပ် ၁၄၀၀၀ ထိ ဈေးပေါက်နေတယ်။ မြေပဲဆီတွေ ထုတ်လုပ်မှု အားကောင်းလာတာကြောင့် မြေပဲဆန်အရောင်းအဝယ်ကောင်းလာတာပါ။ မြေပဲဆန်အရောင်းအဝယ် ပိုကောင်းဖို့သာရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ လာမဲ့နိုဝင်ဘာလဆန်းလောက်မှ မြေပဲသစ်တွေ ထပ်ပေါ်လာမှာကြောင့်ပါ။ ဒီနှစ် မြေပဲဆန်တွေအဝယ်လိုက်နေတဲ့အခါ တောင်သူတွေအဓိက အဆင်ပြေနေသလို လုပ်သားတွေနဲ့ ကုန်သည်တွေလဲ အဆင်ပြေလာတာတွေ့ပါတယ်"ဟု ဒေါ်အေးကဗျာက ပြောပြသည်။

ဓနုဖြူမြို့နယ်ရှိ စားသောက်ကုန်ရောင်းဝယ်ရေး လုပ်ငန်းရှင်များသည် မြေပဲများကိုဝယ်ယူပြီး မြေပဲဆီ၊ မြေပဲဆန်၊ မြေပဲအခွံပါ စသည့်ပုံစံအမျိုးမျိုး ထုတ်လုပ်၍ အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပဲခူးမြို့နယ် ဝင်းကရင်ကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းစစ်ဆေး

ပဲခူး ဩဂုတ် ၂၇

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဝင်းကရင်ကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့်အတူ ဝင်းကရင်ကျေးရွာ၌ ဂဝံလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေး မှာကြားခဲ့သည်။

ဝင်းကရင်ကျေးရွာ၌ ဂဝံမြေလမ်း အရှည်ပေ ၁၀၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၂ သန်းဖြင့် ကျေးရွာနေပြည်သူများကိုယ်တိုင် ဇူလိုင်လ ပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်၍ ကျေးရွာမှထွက်ရှိလာသော ထုတ်ကုန်ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်းနှင့် ကျေးလက်နေပြည်သူများလူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမြို့နယ် ဦးစီးမှူး ဦးမင်းမင်းသိမ်းထံမှ သိရသည်။

သုတ



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့နေ နှစ်ဖက်မိဘများကို အမှူးထား၍ ဦးကံမြင့်-ဒေါ်ငွေရီ သမီး မမော်မော်မြင့်၊ မချင်းချင်းမြင့်မိသားစုက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးခင်မောင်၊ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်နှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# သာပေါင်းမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီ၌ မိုးစပါး ၇၀၉၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ပုသိမ် ဩဂုတ် ၂၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၇၀၉၅ ကေထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

သာပေါင်းမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီ၌ မိုးစပါး ၆၂၉၇ ကေကို ယခုနှစ် ဇွန်လ ပထမပတ်က စတင်၍ လျာထားစိုက်ပျိုးခဲ့ရာ ယနေ့တွင် မိုးစပါး ၇၀၉၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ မိုးစပါးများ ကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဒေသခံတောင်သူများ စိုက်ပျိုးလျက်ရှိကြကြောင်း သိရသည်။

"သာပေါင်းမြို့နယ်မှာ ဒီနှစ် မိုးစပါးကို ၆၂၉၇ ကေ စိုက်ပျိုးရန် လျာထားပါတယ်။ မိုးစပါးတွေ စိုက်ပျိုးဖို့အတွက် တောင်သူတွေကိုနည်းပညာနဲ့ အခြားပံ့ပိုးပေးစရာတွေကို ကြိုတင်ဆောင်ရွက်ပေးထားပါတယ်။ မိုးစပါးအတွက် မျိုးစေ့တွေကို ချိတ်ဆက်ဝယ်ယူဆောင်ရွက်ပေးထားပါတယ်။ လိုအပ်တဲ့နည်းပညာနဲ့ စိုက်နည်းစနစ်တွေကိုလဲ စနစ်တကျ ပံ့ပိုးဆောင်ရွက်ပေးထားပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

သာပေါင်းမြို့နယ်တွင်ယခုနှစ် စိုက်ပျိုးလျက်ရှိသည့်မိုးစပါးများ၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေးတို့အတွက် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မိုးစပါးများကို အောင်တက်ကျေးရွာ၊ လေ့ကြီးတက်ကျေးရွာ၊ ဝေနဒေါင့်ကြီးကျေးရွာ၊ ရွှေတောင်ကြီးကုန်းကျေးရွာ၊ ဇီးဖြူကွင်းကျေးရွာ၊ ငှက်ပျောတောကျေးရွာ၊ မဲဇလီကွင်းပေါက်ကျေးရွာ၊ ကွင်းကောက်ကျေးရွာ စသည့်ကျေးရွာများတွင် အများဆုံး စိုက်ပျိုးလျက်ရှိကြကြောင်း ၎င်းကဆက်လက်ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# စဉ့်ကိုင်မြို့နယ် ထန်းသုံးပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

စဉ့်ကိုင် ဩဂုတ် ၂၇

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ပင်ကြီးကျေးရွာအုပ်စု ထန်းသုံးပင်ကျေးရွာ၌ ဒုတိယအကြိမ်မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ စဉ့်ကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် စီမံကိန်းအကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုး တိုးတက်ရေး လိုက်နာရမည့် စီမံကိန်းလက်စွဲစာစောင်ပါစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်း ကာလသတ်မှတ်ချက်များ၊ ငွေစာရင်းဇယားပြုစုထိန်းသိမ်းရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၄ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ထန်းသုံးပင်ကျေးရွာရှိ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ၇၆ ဦးကို ငွေကျပ် ၃၄ သန်း ထုတ်ချေး ပေးခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့် တောင်သူများကို စိုက်ပျိုးမြေများအား တင်ဒါစနစ်ဖြင့် ငှားရမ်းလုပ်ကိုင်ခွင့်ပြုပေးသွားမည်

နေပြည်တော် ဩဂုတ် ၂၇

စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့် တောင်သူများအလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေးနှင့် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စိုက်ပျိုးမြေများကို တင်ဒါစနစ်ဖြင့် ငှားရမ်းလုပ်ကိုင်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

ယခုအခါ မြန်မာနိုင်ငံ၏စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပုဂ္ဂလိကကဏ္ဍမြှင့်တင်ဆောင်ရွက်ပေးနေသကဲ့သို့ပုဂ္ဂလိက ကဏ္ဍနှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကကဏ္ဍသို့ ငှားရမ်းလုပ်ကိုင်ခွင့်ပြုခြင်းဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ ဆောင်ရွက်နေမှုများအရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိမွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့အနေဖြင့် စိုက်ပျိုးသူတောင်သူများအလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေးနှင့် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဌာန၏ စီမံကွပ်ကဲမှုအောက်တွင်ရှိနေသည့် မြေများကို ပုဂ္ဂလိကလုပ်ငန်းရှင်များအားစိုက်ပျိုးမြေများ ငှားရမ်းလုပ်ကိုင်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ငှားရမ်းလုပ်ကိုင်ခွင့်ပြုပေးမည့် စိုက်ပျိုးမြေများမှာ ရှမ်းပြည်နယ်တောင်ပိုင်း၊ ဆီဆိုင်မြို့နယ်ရှိ ဘန်းယဉ်မျိုးသန့်ခြံမှ စိုက်ပျိုးမြေဧက ၂၄၀ ဧကနှင့် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဘုရင့်နောင်ကားဝင်းအတွင်းရှိ မြေဧက သုည ဒသမ ၉၆၇ ဧကတို့ဖြစ်ကြကြောင်း သိရသည်။

အဆိုပါ မြေဧကများကိုစိုက်ပျိုးရေး နှင့်သက်ဆိုင်သည့် လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်လိုသည့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ တင်ဒါစည်းမျဉ်းစည်းကမ်းနှင့်အညီ ငှားရမ်းခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

SKL



# စကုမြို့ရှိ မှန်ကင်းရုပ်စုံကျောင်း

မောင်သာ(ရွှေဟောင်းသုတေသန)

လက်ရာမြောက်သည့် ပန်းပုရုပ်များဖြင့် တန်ဆာဆင်ထားသည့် ရုပ်စုံကျောင်းများအနက် မကွေးတိုင်းဒေသကြီးအတွင်း၌တည်ရှိသည့် မှန်ကင်းရုပ်စုံကျောင်းနှင့် လယ်ကိုင်းရုပ်စုံကျောင်းတို့သည် အလွန်ထင်ရှားကြသည်။ မှန်ကင်းရုပ်စုံကျောင်းသည် စကုမြို့ အမှတ်(၁)ရပ်ကွက်တွင်တည်ရှိ၍ လယ်ကိုင်းရုပ်စုံကျောင်းသည် ပွင့်ဖြူမြို့နယ် လယ်ကိုင်းကျေးရွာအုပ်စုတွင်တည်ရှိသည်။

**စကုမြို့၏ သမိုင်းနောက်ခံ**

စကုသည် မင်းဘူးမြို့နှင့် တွဲလျက် မင်းဘူး(စကု) ဟု ထင်ရှားသည်။ ၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိ ရွေးကောက်ပွဲများတွင် မင်းဘူး(စကု)မြို့နယ် မဲဆန္ဒနယ်ဟု သုံးခဲ့သည်။

မင်းဘူးမြို့ကို အနောက်ရိုးမတွင် မြစ်ဖျားခံကာ စီးဆင်းလာသည့် မန်းချောင်းနှင့် ဧရာဝတီမြစ်တို့ ပူးပေါင်းသည့်နေရာတွင် တည်ထားသဖြင့် မန်းပူး၊ မင်းပူးမှ မင်းဘူးသို့ ပြောင်းလဲခဲ့သည်ဟုဆိုကြသည်။ အချို့ကလည်း မမင်းပူးဘုရားကိုအစွဲပြု၍ မင်းဘူးဟု အမည်တွင်ခဲ့သည်ဟုဆိုသည်။

ဆရာတော်မင်းဘူးဦးဩဘာသ၏ တေမိယဇာတ်တော်နိဂုံးအရ မင်းဘူးမြို့နေရာတွင် မိုးညှင်းမင်းတရားနှင့် ရှင်ဘို့မယ်တို့ပေါင်းဆုံခဲ့ကာ မင်းပူးဟုအမည်တွင်ခဲ့ပြီး "မိုးညှင်းဘို့မယ်၊ မင်းနှစ်သွယ်၊ ဖူးလှယ်ဂဟော၊ ဆုံကွန်းဗွေ"ဟု မှတ်သားအပ်ကြောင်း စာရေးဆရာလက်ဝဲမင်းညို(ဦးချမ်းသာ)က ရေးသားခဲ့သည်။

မင်းဘူးမြို့သည် ရန်ကုန်မြို့မှ ရေကြောင်းအတိုင်း ၃၇၆ မိုင်ကွာဝေးလျက် မကွေးမြို့နှင့်မင်းဘူးမြို့ကို ဧရာဝတီမြစ်က ပိုင်းခြားထားပြီး မင်းဘူးမြို့မှ စက္ကိန်းတဲစေတီနှင့် မကွေးမြို့မှ မြသလွန်စေတီတို့သည် မြစ်တစ်ဖက်ကမ်းစီ၌ မျက်နှာချင်းဆိုင်တည်ရှိနေကြသည်။

ရာဇဝင်အဆိုအရ ဂေါတမဘုရားရှင်လက်ထက်က ဝါဏိစ္စဂါမဟု အမည်တွင်ခဲ့သည့် ယခုပွင့်ဖြူမြို့နယ် သစ်တော်ရွာမှ ကုန်သည်ညီနောင်နှစ်ဦးအနက် အစ်ကိုဖြစ်သူ မဟာပုဏ္ဏသည် ရဟန်းပြု၍ မာတုလာဂီရအရပ်၌ တရားအားထုတ်ခဲ့သည်။ ထိုနေရာတွင် ကျေးငှက်သာရကာများ ပျော်မြူးကြသဖြင့် ပါဠိဘာသာဖြင့် သကုနဟုခေါ်ဆိုခဲ့ရာမှ ကာလရွေ့လျောလာချိန်တွင် သကု၊ စကုဟု အမည်တွင်ခဲ့သည်ဟုယူဆကြသည်။ ၎င်းနေရာသည် စကုမြို့ လက်ရှိ ထေရ်ကြီးဘုရားနေရာဖြစ်သည်။

မြန်မာ့စွယ်စုံကျမ်းတွင် ဖော်ပြထားချက်များအရ မြန်မာမင်းများလက်ထက်တွင်စကုကို စကုမြို့ဝန်က အုပ်ချုပ်ခဲ့ကာ မြို့ဝန်၊ မြို့သူကြီးများသည် စကုဒေသတွင် မြန်မာမှုလက်ရာ သစ်သားဘုန်းတော်ကြီးကျောင်းများကို တည်ဆောက်ခဲ့ကြသည်။ စကုဒေသ၏ အဓိကလုပ်ငန်းသည် လယ်ယာစိုက်ပျိုးရေးဖြစ်ကာ မန်းချောင်းမှရေကိုဆည်များဖြင့်သွင်းကာ စိုက်ပျိုးကြသည်။

မြန်မာနိုင်ငံကို အင်္ဂလိပ်တို့သိမ်းပိုက်ခဲ့ပြီး ၁၈၈၆ ခုနှစ်တွင် စကု၌ခရိုင်ရုံးစိုက်ခဲ့သည်။ တော်လှန်ရေးကောင်စီအစိုးရလက်ထက်(၁၉၆၂ ခုနှစ်)တွင် ခရိုင်ရုံးများကို စကုမှမင်းဘူးသို့ ပြောင်းရွှေ့၍ စကု၌ မြို့နယ်ရုံးများစိုက်ခဲ့သည်။ ၁၉၇၂ ခုနှစ် ဩဂုတ် ၇ ရက်တွင် အုပ်ချုပ်ပုံစနစ် ပြောင်းလဲသတ်မှတ်ချက်အရ ခရိုင်အဆင့်မရှိတော့သဖြင့် စကုမှမြို့နယ်ရုံးများကို မင်းဘူးသို့ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။ ၁၉၇၃ ခုနှစ်၊ မတ် ၃၁ ရက်တွင် မင်းဘူး(စကု) မြို့နယ်ကို မြို့နှစ်ခု (မင်းဘူးနှင့်စကု)၊ ရပ်ကွက် ၇ ခု၊ ကျေးရွာအုပ်စု ၈၇ အုပ်စု၊ ကျေးရွာ ၁၅၀ ဖြင့်ဖွဲ့စည်းခဲ့သည်။

ဧရိယာ ၆၄၂ ဒသမ ၇၁ စတုရန်းမိုင်ကျယ်ဝန်းသည်။ မင်းဘူး(စကု)မြို့နယ်သည် အရှေ့မှအနောက်သို့ ၄၆ မိုင်နှင့် တောင်မှမြောက်သို့ ၄၂ မိုင်ရှည်လျားကာ အရှေ့ဘက်တွင် ဧရာဝတီမြစ်ခြားလျက် မကွေးမြို့နယ်၊ အနောက်ဘက်တွင် ငဖဲမြို့နယ်၊ တောင်ဘက်တွင် မင်းလှမြို့နယ်၊ မြောက်ဘက်တွင် ပွင့်ဖြူမြို့နယ်တို့နှင့် နယ်နိမိတ်ထိစပ်နေသည်။



မူလ မှန်ကင်းရုပ်စုံကျောင်းကို တွေ့ရစဉ်။

မင်းဘူး(စကု)မြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ၁၆၄ ပေမြင့်၍ ပူပြင်းခြောက်သွေ့သော မိုးနည်းရပ်ဝန်းဒေသဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလတွင် မင်းဘူး(စကု)မြို့နယ်၏ လူဦးရေသည် ၁၈၅၀၂၂ ဦး ဖြစ်သည်။

ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏စာရင်းများအရ လက်ရှိအချိန်တွင် မင်းဘူး (စကု)မြို့နယ်၌ ဘုရား ၅၆ ဆူ၊စေတီ ၁၅၄ ဆူ၊ ဘုန်းကြီးကျောင်း ၃၀၄ ကျောင်းရှိသည့်အနက် စကုမြို့ဝန်းကျင်၌ ဘုရားစေတီ ၁၄၄ ဆူတည်ရှိသည်။ မန်းရွှေစက်တော်၊ရှင်ပင်စက္ကိန်းတဲ၊ မင်းဘူးမြို့ပေါ်ရှိ ဓာတ်တော်ကုန်းစေတီနှင့်စကုမြို့ရှိ ထေရ်ကြီးဘုရားတို့သည် မင်းဘူး(စကု)မြို့နယ်ရှိ ထင်ရှားသည့် ရှေးဟောင်းသာသနိက အဆောက်အအုံများဖြစ်ကြသည်။

မင်းဘူးမြို့ အမှတ်(၁) ရပ်ကွက်ရှိ ဦးဩဘာသ ပိဋကတ်တိုက်နှင့် စကုမြို့ အမှတ်(၁)ရပ်ကွက်ရှိ မှန်ကင်းရုပ်စုံကျောင်းနှင့် ပိဋကတ်တိုက်ကို သမိုင်းဝင်ထင်ရှားသော အဆောက်အအုံများအဖြစ် မင်းဘူးမြို့နယ် ဒေသဆိုင်ရာအချက်အလက်များ မှတ်တမ်းတွင် ဖော်ပြထားသည်။

သုတေသီတချို့၏ လေ့လာသုသေသနပြုချက်များအရ စကုဒေသတွင် ပျူယဉ်ကျေးမှုအထောက်အထားများကိုတွေ့ရှိခဲ့သဖြင့် စကုသည် ပျူခေတ်ကပင် တည်ရှိခဲ့ကြောင်း ယူဆမှုများရှိခဲ့သည်။ လက်ရှိအချိန်တွင် စကုဒေသ၌ လက်စင်းရာပါသည့် အုတ်များဖြင့် ဆောက်လုပ်ခဲ့သည့် အဆောက်အအုံပန္နက်ဟောင်းများနှင့် ရှေးဟောင်းအဆောက်အအုံများကိုတွေ့ရှိရပြီး မြန်မာမှုဗိသုကာလက်ရာသစ်သားဘုန်းကြီးကျောင်းများလည်းကျန်ရှိနေဆဲဖြစ်သည်။

**မြန်မာမှုဘုန်းကြီးကျောင်းများ**

မြန်မာဘုရင်များလက်ထက်နှင့် ကိုလိုနီခေတ်တွင် ဘုရင်နှင့်တော်ဝင်မိသားစုများ၊ သူဌေးသူကြွယ်များသည် မြန်မာနိုင်ငံနေရာဒေသအသီးသီး၌ သစ်သားဘုန်းကြီးကျောင်းများ တည်ဆောက်၍ ထင်ရှားသော ဆရာတော်သံဃာတော်များကို လှူဒါန်းခဲ့ကြသည်။ ထိုကျောင်းနှင့် သာသနိကအဆောက်အအုံများသည် မန္တလေး၊ အင်းဝ၊ စစ်ကိုင်း၊ စလေ၊ စလင်း၊ မြိုင် အစရှိသည့်မြို့နယ်များတွင် အများဆုံးကျန်ရှိနေသည်။

ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီးစာအုပ်တွင် ဖော်ပြထားချက်များအရ အလောင်းမင်းတရားဦးအောင်ဇေယျ၊ နောင်တော်ကြီး၊ မြေဒူးမင်း၊ ဗဒုံမင်း၊ စစ်ကိုင်းမင်း၊ သာယာဝတီမင်း၊ ပုဂံမင်း၊ မင်းတုန်းမင်းနှင့်သီပေါမင်းတို့သည် ဘုန်းတော်ကြီးကျောင်းများကို တည်ဆောက်လှူဒါန်းခဲ့ကြရာ မြန်မာမှုလက်ရာ ရှေးဟောင်းဘုန်းတော်ကြီးကျောင်း အများစုကို မြန်မာ့ဗိသုကာဟန်ဖြင့်သာ တည်ဆောက်ခဲ့ကြသည်။ သို့သော် မန္တလေးမြို့ရှိ သာကဝန်ကျောင်းနှင့် ယောအတွင်းဝန်ကျောင်းကဲ့သို့ အနောက်တိုင်းနှင့် မြန်မာဟန် ရောနှောတည်ဆောက်ထားသည့် ကျောင်းတချို့လည်းရှိခဲ့ပေသည်။

**စကုဘုန်းကြီးကျောင်းများ**

စကုမြို့တွင်ရှိသည့် ထင်ရှားသောသစ်သားကျောင်းများအနက် ပထမတိုက်သုံးထပ်ကျောင်းနှင့် မှန်ကင်းရုပ်စုံကျောင်းတို့သည် အထူးထင်ရှားကြသည်။ ထို့အတူ ပွင့်ဖြူမြို့နယ်အတွင်းရှိ လယ်ကိုင်းရုပ်စုံကျောင်းသည် စကုမြို့အနီးတွင်တည်ရှိကာ စကုမြို့မှ အလွယ်တကူသွားရောက်နိုင်သည်။

စကုမြို့ရှိ မူလပထမတိုက် သုံးထပ်ကျောင်းကို ၁၉၂၀ ပြည့်နှစ်နှောင်းပိုင်းတွင် သူကောင်းမျိုးနွယ် ဦးသိုက်နှင့် သားဖြစ်သူတို့က တည်ဆောက်ခဲ့ပြီး ၁၉၇၀ ပြည့်နှစ်တွင် ပြန်လည်မွမ်းမံပြင်ဆင်ကာ တစ်ခန်းလျှော့၍ ပြန်လည်ဆောက်လုပ်ခဲ့သည်။ စကုမြို့ ပထမတိုက်သုံးထပ်ကျောင်းမှတ်တမ်းကို ဥယျာဉ်ဇင်ကျောင်းပုရပိုက်တွင် ၁၂၆၆ ခုနှစ် နယုန်လပြည့်ကျော် ၆ ရက်၊ ကြာသပတေးနေ့၊ နံနက်ငါးနာရီ ခုနစ်မိနစ်တွင် ပန္နက်ရိုက်၍ ညနေ ၄ နာရီ မိနစ် ၃၀ တွင် စကုမြို့၊ အရှေ့ရပ်ကျောင်းဒကာ ဝန်မင်းကြီးသားမြို့အုပ်မင်း၊ မြို့အုပ်ကတော်မရိုး၊ သမီးမဝက်တို့ ကုသိုလ်တော်ပထမတိုက် သုံးထပ်ကျောင်းတော်ကြီးကို စိုက်ထူတော်မူသည်ဟု ရေးသားခဲ့သည်။

လက်ရှိမြင်တွေ့ကြရသည့် ပထမတိုက်သုံးထပ်ကျောင်းကို ကျွန်းတိုင်၁၁၅ လုံးဖြင့် ပြုပြင်တည်ဆောက်ထားကာ အလျား ၁၁၁ ဒသမ ၅ ပေ၊ အနံ ၅၂ ဒသမ ၄၉ ပေ ရှိ၍ ပြာသာဒ်ဆောင်၊စနုဆောင်နှင့် ဆောင်မကြီးတို့ပါဝင်သည်။ ပြာသာဒ်ဆောင်ပေါ်တွင် ဘုံခုနစ်ဆင့် ပြာသာဒ်နှင့် စနုဆောင်ပေါ်တွင် ဘုံနှစ်ဆင့်ပြာသာဒ်တင်ထားပြီး ကျောင်းပေါ်သို့ တောင်ဘက်လှေကားမှ တက်ရောက်ကြရသည်။ ကျောင်းအောက်ထပ်နံရံလေးဖက်ကို အုတ်ဖြင့်တည်ဆောက်ထားပြီး အပေါ်ထပ်ကိုသစ်သားများဖြင့်ဆောက်လုပ်ကာ အပေါ်ထပ်လေးဖက်ပတ်လည်တွင် ဝရန်တာထုတ်ထားသဖြင့် ကျောင်းပတ်လည်ကို လှည့်ပတ်ကြည့်ရှုနိုင်သည်။ ဝရန်တာပတ်လည်လက်ရန်းများကို ပန်းကနုတ်များဖြင့် မွမ်းမံထားကာ အရှေ့ဘက်၊ အနောက်ဘက်နှင့် တောင်ဘက်မျက်နှာစာရှိ တိုင်ထောင့်များတွင် ဝိဓူရဇာတ်တော်လာဇာတ်ကွက်ရုပ်တုများကို လက်ရာမြောက်စွာထုလုပ်ထားသည်။ မြောက်ဘက်ဝရန်တာ လက်ရန်းတွင် ထိုအချိန်က လူနေမှုဘဝသရုပ်ဖော်ပုံများဖြစ်သည့် အိုးစည်တီးနေပုံ၊ တံမြက်လှည်းကျင်းနေပုံ စသည်တို့ကို မြင်တွေ့ကြရပေသည်။

**မှန်ကင်းရုပ်စုံကျောင်း**


စကုမြို့ အမှတ်(၁)ရပ်ကွက်ရှိ မှန်ကင်းရုပ်စုံကျောင်းကို စကုရုပ်စုံကျောင်းဟုလည်းခေါ်ဆိုကြသည်။ မှန်ကင်းရုပ်စုံကျောင်းသည် မင်းဘူး ပွင့်ဖြူမော်တော်ကားလမ်းဘေးတွင်ရှိသဖြင့် ကားလမ်းပေါ်မှ အလွယ်တကူမြင်နိုင်ပြီး စကုမြို့တွင်ရှိသောကြောင့် စကုကျောင်းဟုလည်း အလွယ်ခေါ်ဆိုခဲ့ကြသည်။

စကုမြို့ရှိ မှန်ကင်းရုပ်စုံကျောင်းကို ၁၈၆၆ ခုနှစ်တွင် ဒေါ်ငြိမ်းကောင်းက ကျွန်းတိုင် ၁၃၆ လုံးကို အင်္ဂတေအုတ်ဖိနပ်များခံ၍ စိုက်ထူတည်ဆောက်ခဲ့ရာ ကျောင်းပင်မအဆောက်အအုံတစ်ခုလုံးသည် အလျား ၁၃၁ ပေ၊ အနံ ၆၅ ပေခွဲရှိသည်။ ရုပ်စုံကျောင်းကို ပြာသာဒ်ဆောင်၊ စနုဆောင်နှင့် ဆောင်မကြီးတို့ဖြင့် ဖွဲ့စည်းထားသည်။ စနုဆောင်တစ်ဖက်တစ်ချက်တွင် ပစ္စည်းများသိုလှောင်သိမ်းဆည်းရန် ရည်ရွယ်ဟန်ရှိသည့် ဝဲဆောင်နှင့် ယာဆောင်ဟုခေါ်သည့် အဆောင်ပိုတစ်ခုစီကိုထည့်သွင်းထားကာ ဘောဂဆောင်ကို ထည့်သွင်းတည်ဆောက်ခဲ့ခြင်းမရှိချေ။ ပုံမှန်အားဖြင့် မြန်မာမှုလက်ရာသစ်သားဘုန်းကြီးကျောင်းများတွင် ဆွမ်းကွမ်းကိစ္စပစ္စည်းများထားသိုရန် အဆောက်အအုံ၏နောက်ဆုံးပိုင်းတွင် ဘောဂဆောင်ကို ထည့်သွင်းတည်ဆောက်လေ့ရှိသည်။

မှန်ကင်းရုပ်စုံကျောင်းပေါ်သို့တက်ရန် သရက်ကင်းအုတ်လှေကားသုံးစင်းရှိရာ မြောက်ဘက်တွင် နှစ်စင်းနှင့် တောင်ဘက်တွင် တစ်စင်းရှိသည်။ အဆောက်အအုံ၏မြောက်ဘက်အစွန်ရှိ ပြာသာဒ်ဆောင် သရက်ကင်းလှေကားတွင် နရားရုပ်နှစ်ခုကို ပြုလုပ်ထားသည်။ သက္ကရာဇ် ၁၃၅၂ ခုနှစ်တွင် သရက်ကင်းလှေကားများကိုမွမ်းမံ၍ အစိမ်းရောင်

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)ကို အမြန်ဆုံးပြန်လည် လည်ပတ်နိုင်ရေး စီမံဆောင်ရွက်နေ



**ရန်ကုန် ဩဂုတ် ၂၇**

အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်) အမြန်ဆုံးပြန်လည် လည်ပတ်နိုင်ရေး စီမံဆောင်ရွက်နေကြောင်း စွမ်းအင်ဝန်ကြီးဌာန၏သတင်းများအရ သိရသည်။

စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ အမှတ်(၁)ရေနံချက်စက်ရုံ (သန်လျင်)သည် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်တွင် တည်ရှိပြီး ယခုအခါ နိုင်ငံတော်၏ စက်သုံးဆီလိုအပ်ချက်ကို ပြည့်မီအောင်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် ထူထောင်ထားပြီးဖြစ်သည့် စက်ကိရိယာများ၊ အခြေခံအဆောက်အအုံများကို ပြန်လည်အသုံးချပြီး စက်ရုံကို အပိုင်းလိုက် တစ်ဆင့်ပြီးတစ်ဆင့် ပြန်လည် လည်ပတ်နိုင်ရေး စီစဉ် ဆောင်ရွက်နေကြောင်း သိရသည်။

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်)ကို ပြန်လည် လည်ပတ်ပြီး နိုင်ငံတော်အတွက် လိုအပ်သည့် စက်သုံးဆီများထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မကြာမီကာလတွင် စက်ရုံ ပြန်လည် လည်ပတ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစက်ရုံ ပြန်လည် လည်ပတ်ချိန်တွင် လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အဆိုပါအမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်) ပြန်လည် လည်ပတ်နိုင်ရေးအတွက် Site Survey ဆောင်ရွက်ခြင်း၊ စက်ရုံဒီဇိုင်းရေးဆွဲခြင်း၊ စက်ရုံအတွက်လိုအပ်သည့် စက်ပစ္စည်းကိရိယာများ တပ်ဆင်ခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ် စံနှုန်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါစက်ရုံမှ ထုတ်လုပ်ရရှိလာမည့်စက်သုံးဆီ အရည်အသွေးကို အနိမ့်ဆုံး EURO 4 Standard ရရှိအောင်ရည်မှန်းဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ရေနံချက်စက်ရုံလည်ပတ်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဘဝ ထိခိုက်မှုများကို အနည်းဆုံးဖြစ်အောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိစက်ရုံဝန်ထမ်းများကိုလည်း ကုန်ထုတ်လုပ်မှုအပိုင်းသာမက ကိန်းဂဏန်းအချက်အလက်နှင့် စီမံခန့်ခွဲမှုအပိုင်းများကိုပါ ကျွမ်းကျင်နားလည်တတ်မြောက်စေရေး လိုအပ်သည့် သင်တန်းများ၊ ဆွေးနွေးပွဲများ ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ပြီး နည်းပညာဖွံ့ဖြိုးတိုးတက်စေရန်သုတေသနနှင့် ဖွံ့ဖြိုးရေးအစီအမံများကိုလည်း စနစ်တကျဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (၃၃၆)

➤ စာမျက်နှာ ၄ မှအဆက်

ဆေးသုတ်ခဲ့ကာ အုတ်တိုင်ပေါ်တွင် ၁၃၅၂ ဟု ရေးမှတ်ထားခဲ့သည်။

ဆောင်မကြီးတွင်တပ်ထားသည့် တံခါးရွက်များပေါ်တွင် ကိန္နရာရုပ်များထွင်းထုထားသည်။ ကျောင်းတိုင်များကို သဲကျောက်တိုင်ဖုံးများဖြင့်အုပ်ထားပြီး ကျောင်း၏လက်ရန်းပတ်လည်တွင် ဗုဒ္ဓဝင်ဇာတ်ကွက်သစ်သားရုပ်များသာမက ကုန်းဘောင်ခေတ်လူနေမှု ဘဝသရုပ်ဖော်များကို ထုလုပ်တပ်ဆင်ခဲ့သည်။

မှန်ကင်းရုပ်စုံကျောင်း အနောက်မြောက်ဘက်တွင် စူဠပဒုမဇာတ်တော်မှ ဇာတ်ကွက်များကိုထုလုပ်ထားပြီး အရှေ့တောင်ထောင့်တွင် ဥဒေနဇာတ်တော်မှ ဇာတ်ကွက်နှင့် မြောက်ဘက်တွင် မမယ်ဥဇာတ်ကွက်များကိုထုလုပ်ထားသည်။ ထို့အတူ နဂါးရုပ်၊ ဘီလူးရုပ်၊ ဝန်ကြီးရုပ်၊ စစ်သူကြီးရုပ်၊ ရသေ့ရုပ် စသည့်ရုပ်တုများကို ထည့်သွင်းထုလုပ်ခဲ့သည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင်ရှိနေသည့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များအနက် မင်းဘူး(စကု)မြို့နယ်ရှိ မြန်မာမှုလက်ရာ သစ်သားဘုန်းတော်ကြီးကျောင်းများသည် ထိန်းသိမ်းမှုအားနည်းမှုများကြောင့် ပျက်စီးယိုယွင်းမှုများရှိလာခဲ့သည်။ သို့သော် မြန်မာမှုဗိသုကာပညာကိုအခြေတည်လျက် ရုပ်လုံးရုပ်ကြွများဖြင့် အလှဆင်ထားသည့် မှန်ကင်းရုပ်စုံကျောင်းအပါအဝင် သစ်သားအဆောက်အအုံများကို ရေရှည်ထိန်းသိမ်းထားနိုင်ခဲ့သဖြင့် မြန်မာတို့၏အနုလက်ရာများကို ဂုဏ်ယူဝင့်ကြွားစွာဖော်ညွှန်းနိုင်ခဲ့ပေသည်။

**ကိုးကား**

- **မင်းဘူး(စကု)မြို့နယ် ဒေသဆိုင်ရာ အချက်အလက်များ**
- **မြန်မာမှုအဆင်တန်ဆာနှင့် ဘုန်းတော်ကြီးကျောင်းများ (မောင်ယဉ်လှိုင်၊ ပျဉ်းမမြိုင်)**
- **Splendour in Wood (Sylvia Fraser Lu)**

# ဘာသာ သာသနာ ရောင်ဝါ နေသို့ထွန်းစေသော်

- တိုင်းပြည်အတွက် လိုအပ်ချက်
စစ်ထွက်ယောက်ျား ဇာနည်ဘွား
သံစားသလိုမာ သတ္တိမှာ
ဘယ်ဟာရန်ပြု တို့မမှု
အန်တုတန်ပြန် ချေမှုန်းရန်
တန်ပြီလေ့တန်ပြီလေ့။

- ဗုဒ္ဓဘာသာ ရောင်ရှိန်ဝါ
ထွန်းကာလင်းလျက် အရှိန်မပျက်
ဆက်ကာဆက်ကာ သာသနာ
ရောင်ဝါမပျက် ထွန်းလင်းလျက်
ဆက်လက်နေရန် တို့တာဝန်
ကျေပွန်မယ်လေ့ကျေမယ်လေ့။

- ခချိန်ခါမှာ လူယုတ်မာ
ဘာသာမရှိ လူ့နတ္ထိ
ဖျက်ဘိကျောင်းကန် သာသနာ့ရန်
အလွန်ရုပ်ဆိုး တိတ္ထိမျိုး
တန်ဖိုးမဲ့လှ လူ့အန္ဓ
တို့ကတိုက်ထုတ် သာသနာ့ရုပ်
အဟုတ်မည်ညှိုး သူ့တန်ဖိုး
တိုးမယ်လေ့တိုးမယ်လေ့။ ။

ဘိုမျိုး(ရွှေဘို)

# မိုင်းဖြတ်မြို့နယ် ပါလောင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းရန် ကွင်းဆင်းစစ်ဆေး

**မိုင်းဖြတ် ဩဂုတ် ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် မွန်ကာကျောင်းကျေးရွာအုပ်စု ပါလောင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းရန် ကွင်းဆင်းတိုင်းတာခြင်းကို ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ပါလောင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကွန်ကရစ်ခင်းရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မိုင်းဖြတ်မြို့နယ် ပါလောင်းကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၅၉ သိန်း စုစုပေါင်း ၁၆ ဒသမ ၅၉ သိန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် လမ်းအရှည် ၃၂၅ ပေ၊ အကျယ် ၁၄ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းဆောင်ရွက်ပြီးစီးပါက ပါလောင်းကျေးရွာရှိ အိမ်ခြေ ၇၅ အိမ်နှင့် လူ ၃၈၅ ဦးတို့ လမ်းပန်းဆက်သွယ်ရေး ပိုမိုအဆင်ပြေ ချောမွေ့လာမည်ဖြစ်ကြောင်း သိရသည်။ **ဇင်မာ**

# နိုင်ငံတကာ သတင်းများ

## ရုရှားသမ္မတပူတင်နှင့် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီတို့ ဖုန်းခေါ်ဆိုဆွေးနွေး

မော်စကို ဩဂုတ် ၂၇

ရုရှားသမ္မတပူတင်နှင့် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီတို့သည် ယနေ့တွင် ဖုန်းခေါ်ဆိုဆွေးနွေးခဲ့ကြောင်း ကရင်မလင်နန်းတော်က သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် ယနေ့ဖုန်းခေါ်ဆိုဆွေးနွေးပွဲအတွင်း ရုရှားသမ္မတပူတင်နှင့် အိန္ဒိယဝန်ကြီးချုပ်တို့ ဆွေးနွေးခဲ့သော အကြောင်းအရာများကို ကရင်မလင်နန်းတော် သတင်းထုတ်ပြန်ချက်၌ အသေးစိတ် ဖော်ပြထားခြင်းမရှိကြောင်း သိရသည်။

အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ယူကရိန်းနိုင်ငံသို့ သွားရောက်ခဲ့ပြီးနောက် ရုရှားသမ္မတ ပူတင်နှင့် ဖုန်းခေါ်ဆို ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

ယူကရိန်း ခရီးစဉ်အတွင်း အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီသည် ယူကရိန်းစစ်ရေးပဋိပက္ခ အဆုံးသတ်နိုင်ရေးကို အဓိကထားဆွေးနွေးခဲ့ကြသည်။

ထို့ပြင် အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် ဩဂုတ် ၂၆ ရက်ကလည်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒန်နှင့် ဖုန်းခေါ်ဆို၍ ယူကရိန်းပြဿနာကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် ပြီးခဲ့သည့်လကလည်း ရုရှားနိုင်ငံသို့သွားရောက်၍ ရုရှားသမ္မတ ပူတင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ပါကစ္စတန်၌ ခွဲထွက်ရေးဝါဒီများ၏ တိုက်ခိုက်မှု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြင်းထန်စွာရှုတ်ချ

ပေကျင်း ဩဂုတ် ၂၇

ပါကစ္စတန်နိုင်ငံ ဘလူချီစတန်ပြည်နယ်၌ ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုများကို တရုတ်နိုင်ငံက ယနေ့တွင် ပြင်းထန်စွာကန့်ကွက်ရှုတ်ချခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံအနေဖြင့် ဘလူချီစတန်ပြည်နယ်၌ ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများကို ပြင်းထန်စွာ ရှုတ်ချကြောင်း၊ ပါကစ္စတန်နိုင်ငံ ၏ အကြမ်းဖက်ဝါဒတိုက်ဖျက်ရေး ကြိုးပမ်းမှုများကို ဆက်လက်ထောက်ခံမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန် ထားသည်။

ဘလူချီစတန် ပြည်နယ်၌ ခွဲထွက်ရေးဝါဒီ စစ်သွေးကြွများသည် ဩဂုတ် ၂၆ ရက်က ပြည်နယ်အတွင်းရှိ ရဲစခန်းများနှင့် ရထားလမ်းများကို တိုက်ခိုက်ခဲ့ရာ အနည်းဆုံး လူ ၇၃ ဦး သေဆုံးခဲ့ရသည်။

ဘလူချီစတန်ခွဲထွက်ရေးဝါဒီများ၏ တိုက်ခိုက်မှုကို ပါကစ္စတန် လုံခြုံရေး တပ်ဖွဲ့များကလည်း လက်တုံ့ပြန် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

ပါကစ္စတန် အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ်သည် ပင်လယ်ရေနက်စီမံကိန်း၊ ရွှေနှင့် သတ္တု တူးဖော်ရေးစီမံကိန်းများကဲ့သို့ တရုတ်နိုင်ငံဦးဆောင်သည့် စီမံကိန်းများ တည်ရှိရာနယ်မြေဖြစ်သည်။

ဩဂုတ် ၂၆ ရက် တိုက်ခိုက်မှုများအတွင်း ပါကစ္စတန်တပ်ဖွဲ့ဝင် ၁၄ ဦး၊ ခွဲထွက်ရေးဝါဒီစစ်သွေးကြွ ၂၁ ဦးနှင့် အရပ်သား ၃၈ ဦး သေဆုံးခဲ့ရကြောင်း ပါကစ္စတန်ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



## ဗီယက်နမ်အမျိုးသားလွှတ်တော်က လာမည့်အောက်တိုဘာလတွင် သမ္မတသစ် ရွေးကောက်တင်မြှောက်မည်ဖြစ်ကြောင်း ကြေညာ



ဟနွိုင်း ဩဂုတ် ၂၇

ဗီယက်နမ် သမ္မတသစ်ကို ယခုနှစ် အောက်တိုဘာလအတွင်း ရွေးချယ်တင်မြှောက်ရန် ဗီယက်နမ်အမျိုးသားလွှတ်တော်က စီစဉ်ထားကြောင်း ဩဂုတ် ၂၆ ရက် သတင်းများတွင် ဖော်ပြထားသည်။

ဗီယက်နမ် အမျိုးသားလွှတ်တော်အနေဖြင့် ယခုနှစ် အောက်တိုဘာလအတွင်း ကျင်းပမည့် လွှတ်တော်ပုံမှန်အစည်းအဝေးတွင် သမ္မတသစ်တစ်ဦးကို ရွေးကောက် တင်မြှောက်မည်ဖြစ်ကြောင်း ဗီယက်နမ်အမျိုးသားလွှတ်တော် အထွေထွေအတွင်းရေးမှူး ဘူဗင်ချောင်းက ဩဂုတ် ၂၆ ရက်တွင် အတည်ပြုကြေညာထားသည်။

ဗီယက်နမ် အမျိုးသားလွှတ်တော်က လာမည့်အောက်တိုဘာလတွင် ရွေးချယ်တင်မြှောက်မည့် သမ္မတသစ်သည် ဗီယက်နမ်နိုင်ငံအတွက် နှစ်နှစ်မပြည့်မီကာလအတွင်း တတိယမြောက်သမ္မတဖြစ်လာမည်ဖြစ်သည်။

လက်ရှိအချိန်တွင် ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး တိုလမ်းက သမ္မတရာထူးကို တွဲဖက်ရယူထားသည်။

ဗီယက်နမ်နိုင်ငံသည် နိုင်ငံရေးတည်ငြိမ်မှုရှိသည့် နိုင်ငံအဖြစ် ယခင်က ကျော်ကြားခဲ့သော်လည်း ပြီးခဲ့သည့် နှစ်နှစ်နီးပါးကာလအတွင်း ထိပ်တန်းခေါင်းဆောင်နေရာအပြောင်းအလဲများ ဆက်တိုက်ဖြစ်ပွားခဲ့သည်။

ဩဂုတ် ၂၆ ရက် အထူးအစည်းအဝေးတွင် ဗီယက်နမ်အမျိုးသားလွှတ်တော်သည် ဒုတိယဝန်ကြီးချုပ်နှစ်ဦးကို ထုတ်ပယ်၍ သုံးဦးကို အသစ်ခန့်အပ်ခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

## ၂၀၂၅ ခုနှစ်တွင် ဩစတြေးလျကျောင်းများ၌ နိုင်ငံတကာကျောင်းသားဦးရေ ၂၇၀၀၀၀ ထိသာ ပညာသင်ကြားခွင့်ရမည်

ဆစ်ဒနီ ဩဂုတ် ၂၇

၂၀၂၅ ခုနှစ်အတွင်း ဩစတြေးလျနိုင်ငံ၌ နိုင်ငံတကာကျောင်းသားဦးရေ ၂၇၀၀၀၀ ထိသာ ပညာသင်ကြားခွင့် ရမည်ဖြစ်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဩစတြေးလျနိုင်ငံ အတွင်းသို့ ရွှေ့ပြောင်း ဝင်ရောက်သူများ စံချိန်တင် မြင့်တက်နေမှုကို ထိန်းချုပ်ရန် ဩစတြေးလျအစိုးရက ကြိုးပမ်းနေစဉ် ဩစတြေးလျကျောင်းများ၌ ပညာသင်ကြားနိုင်မည့် နိုင်ငံတကာကျောင်းသားအရေအတွက်ကို ကန့်သတ်ရန် စီစဉ်ထားခြင်းဖြစ်သည်။



လက်ရှိအချိန်တွင် ဩစတြေးလျတက္ကသိုလ်များ၌ ပညာသင်ကြားနေသာ နိုင်ငံတကာကျောင်းသားအရေအတွက်မှာ ကိုဗစ်-၁၉ ရောဂါမတိုင်မီ ကာလကထက် ၁၀ ရာခိုင်နှုန်း ပို၍မြင့်မားလာကြောင်း ဩစတြေးလျအစိုးရ တာဝန်ရှိသူများကပြောကြားသည်။

ထို့ပြင် ဩစတြေးလျနိုင်ငံအတွင်းရှိ သက်မွေးပညာကျောင်းများ၊ အလုပ်အကိုင်လေ့ကျင့်ရေးကျောင်းများ၌ တက်ရောက်နေသည့် နိုင်ငံတကာကျောင်းသားအရေအတွက်မှာလည်း ကိုဗစ်-၁၉ ရောဂါမတိုင်မီကာလကထက် ၅၀ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာလအလွန်၌ ရွှေ့ပြောင်းဝင်ရောက်သူများ စံချိန်တင်မြင့်တက်လာမှုကြောင့် ဩစတြေးလျနိုင်ငံ၌ ပြည်တွင်း အိမ်ငှားရမ်းခများ မြင့်တက်မှုပြဿနာနှင့် ရင်ဆိုင်နေရသည်။

သို့ဖြစ်ရာ ၂၀၂၅ ခုနှစ်တွင် ဩစတြေးလျတက္ကသိုလ်များ၌ နိုင်ငံတကာ ကျောင်းသားဦးရေ ၁၄၅၀၀၀ ထိ ဝင်ခွင့်ပေးမည်ဖြစ်ပြီး လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများ၌ ကျောင်းသားဦးရေ ၉၅၀၀၀ ထိ ဝင်ခွင့်ပေးမည်ဖြစ်ကြောင်း ဩစတြေးလျတာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ဒုံးကျည်နှင့် မောင်းသူမဲ့လေယာဉ် ၂၀၀ ကျော်ဖြင့် ယူကရိန်းစွမ်းအင်ပစ်မှတ်များကို ရုရှားတိုက်ခိုက်

ကီယက်ဗ် ဩဂုတ် ၂၇

ရုရှားနိုင်ငံသည် ဩဂုတ် ၂၆ ရက်တွင် ယူကရိန်း၏ စွမ်းအင်ကဏ္ဍ အခြေခံအဆောက်အအုံများကို ဒုံးကျည်နှင့် မောင်းသူမဲ့လေယာဉ် အစင်း၂၀၀ ကျော်ဖြင့် တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံ၏ ဩဂုတ် ၂၆ ရက် လေကြောင်း တိုက်ခိုက်မှုများကြောင့် ကီယက်ဗ်မြို့ အချို့နယ်မြေများအပါအဝင် ယူကရိန်းနိုင်ငံတစ်ဝန်း၌ လျှပ်စစ်ဓာတ်အားနှင့်ရေတို့ပြတ်တောက်ခဲ့ရကြောင်း ယူကရိန်း တာဝန်ရှိသူများက ပြောကြားထားသည်။

ရုရှားနိုင်ငံသည် ဩဂုတ် ၂၆ ရက် လေကြောင်းတိုက်ခိုက်မှုတွင် ဒုံးကျည် ၁၇၂ စင်းနှင့် မောင်းသူမဲ့လေယာဉ် ၁၀၉ စင်းတို့ကို အသုံးပြုခဲ့ပြီး အများစုကို ယူကရိန်းလေကြောင်းရန် ကာကွယ်ရေးတပ်များက ကြားဖြတ်တားဆီးနိုင်ခဲ့သည်။

ရုရှားနိုင်ငံသည် ယခုနှစ် မတ်လမှစ၍ ယူကရိန်းနိုင်ငံ၏ စွမ်းအင်ကဏ္ဍ အခြေခံအဆောက်အအုံများကို တိုက်ခိုက်မှုများ ပိုမိုလုပ်ဆောင်လာခဲ့သည်။

ရုရှားနိုင်ငံသည် ဩဂုတ် ၂၆ ရက် လေကြောင်းတိုက်ခိုက်မှုများကို ဝေဟင်၊ မြေပြင်နှင့် ရေပြင်ဒေသများမှတစ်ဆင့် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ယူကရိန်းတာဝန်ရှိသူများက ပြောကြားသည်။

ဩဂုတ် ၂၆ ရက် လေကြောင်းတိုက်ခိုက်မှုသည် နှစ်နှစ်ကျော်ကြာမြင့်လာပြီဖြစ်သော ယူကရိန်းစစ်ပွဲကာလတစ်လျှောက် အပြင်းထန်ဆုံး လေကြောင်းတိုက်ခိုက်မှုဖြစ်ကြောင်း ယူကရိန်းနိုင်ငံ တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## ဘလူးအော်ရီဂျင်အာကာသကုမ္ပဏီက အငှမအကြိမ်မြောက် ပုဂ္ဂလိကအာကာသခရီးစဉ်ကို ယခုသီတင်းပတ်အတွင်း လွှတ်တင်ရန်စီစဉ်ထား



**ဝါရှင်တန် ဩဂုတ် ၂၇**

အမေရိကန်နိုင်ငံအခြေစိုက် ဘလူးအော်ရီဂျင် အာကာသကုမ္ပဏီသည် ၎င်း၏အငှမအကြိမ်မြောက် ပုဂ္ဂလိက အာကာသခရီးစဉ်ကို ယခုသီတင်းပတ်အတွင်း လွှတ်တင်ရန် စီစဉ်ထားကြောင်း ဩဂုတ် ၂၆ ရက်သတင်းများအရ သိရသည်။

ဘလူးအော်ရီဂျင် ကုမ္ပဏီသည် ပုဂ္ဂလိက အာကာသခရီးသည် လေးဦးလိုက်ပါမည့် New Shepard ဒုံးယာဉ်ကို ဩဂုတ် ၂၉ ရက်တွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

အဆိုပါမစ်ရှင်သည် ဘလူးအော်ရီဂျင်ကုမ္ပဏီအတွက် အငှမမြောက် ပုဂ္ဂလိက အာကာသခရီးစဉ်ဖြစ်ပြီး ယခုနှစ်အတွင်း ဘလူးအော်ရီဂျင်၏ ဒုတိယမြောက် အာကာသမစ်ရှင်လည်းဖြစ်သည်။

ဩဂုတ် ၂၉ ရက်မစ်ရှင်တွင် New Shepard ဒုံးပျံယာဉ်သည် ပုဂ္ဂလိက အာကာသခရီးသည် လေးဦးကို ကမ္ဘာမြေပြင်အထက် အမြင့် ၆၂ မိုင်တွင်ရှိသော ကာမင်မျဉ်း (Karman Line) ခေါ် အာကာသ ဟင်းလင်းပြင် အနားစပ်သို့ ပို့ဆောင်ပေးမည်ဖြစ်သည်။

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)သည် ကမ္ဘာမြေပြင်အထက် အမြင့်မိုင် ၅၀ နှင့်အထက် ပျံသန်းသူ မည်သူ့ကိုမဆို အာကာသယာဉ်မှူးအဖြစ် သတ်မှတ်ပေးထားသည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီသည် ၎င်း၏ပထမဆုံး ပုဂ္ဂလိက အာကာသခရီးစဉ်ကို ၂၀၂၁ ခုနှစ် ဇူလိုင် ၂၀ ရက်က လွှတ်တင်ခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## ဂျပန်အမျိုးသားအာကာသအေဂျင်စီက SLIM လဆင်းယာဉ်မစ်ရှင်ကို ဩဂုတ် ၂၆ ရက်တွင် တရားဝင်ရပ်ဆိုင်းလိုက်ပြီဖြစ်

**တိုကျို ဩဂုတ် ၂၇**

ဂျပန် အမျိုးသားအာကာသ အေဂျင်စီသည် SLIM လဆင်းယာဉ် မစ်ရှင်ကို ဩဂုတ် ၂၆ ရက်တွင် တရားဝင် ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်သီတင်းပတ်အတွင်း SLIM လဆင်းယာဉ်နှင့်အဆက်အသွယ်ဖြတ်တောက်ခဲ့ပြီးနောက် ၎င်းလဆင်းယာဉ်၏ မစ်ရှင်ကို ဂျပန် အာကာသအေဂျင်စီက ရပ်တန့်ခဲ့ခြင်းဖြစ်သည်။

SLIM လဆင်းယာဉ်နှင့် အဆက်အသွယ် ပြန်လည်မရနိုင်တော့မှုကြောင့် ၎င်းလဆင်းယာဉ် မစ်ရှင်ကို အဆုံးသတ်ခဲ့ခြင်းဖြစ်ကြောင်း ဂျပန်အာကာသ အေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

SLIM လဆင်းယာဉ်သည် ယခုနှစ် ဇန်နဝါရီလတွင် လမျက်နှာပြင်ပေါ်သို့ ဆင်းသက်နိုင်ခဲ့ရာ ဂျပန်နိုင်ငံသည် လပေါ်သို့ လဆင်းယာဉ်စေလွှတ်နိုင်ခဲ့သော ပဉ္စမမြောက် နိုင်ငံဖြစ်လာခဲ့သည်။



သို့ရာတွင် SLIM လဆင်းယာဉ်သည် လပေါ်သို့ဆင်းသက်ရာတွင် အနေအထားမမှန်ခဲ့မှုကြောင့် နေစွမ်းအင်ပြားများ နေရာမှားမျက်နှာမူထားရမှုကြောင့် စွမ်းအင်ပြဿနာနှင့် ရင်ဆိုင်ခဲ့ရသည်။

ဂျပန် အမျိုးသားအာကာသ အေဂျင်စီသည် လကမ္ဘာအတွင်း ကျောက်လွှာ၏သဘာဝကို လေ့လာရေးအတွက် SLIM လဆင်းယာဉ်ကို လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## နန်စီဂရေ့စ်ရိုမန်အာကာသရေဒီယိုတယ်လီစကုပ်၏ နေစွမ်းအင်နှင့် နေရောင်ကာပြားစနစ်များကို အပြီးသတ်စမ်းသပ်စစ်ဆေးမှုများပြုလုပ်

**ဝါရှင်တန် ဩဂုတ် ၂၇**

နန်စီဂရေ့စ်ရိုမန်အာကာသရေဒီယိုတယ်လီစကုပ်၏ နေစွမ်းအင်နှင့် နေရောင်ကာပြားစနစ်များကို အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) အင်ဂျင်နီယာများက အပြီးသတ် စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း ဩဂုတ် ၂၆ ရက် သတင်းများတွင် ရေးသား တင်ပြထားသည်။

နေစွမ်းအင်နှင့် နေရောင်ကာပြားစနစ်သည် နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်ကို စွမ်းအင်ဖြည့်ဆည်းပေးနိုင်ရန်နှင့် အရိပ်ပေးနိုင်ရန် ရည်ရွယ်ဖန်တီးထားသည်။

လာမည့် နွေဦးရာသီတွင် အထက်ပါနေစွမ်းအင်နှင့်နေရောင်ကာပြားစနစ်ကို နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်၌ တပ်ဆင်ပေးရန် နာဆာအဖွဲ့က စီစဉ်ထားသည်။

နာဆာအဖွဲ့သည် နန်စီဂရေ့စ်ရိုမန်အာကာသရေဒီယိုတယ်လီစကုပ်တည်ဆောက်တပ်ဆင်မှုကို မေရီလန်းပြည်နယ် ဂေါ့ဒက် အာကာသစခန်း၌ ပြုလုပ်နေခြင်းဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် နန်စီဂရေ့စ်ရိုမန်အာကာသ ရေဒီယိုတယ်လီစကုပ်ကို ၂၀၂၇ ခုနှစ် မေလတွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

လွှတ်တင်ပြီးချိန်တွင် နန်စီဂရေ့စ် ရိုမန်အာကာသ ရေဒီယိုတယ်လီစကုပ်သည် မဟူရာစွမ်းအင်နယ်မြေများ၊ နေအဖွဲ့အစည်းပြင်ပဂြိုဟ်များနှင့် အခြားအာကာသနယ်မြေများကို စူးစမ်းလေ့လာမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# HEALTH

## တုပ်ကွေးဗိုင်းရပ်မျိုးစုံကို ကာကွယ်နိုင်မည့် ကာကွယ်ဆေးသစ်တစ်မျိုး ပေါ်လာနိုင်

**နယူးယောက် ဩဂုတ် ၂၇**

တုပ်ကွေးဗိုင်းရပ်မျိုးစုံကို ကာကွယ်ပေးနိုင်ပြီး နှစ်စဉ်ထိုးနှံရန်လည်း လိုအပ်ဖွယ်မရှိသည့် တုပ်ကွေး ကာကွယ်ဆေးသစ်တစ်မျိုး ပေါ်ထွက်လာနိုင်ကြောင်း ဩဂုတ် ၂၆ ရက် သတင်းများအရ သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် တုပ်ကွေးဗိုင်းရပ်အမျိုးမျိုးကို ကာကွယ်နိုင်မည့် ကာကွယ်ဆေးသစ် တစ်မျိုးကို ဓာတ်ခွဲခန်း၌ ကြွက်များဖြင့် လက်တွေ့စမ်းသပ်မှုများ စတင်ပြုလုပ်နေကြောင်း သိရသည်။

လက်တွေ့စမ်းသပ်မှုများမှ ပေါ်ထွက်လာသည့်ရလဒ်များအရ အဆိုပါကာကွယ်ဆေးသည် တုပ်ကွေးဗိုင်းရပ်ဝင်ချိန်တွင် အားကောင်းသည့် ခုခံအားစနစ်တုံ့ပြန်မှုကို စေ့ဆော်ပေးနိုင်သည်ကို တွေ့ရကြောင်း၊ ၎င်းကာကွယ်ဆေးကို ဖန်တီးရာတွင် အမေရိကန် သုတေသန ပညာရှင်များသည် တုပ်ကွေးဗိုင်းရပ်ငါးမျိုးမှ ရယူထားသည့်ပရိုတင်းရှစ်မျိုးကိုအသုံးပြုထားကြောင်း သိရသည်။

သို့ရာတွင် လက်ရှိအချိန်၌ အဆိုပါကာကွယ်ဆေးကို လူသားများဖြင့် လက်တွေ့စမ်းသပ်နိုင်မည့်အဆင့်သို့ ရောက်ရှိရေးအတွက် လေ့လာစမ်းသပ်မှုများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ရန်လိုကြောင်း၊ လက်ရှိစမ်းသပ်နေသည့်တုပ်ကွေးကာကွယ်ဆေးသစ်သည် အာနိသင်တည်မြဲမှုလည်း ပို၍ ကြာမြင့်နိုင်ကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားခဲ့သည်ဟု သိရသည်။

Ref : Sputnik News
Trs : KKO

## Wegovy ကိုယ်အလေးချိန်လျှော့ချရေးဆေးများက နှလုံးဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေကို လျှော့ချနိုင်

**လန်ဒန် ဩဂုတ် ၂၇**

Wegovy ကိုယ်အလေးချိန် လျှော့ချရေးဆေးများသည် နှလုံးခုန် ရှတ်တရက်ရပ်တန့်မှုရှိခဲ့ဖူးသည့်လူနာများ၏ နှလုံး ရှတ်တရက်ဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေများကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း ဩဂုတ် ၂၆ ရက်သတင်းများအရ သိရသည်။

Wegovy ဆေးသည် သုံးစွဲသူများ၏ လေဖြတ်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း၊ ထို့ပြင် နှလုံးခုန်ရှတ်တရက် ရပ်တန့်မှုပြဿနာရှိသူ လူနာများသည်လည်း ရရှိခံစားနိုင်သည်ကို တွေ့ရကြောင်း ဗြိတိန်နိုင်ငံ လန်ဒန် ကောလိပ်တက္ကသိုလ်မှသုတေသနပညာရှင်များက ပြောကြားသည်။

ဗြိတိန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Wegovy ကို အပတ်စဉ်ပုံမှန်ထိုးနှံသည့် နှလုံးခုန်ရှတ်တရက်ရပ်တန့်မှုပြဿနာရှိသည့် အဝလွန်လူနာများနှင့် ဆီးချိုရောဂါလူနာများတွင် နှလုံးရှတ်တရက်ဖောက်နိုင်ခြေနှင့်လေဖြတ်နိုင်ခြေတို့ ၂၀ ရာခိုင်နှုန်း လျှော့ကျသွားကြောင်း သိရသည်။

Wegovy သည် နှလုံးခုန်ရှတ်တရက်ရပ်တန့်မှုပြဿနာရှိခဲ့လျှင်ပင် လူနာများ၏ ကျန်းမာရေး ရလဒ်များကို မြှင့်တင်ပေးနိုင်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဗြိတိန်သုတေသနပညာရှင်များသည် လူပေါင်း ၁၇၆၀၀ တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာစိစစ်ခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဆော်ပေါလိုတိုက်စစ်မှူး ဂျိမ်းရိုဒရီဂွက်ဇ်ကို ဗယ်လ်ကာနိုအသင်း ခေါ်ယူနိုင်ခဲ့

မက်ဒရစ် ဩဂုတ် ၂၇

ဗယ်လ်ကာနို အသင်းသည် ဆော်ပေါလိုအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့သည့် တိုက်စစ်မှူး ဂျိမ်းရိုဒရီဂွက်ဇ်ကို အလွတ်ပြောင်းရွှေ့ခွင့်နှင့် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၃၃ နှစ်ရှိ တိုက်စစ်မှူး ဂျိမ်းရိုဒရီဂွက်ဇ်သည် ယခုနှစ် ကိုပါအမေရိက ဖလားပြိုင်ပွဲတွင် ကိုလံဘီယာအသင်းကို ဦးဆောင်၍ အသင်းအား ဗိုလ်လုပွဲအဆင့်သို့ ရောက်ရှိအောင် ၎င်း၏ ခြေစွမ်းပိုင်းများဖြင့် ပါဝင်ကူညီနိုင်ခဲ့သဖြင့် ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးကစားသမားဆုကို ရရှိခဲ့ပြီးနောက် အေတီကိုအသင်း၊ ဗလင်စီယာအသင်းအပါအဝင် ဥရောပထိပ်သီးကလပ်များက ၎င်းကိုခေါ်ယူရန် စိတ်ဝင်စားခဲ့ခြင်းဖြစ်သည်။

သို့သော် ကစားသမားအနေဖြင့် ဒဏ်ရာမကြာခဏ ရရှိနေသည့်အတွက် ကြံ့ခိုင်မှုအားနည်းချက်ကြောင့် ထိပ်သီးအသင်းများအနေဖြင့် တရားဝင်ကမ်းလှမ်းမှု ပြုလုပ်ရန် စိုးရိမ်လျက်ရှိသော်လည်း ဗယ်လ်ကာနိုအသင်းက အသင်း တိုက်စစ်ပိုင်းအတွက် ကာလတိုအသုံးပြုနိုင်ရန် ဂျိမ်းရိုဒရီဂွက်ဇ်ကိုခေါ်ယူရန် ဆုံးဖြတ်ခဲ့ကာ တစ်နှစ်စာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ပြီး စာချုပ်ကုန်ဆုံးချိန်တွင် နောက်ထပ်တစ်နှစ် သက်တမ်းတိုးခွင့် ပါရှိခဲ့ကြောင်း သိရသည်။

ဂျိမ်းရိုဒရီဂွက်ဇ်သည် လာလီဂါပြိုင်ပွဲတွင် ၂၀၁၄ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်ထိ ရီးရဲလ်မက်ရစ်အသင်းနှင့်အတူ ပါဝင်ကစားခဲ့ပြီးနောက် ဘိုင်ယန်မြူးနစ်အသင်း၊ အဲဗာတန်အသင်း၊ အယ်ရိုင်ယန်အသင်း၊ အိုလံပီယာကို့စ်အသင်းနှင့် ဆော်ပေါလိုအသင်းတို့တွင် ပါဝင်ကစားခဲ့ပြီးနောက် ယခုအခါ ဗယ်လ်ကာနိုအသင်းသို့ပြန်လည်ရောက်ရှိခဲ့သဖြင့် လာလီဂါပြိုင်ပွဲသို့ ဒုတိယအကြိမ်မြောက် ရောက်ရှိခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ဗယ်လ်ကာနိုအသင်းသည် အမှတ်ပေးပြိုင်ပွဲ နှစ်ပွဲအပြီးတွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေရလဒ်ဖြင့် အမှတ်ပေးဇယားအဆင့်(၈)နေရာတွင် ရပ်တည်လျက်ရှိကြောင်းသိရသည်။

Ref : Espn

Trs : ML





## အားကစားသတင်းအတိုအထွာများ

- လီဗာပူးအသင်းနည်းပြ စလော့သည် တိုက်စစ်ပိုင်းတွင် ဆာလာဟ်၊ ဒီယက်ဇ်၊ ဂျိုတာ၊ ဂတ်ပို၊ နူနက်တို့ရှိသော်လည်း ဂျူဗင်တပ်အသင်း တိုက်စစ်ကစားသမား ချီဆာကိုခေါ်ယူရန် ကြိုးပမ်းနေပြီး သဘောတူညီမှုရရှိရန် နီးစပ်နေကြောင်း သိရသည်။
- အင်တာမီလန်အသင်းနှင့် လမ်းခွဲခဲ့သည့် တောင်ပံကစားသမား ဂွါရာဒိုကို အတ္တလန်တာအသင်းက အလွတ်ပြောင်းရွှေ့ခွင့်ဖြင့် ခေါ်ယူခဲ့ပြီး တစ်နှစ်စာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။
- ချဲလ်ဆီးအသင်းက ဂျန့်အသင်းဂိုးသမား ပန်ဒါးကို ပြောင်းရွှေ့ကြေး ယူရို သန်း ၂၀ ဖြင့်ခေါ်ယူ၍ ၂၀၃၂ ခုနှစ်ထိ စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။
- ၂၀၂၄-၂၀၂၅ ဘောလုံးရာသီတွင် အယ်နာဆာအသင်းနှင့် စာချုပ်ကုန်ဆုံးချိန်၌ ကစားသမားဘဝမှ အနားယူရန် ဆုံးဖြတ်ထားသည်ဟု စီရော်နယ်ဒိုက အရိပ်အမြွက်ပြောကြားခဲ့သည်။

ML

# နိုင်ဂျီးရီးယားအသင်းက စတုဂတ်နည်းပြဟောင်း လက်ဘာဒီယာကို နည်းပြသစ်အဖြစ် ခန့်အပ်ကြောင်းကြေညာ





အဘူဂျာ ဩဂုတ် ၂၇

နိုင်ဂျီးရီးယား အသင်းသည် ၂၀၂၅ အာဖရိကဖလား ခြေစစ်ပွဲမတိုင်မီ နည်းပြသစ်အဖြစ် စတုဂတ်အသင်းနည်းပြဟောင်း လက်ဘာဒီယာကို ခန့်အပ်ခဲ့ကြောင်း တရားဝင်ထုတ်ပြန်ခဲ့သည်။

နိုင်ဂျီးရီးယား ဘောလုံးအဖွဲ့ချုပ်အနေဖြင့် နည်းပြသစ်၏ စာချုပ်ကိစ္စနှင့် ပတ်သက်၍ အသေးစိတ် ထုတ်ပြန်ကြေညာခြင်း မရှိသော်လည်း အာဖရိကဖလား ခြေစစ်ပွဲမတိုင်မီ ၁၂ ရက်အလိုတွင် နည်းပြ ဂျော်ဂျီ၏နေရာတွင် လက်ဘာဒီယာနှင့် အစားထိုးခဲ့ခြင်းဖြစ်သည်။

နိုင်ဂျီးရီးယား အသင်းသည် အာဖရိကဖလားခြေစစ်ပွဲ အုပ်စု(D)တွင် ဘီနင်အသင်း၊ ရဝမ်ဒါအသင်း၊ လစ်ဗျားအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး စက်တင်ဘာ ၇ ရက်တွင် ဘီနင်အသင်းနှင့်လည်းကောင်း၊ စက်တင်ဘာ ၁၀ ရက်တွင် ရဝမ်ဒါအသင်းနှင့်လည်းကောင်း ကစားရမည်ဖြစ်သည်။

လက်ရှိ အုပ်စု(D)မှ ပထမနေရာနှင့် ဒုတိယနေရာရရှိသည့် အသင်းတို့သည် တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ပြီး နိုင်ဂျီးရီးယားအသင်းအနေဖြင့် ခြေစစ်ပွဲအောင်မြင်ရန် ရေပန်းစားလျက်ရှိသော်လည်း ၂၀၂၆ အာဖရိကဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် လေးပွဲကစားအပြီးတွင် သုံးပွဲသရေ၊ တစ်ပွဲရှုံးရလဒ်သာ ရရှိခဲ့သောကြောင့် နည်းပြဂျော်ဂျီကို ရာထူးမှ ထုတ်ပယ်ခဲ့သည်။

နိုင်ဂျီးရီးယားအသင်း အနေဖြင့် ယခုနှစ် အာဖရိကဖလားပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်မှ ထွက်ခွာခဲ့ရပြီးနောက် နည်းပြ ပါစီရိုကိုထုတ်ပယ်၍ နည်းပြ ဂျော်ဂျီနှင့် အစားထိုးခဲ့သော်လည်း ယခုအခါ နည်းပြဂျော်ဂျီ၏နေရာတွင် နည်းပြလက်ဘာဒီယာကို ခန့်အပ်ခဲ့သောကြောင့် တစ်နှစ်အတွင်း နည်းပြအပြောင်းအလဲ သုံးကြိမ်ထိ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အသက် ၅၈ နှစ်ရှိ လက်ဘာဒီယာသည် နည်းပြဘဝကို ဒမ်စတက်အသင်းနှင့် စတင်ခဲ့ပြီး လေဗာကူဆင်အသင်း၊ ဟမ်းဘတ်အသင်း၊ စတုဂတ်အသင်း၊ ဝုဖ်ဘတ်အသင်းနှင့် ဟာသာဘာလင်အသင်းတို့တွင်သာ တာဝန်ယူခဲ့ပြီး ယခုအခါ ဂျာမနီမြေမှ ပထမဆုံးထွက်ခွာ၍ နိုင်ဂျီးရီးယားအသင်းကို စတင်တာဝန်ယူမည်ဖြစ်ကြောင်း သိရသည်။

Ref : Dailypost.ng

Trs : ML

# စတီဗင်ဆင်နှင့် Matchroom Boxing ကုမ္ပဏီတို့ကြား လက်တွဲအလုပ်လုပ်ရန် သဘောတူစာချုပ်ချုပ်ဆို

နယူးယောက် ဩဂုတ် ၂၇

WBC လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ အမေရိကန်လက်ဝှေ့သမား စတီဗင်ဆင်သည် Promotion ကုမ္ပဏီအနေဖြင့် Matchroom Boxing ကုမ္ပဏီနှင့် လက်တွဲအလုပ်လုပ်ရန် သဘောတူညီချက်ရရှိခဲ့ပြီဖြစ်ကြောင်း Matchroom Boxing ကုမ္ပဏီဥက္ကဋ္ဌဖြစ်သူ အက်ဒီဟန်းက ထုတ်ဖော်ပြောကြားခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

စတီဗင်ဆင်သည် မတူညီသော ဝိတ်တန်းသုံးခုတွင် ချန်ပီယံခါးပတ်ကို ဆွတ်ခူးရရှိထားသူဖြစ်ပြီး WBC လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကို ၂၀၂၃ ခုနှစ်တွင် ဆွတ်ခူးရရှိခဲ့ပြီးနောက် ၂၀၂၄ ခုနှစ် ဇူလိုင်လတွင် လက်ရှိချန်ပီယံ ကာကွယ်ပွဲစဉ်ကို ပထမအကြိမ် အောင်မြင်စွာကာကွယ်ထိုးသတ်နိုင်ခဲ့သည်။

လိုက်ဝိတ်တန်း၏ ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံတစ်ဦးဖြစ်လာနိုင်သည့် စတီဗင်ဆင်အား Promotion ကုမ္ပဏီအမြောက်အမြားက လက်တွဲအလုပ်လုပ်ရန် ကြိုးစားကမ်းလှမ်းနေကြပြီး အက်ဒီဟန်းက အခြားသောပြိုင်ဘက်ကုမ္ပဏီများကျော်ဖြတ်ကာ စတီဗင်ဆင်နှင့် လက်တွဲအလုပ်လုပ်ခွင့်ရခဲ့ခြင်းဖြစ်သည်။

Ref : Xinhua

Trs : AZL

# ဘရိုက်တန်အသင်းက ဆဲလ်တစ်ကစားသမား အိုရိုင်လီကို စတာလင်ပေါင် ၂၅ သန်းဖြင့် ခေါ်ယူ





လန်ဒန် ဩဂုတ် ၂၇

ဘရိုက်တန်အသင်းသည် ကွင်းလယ်ပိုင်းလိုအပ်ချက်အတွက် ဆဲလ်တစ်အသင်း ကွင်းလယ်ကစားသမား အိုရိုင်လီကို ပြောင်းရွှေ့ကြေး ယူရို ၂၅ သန်းဖြင့် ခေါ်ယူခဲ့ပြီး ၂၀၂၉ ခုနှစ်ထိ ငါးနှစ်စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

အသက် ၂၃ နှစ်ရှိ ကွင်းလယ်ကစားသမား အိုရိုင်လီသည် ဆဲလ်တစ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၂၄ ပွဲ ပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး ၂၇ ဂိုးထိ သွင်းယူခြေစွမ်းပြသနိုင်ခဲ့ပြီး အသင်းအား အမှတ်ပေးဆုဖလား သုံးကြိမ်ရရှိအောင် ပါဝင် ကူညီနိုင်ခဲ့သည့်အပြင် အသင်းနှင့်အတူ စုစုပေါင်း ဆုဖလား ခြောက်ကြိမ်ထိ ဆွတ်ခူးရရှိခဲ့သည်။

ဘရိုက်တန်အသင်း နည်းပြသစ် ဟာဇီလာသည် ကွင်းလယ်ကစားသမား ဂရော့စ်ကို ရောင်းချပြီးနောက် ကွင်းလယ်ပိုင်းတွင် box-to-box ကစားနိုင်သည့် ကစားသမားတစ်ဦး ရှာဖွေလျက်ရှိရာ အိုရိုင်လီသည် နည်းပြဟာဇီလာ ကြိုက်နှစ်သက်သည့် ကစားသမားမျိုးဖြစ်သောကြောင့် စံချိန်တင် ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဆဲလ်တစ်အသင်းအနေဖြင့်လည်း ၂၀၁၉ ခုနှစ်က အာဆင်နယ်သို့ပြောင်းရွှေ့ခဲ့သည့် တီယာနေး၊ ပြီးခဲ့သည့်နွေရာသီက အယ်အီတီဟတ် အသင်းသို့ ပြောင်းရွှေ့ခဲ့သည့် ဂျိုတာတို့နောက်ပိုင်း အိုရိုင်လီကို စကော့တလန်ကလပ်၏ စံချိန်တင် ပြောင်းရွှေ့ကြေးဖြင့် ထပ်မံရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

ယခု အပြောင်းအရွှေ့ကာလတွင် ဘရိုက်တန်အသင်းသည် ကလပ်အသင်း စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် တိုက်စစ်မှူး ရက်တာကို စတာလင်ပေါင် သန်း ၄၀၊ ဖီရင်နုကွင်းလယ်ကစားသမား ဝိုင်ဖာကို စတာလင်ပေါင် ၂၅ သန်းဝန်းကျင်ဖြင့် ခေါ်ယူပြီးနောက် အိုရိုင်လီကို ထပ်မံခေါ်ယူခဲ့သောကြောင့် ခုနစ်ဦးမြောက် ကစားသမားသစ် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# AYA Pay Futsal Championship 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် ဩဂုတ် ၂၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် AYA Pay Futsal Championship 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက် ၉ နာရီမှစတင်ပြီး ရန်ကုန်မြို့ MFF Futsal Stadium တွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။



AYA Pay Futsal Championship 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ယနေ့နံနက် ၉ နာရီတွင် Let Wel Youthအသင်းနှင့် TG United အသင်းတို့ ကစားခဲ့ရာTG United အသင်းက ၁၅ ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၀ နာရီခွဲတွင် RPG FC အသင်းနှင့် Futsal 19 FC အသင်းတို့ ကစားခဲ့ရာ Futsal 19 FC အသင်းက သုံးဂိုး တစ်ဂိုးဖြင့် လည်းကောင်း၊ မွန်းတည့် ၁၂ နာရီတွင် Yankin Brotherhood အသင်းနှင့် KKY FC အသင်းတို့ ကစားခဲ့ရာ KKY FC အသင်းက ငါးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

နေ့လယ် ၁ နာရီခွဲတွင် 7 Brother FC အသင်းနှင့် Winner Soccer အသင်းတို့ ကစားခဲ့ရာ လေးဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ညနေ ၃ နာရီတွင် Taw Win Nan FC အသင်းနှင့် Shwe Pyi Thar United အသင်းတို့ ကစားခဲ့ရာ Shwe Pyi Thar United အသင်းက ငါးဂိုး သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ကာ ညနေ ၄ နာရီခွဲတွင် UPK FC အသင်းနှင့် MIU FC အသင်းတို့ကစားခဲ့ရာ တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

AYA Pay Futsal Championship 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီတွင် Power HBI အသင်းနှင့် Pacific Sun Far အသင်း၊ နံနက် ၁၀ နာရီခွဲတွင် Naka United အသင်းနှင့် VUC FC အသင်း၊ မွန်းတည့် ၁၂ နာရီတွင် Jullniss FC အသင်းနှင့် Let Wel Thone Nara အသင်း၊ နေ့လယ် ၁ နာရီခွဲတွင် YCDC Marga FC အသင်းနှင့် M2K FC အသင်း၊ ညနေ ၃ နာရီတွင် Bushido Team အသင်းနှင့် M-Millions FC အသင်း၊ ညနေ ၄ နာရီခွဲတွင် Seven FC အသင်းနှင့် Futsal Chit Thu အသင်းတို့ ဆက်လက် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# US Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် ဂျိုကိုဗစ်က ရာဒူအယ်ဘော့ကို အနိုင်ရရှိ



နယူးယောက် ဩဂုတ် ၂၇

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကျင်းပနေသည့် US Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဆာဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့် မော်ဒိုဗာတင်းနစ်ကစားသမား ရာဒူအယ်ဘော့တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်က (၆-၂၊ ၆-၂၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်သည် ပဲရစ်အိုလံပစ်အားကစားပွဲတော်တွင် ကစားသမားဘဝ၏ ပထမဆုံး အိုလံပစ်ရွှေတံဆိပ်ဆုအား ဆွတ်ခူးနိုင်ခဲ့ပြီးနောက် မိသားစုနှင့်အတူ အနားယူခဲ့ရာမှ US Open တင်းနစ်ပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ပြိုင်ပွဲဝင်ခဲ့ခြင်းဖြစ်သည်။

ဂရန်းစလန်း ချန်ပီယံဆုဖလားကို ၂၄ ကြိမ်ထိ ရရှိထားသည့် ဂျိုကိုဗစ်သည် ၂၅ လုံးမြောက် ဂရန်းစလန်းဆုဖလားအား ဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားလျက်ရှိသည်။

ဂျိုကိုဗစ်သည် ဒုတိယအဆင့်တွင် တစ်နိုင်ငံတည်းသားဖြစ်သည့် လက်စလိုနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သော်လည်း ဆာဘီးယားနိုင်ငံတွင် ဂျိုကိုဗစ်အား အနိုင်ကစားနိုင်သည့် ကစားသမားမရှိသေးသည့်အတွက် ဒုတိယအဆင့်တွင်လည်း ဂျိုကိုဗစ်ကပင် အနိုင်ရရှိရန် ရေပန်းစားလျက်ရှိကြောင်း သိရသည်။

Ref : RT

Trs : AZL

# ဂျူဗင်တပ်အသင်းနှင့် လမ်းခွဲခဲ့ပြီးနောက် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူကြောင်း ဂိုးသမား ဆစ်ဇနီကြေညာ

ရောမ ဩဂုတ် ၂၇

ဂျူဗင်တပ်အသင်းနှင့် လမ်းခွဲခဲ့ပြီးနောက် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူကြောင်း ဝါရင့်ဂိုးသမား ဆစ်ဇနီက အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။

အသက် ၃၄ နှစ်ရှိ ဂိုးသမား ဆစ်ဇနီသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ပြီးခဲ့သည့် ၂၀၀၈ ခုနှစ်က အာဆင်နယ်အသင်းနှင့် စတင်ခဲ့သူဖြစ်ပြီး အာဆင်နယ်အသင်းနှင့် ၂၀၀၈ ခုနှစ်မှ ၂၀၁၅ ခုနှစ်ထိ ကစားခဲ့ပြီး ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် အာဆင်နယ်အသင်းမှ ရိုးမားအသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ထို့နောက် ဆစ်ဇနီသည် ရိုးမားအသင်းတွင် တစ်ရာသီကြာ အငှားစာချုပ်ဖြင့် ကစားခဲ့ပြီးနောက် ၂၀၁၇ ခုနှစ်တွင် အာဆင်နယ်အသင်းမှ ဂျူဗင်တပ်အသင်းသို့ အပြီးသတ်ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ဆစ်ဇနီသည် ပြီးခဲ့သည့် ဇွန်လက ဂျူဗင်တပ်အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးခဲ့ပြီးနောက် အသင်းနှင့်လမ်းခွဲခဲ့ကာ ကလပ်အသင်း လက်မဲ့ဖြစ်နေပြီး အစောပိုင်းက ၎င်းကို ဆော်ဒီထိပ်တန်းအသင်းများက ခေါ်ယူရန် သတင်းများထွက်ပေါ်ခဲ့သော်လည်း ဆစ်ဇနီက လက်ရှိတွင် ပရော်ဖက်ရှင်နယ် ကစားသမားဘဝမှ အပြီးတိုင်အနားယူရန်ဆုံးဖြတ်ခဲ့သည်။

ဆစ်ဇနီသည် ဂျူဗင်တပ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၂၅၂ ပွဲထိ ပါဝင်ကစားပေးခဲ့သကဲ့သို့ ပိုလန် လက်ရွေးစင်အသင်းတွင်လည်း ၂၀၀၉ ခုနှစ်မှစတင်ပြီး ပြီးခဲ့သည့် ယူရို ၂၀၂၄ ထိ နိုင်ငံတကာပြိုင်ပွဲစုံ ၈၄ ပွဲ ပါဝင် ကစားပေးခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : STA

# မန်ယူအသင်းက အူဂါတီကိုခေါ်ယူရန် နောက်ဆုံးအဆင့် သဘောတူညီမှုရရှိ

မန်ချက်စတာ ဩဂုတ် ၂၇

မန်ယူအသင်းက ပီအက်စ်ဂျီအသင်းမှ ကွင်းလယ်ကစားသမား အူဂါတီကို ပြောင်းရွှေ့ကြေး ယူရို သန်း ၅၀ အပြင် အပိုဆုကြေး ၁၀ သန်း စုစုပေါင်း သန်း ၆၀ ဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

မန်ယူအသင်းသည် အသင်းကွင်းလယ်ပိုင်းအတွက် အူဂါတီကို လက်ရှိကစားသမားအပြောင်းအရွှေ့ကာလ အစပိုင်းကတည်းက ပြောင်းရွှေ့ကြေးယူရို ၄၅ သန်းဖြင့် တရားဝင် ကမ်းလှမ်းခဲ့သော်လည်း ပီအက်စ်ဂျီအသင်းက ယူရို သန်း ၆၀ ခန့်ထိ အလိုရှိသည့်အတွက် အနည်းငယ် ကြန့်ကြာနေခဲ့သော်လည်း လက်ရှိတွင် ပြောင်းရွှေ့ကြေး ယူရို သန်း ၅၀ အပြင် အပိုဆုကြေး ၁၀ သန်းဖြင့် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် ပြီးခဲ့သည့် ရက်ပိုင်းက အသင်းမှ ကွင်းလယ်ကစားသမား မက်တွန်မီနေးကို နာပိုလီအသင်းထံ ပြောင်းရွှေ့ကြေး ယူရို သန်း ၃၀ ဖြင့် ရောင်းချရန် သဘောတူညီမှုရရှိခဲ့ပြီးနောက် အူဂါတီကို ပြန်လည်ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ရက်ပိုင်းအတွင်း ဆေးစစ်မှုများ ပြုလုပ်ကာ တရားဝင်စာချုပ် ချုပ်ဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# ပရီးမီးယားလိဂ်တွင် တစ်ပွဲတည်း ဂိုးဖန်တီးမှု သုံးကြိမ်ပြုလုပ်နိုင်သည့် ငါးဦးမြောက် ကစားသမားအဖြစ် ပယ်လ်မာမှတ်တမ်းဝင်

လန်ဒန် ဩဂုတ် ၂၇

ချဲလ်ဆီးအသင်း တိုက်စစ်ကစားသမား ပယ်လ်မာသည် ၁၉၉၂ ခုနှစ်မှစတင်ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲဟု အမည်ပြောင်းလဲကျင်းပခဲ့ပြီးနောက် တစ်ပွဲတည်း ဂိုးဖန်တီးမှု သုံးကြိမ်ပြုလုပ်နိုင်ခဲ့သည့် ငါးဦးမြောက်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂) အဖြစ် ကစားခဲ့သည့် ချဲလ်ဆီးအသင်းက ဝုဗ်အသင်းကို ခြောက်ဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ပယ်လ်မာသည် ပွဲချိန် ၄၅ မိနစ်တွင် တစ်ဂိုး သွင်းယူနိုင်ခဲ့သကဲ့သို့ ပွဲချိန် ၄၉ မိနစ်၊ ၅၈ မိနစ် နှင့် ၆၃ မိနစ်တို့တွင် သွင်းယူခဲ့သည့် မက်ဒူကီ၏ သွင်းဂိုး သုံးဂိုးကိုလည်း ဂိုးဖန်တီးမှု ပြုလုပ်ပေးနိုင်ခဲ့ပြီးနောက် မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

၁၉၉၂ ခုနှစ်မှစတင်ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲဟု အမည်ပြောင်းလဲ ကျင်းပခဲ့ပြီးနောက် တစ်ပွဲတည်း ဂိုးဖန်တီးမှုအများဆုံး ပြုလုပ်ပေးနိုင်ခဲ့သည့် ပထမဆုံး ကစားသမားအဖြစ်၁၉၉၅ခုနှစ်က ကိုဗင်ထရီအသင်းနှင့် ဘလက်ဘန်းအသင်းတို့ ကစားခဲ့သည့် ပွဲစဉ်တွင် ဘလက်ဘန်းအသင်း တိုက်စစ်ကစားသမား နယူးဝဲလ်၊ ဒုတိယမြောက် ကစားသမားအဖြစ် ၁၉၉၅ ခုနှစ်ကပင် အာဆင်နယ်အသင်းနှင့် လီဗာပူးအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် လီဗာပူးအသင်းတိုက်စစ်မှူး ကော်လီမိုး၊ တတိယမြောက် ကစားသမားအဖြစ် ၂၀၀၃ ခုနှစ်က ဆန်းဒါးလန်းအသင်းနှင့် အာဆင်နယ်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် အာဆင်နယ်အသင်း တိုက်စစ်မှူး အွန်နရီ၊ စတုတ္ထမြောက် ကစားသမားအဖြစ် ၂၀၂၀ ပြည့်နှစ်က စပါးအသင်းနှင့် ဆောက်သမ်တန်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် စပါးအသင်းတိုက်စစ်မှူး ဟယ်ရီကိန်းတို့ ဖြစ်ကြောင်း သိရသည်။

Ref : Espn

Trs : STA



# တောကပန်းထိမ်ဆရာလုပ်တဲ့ ရွှံ့ရုပ်

## မောင်သင်းထုံ(ကျောက်မဲ)



အမျိုးသမီးသဘင်သည်တွေရဲ့ အဓိကလိုအပ်ချက်က ရုပ်လှဖို့၊ အသားဖြူဖို့၊ အသံကောင်းဖို့ဖြစ်မှာပါ။ ဒါပေမဲ့ မင်းသမီးဩဘာသောင်းမှာတော့ ဒီအချက်တွေအတော်များများ မရှိပါဘူး။ သူ့မှာရှိတဲ့အချက်တွေကတော့ အကကောင်းတာဟာ သူရဲ့ထူးခြားပြောင်မြောက်တဲ့အရည်အချင်းပါ။ ဩဘာသောင်းဟာ ရုပ်မလှ အသံမကောင်းပေမဲ့ စန်းကြီးတဲ့မင်းသမီးပါ။

အငြိမ့်ခေတ်ကို အကြမ်းဖျင်း သုံးခေတ်ခွဲရရင် ဩဘာသောင်း၊ ဥက္ကလာအေးကြည်၊ လေဘာတီမမြရင်တို့ဆိုတာ ဒုတိယခေတ်က မင်းသမီးတွေတဲ့။ ဩဘာသောင်းလုပ်ဆောင်သွားခဲ့တဲ့ အလုပ်တွေထဲမှာ အကကောင်းတာဟာ ထူးခြားချက်မို့ အကမင်းသမီး ဩဘာသောင်းရယ်လို့ ခေါ်ကြသတဲ့။ တကယ်တော့ ဩဘာသောင်းဆိုတာက အငြိမ့်သဘင်ကို တစ်မျိုးတစ်ဖုံပြောင်းလဲစေခဲ့လို့ အငြိမ့်တစ်ခေတ်ပြောင်း ဩဘာသောင်းလို့ ခေါ်ထိုက်တဲ့သူပါ။

ဩဘာသောင်းတို့ အရင်ကပေါ်ခဲ့တဲ့မင်းသမီးတွေ မစိန်ကြော့၊ မစိန်သုံး။ ဆီကျော်မစိန်တင် အဲဒီမင်းသမီးတွေအားလုံးဟာ ယဉ်ယဉ်ကျေးကျေး သီဆိုပြောဆို၊ ညက်ညက်ညောညောကခဲ့ကြတာမို့ ငြိမ့်ညောင်းသာယာတဲ့အငြိမ့်သဘင်ရယ်လို့ သမုတ်ခဲ့ကြတာရော။ နောက်တော့ အရွယ်မရောက်တစ်ရောက် မိန်းကလေးတစ်ယောက် ဘွားခနဲပေါ်လာပြီး အငြိမ့်စင်ပေါ်ကနေ သီချင်းတွေဆိုတော့လဲ တေးထပ်တွေပစ်ပယ်ပြီးမှ ယောကျ်ားတွေရဲ့စိတ်ကို ဟိုနှယ်ဒီနှယ်ဖြစ်အောင်ကလိဆိုတဲ့ ကိုယ်ပိုင်သီချင်းတွေဆိုတယ်။ အသံကမြိုင်တယ်။ အတီးက ဒိုးတွေဆိုတော့စိုတယ်။ အဲဒီမှာ အငြိမ့်သဘင်ဟာ မူလက ယဉ်ကျေးငြိမ့်ညောင်းသာယာတဲ့လက္ခဏာတွေ ပျောက်ပြီးမှ အတီးကဆူဆူ အကက ကလက်တက်တက်ကာလသားတွေကို အငြိမ့်မင်းသမီးက မြူတယ်တယ်ဆိုတဲ့အဆင့်ကို ရောက်လာပါတော့တယ်။ ဒီလိုဖြစ်လာတော့ အေးစက်စက်အငြိမ့်ကို ဘယ်သူမှမကြည့်ကြတော့ဘူး။ အဆူအမြိုင် အခုန်အပေါက်များတဲ့အငြိမ့်ဘက်ကို လူငယ်ပွဲကြည့်တွေက သောသောရုတ်ရုတ် ကူးပြောင်းကုန်ကြပါတော့တယ်။

ဩဘာသောင်းကို သိမီလိုက်သူတွေက ဩဘာသောင်းဟာ ရုပ်လဲမလှပါဘူး။ အသံလဲ မကောင်းပါဘူး။ ဒါပေမဲ့ ဩဘာသောင်းလောက် စန်းကြီးတဲ့မင်းသမီးကတော့ ရှားသတဲ့။ ဩဘာသောင်းကြောင့် ကာလသားတွေ လူငယ်လူရွယ်တွေ အလုပ်ပျက်အကိုင်ပျက် ကျောင်းမှန်မှန်မတက်နိုင်ဖြစ်ကုန်ကြလို့ မိဘဆရာတွေနဲ့တကွ လူကြီးသူမတွေက ရင်တမမနဲ့ ဖြစ်ခဲ့ကြရဖူးတယ်လို့ ဆိုပါတယ်။

'အများတကာမိုလို့ကောင်း၊ ဘုရားဒါယကာကြီးတို့သောင်း၊ ဒီနှစ်ပင် ချစ်ခင်စေဖို့အကြောင်း' ဩဘာသောင်းက စင်ပေါ်ကနေ အဲဒီလိုသီချင်းဆိုလိုက်တော့ ပွဲခင်းထဲရောက်နေကြတဲ့ ဘုရားဒါယကာကြီးတွေက တောင် ဟာ တယ်နောက်တဲ့မိန်းကလေးဆိုပြီး မျက်နှာလွှဲလို့ ရှက်သလိုလို လုပ်ကြရသေးတာတဲ့။ ဩဘာသောင်းဆိုခဲ့တဲ့သီချင်းထဲမှာ ဆရာမာရေးတဲ့ 'ဘာဂီတင်' သီချင်းဆိုတာကလဲ မြူးတယ်။ ၁၂၇၃-၁၂၇၄ ခုနှစ်ကဆိုတော့ မန္တလေးမှာက ကားမပေါ်သေးဘူး။ ပိုက်ဆံပေါတဲ့လူတွေက မြင်းနှစ်ကောင်နဲ့ဆွဲရတဲ့ ပက်လက်လှည်းလို့ခေါ်တဲ့ ဘာဂီကို စီးကြတာတဲ့။ အဲဒီသီချင်း ဘယ်လောက်များ ခေတ်ဆန်လိုက်သလဲဆိုတော့ ဂျတ်လို့ခေါ်တဲ့ အိန္ဒိယစကားလဲ သီချင်းထဲပါတယ်။ ဆွီးတားဆိုတဲ့ အင်္ဂလိပ်စကားလဲ ပါသတဲ့။ ကဲ။

'အပျိုဖြစ်ရင် မသောင်းကြာရှူပေးမယ်။ အပျိုကြီးများဖြစ်လို့ရှိရင် မသောင်းကြာရှူပေးမယ်၊ ဘိုဆံတောက်ကြီးတွေလာ၊ အပျိုပေါက်ကြီးပေးတဲ့ကြာကြာ' အဲဒါကတော့ ဩဘာသောင်းဆိုတဲ့ ကာတစ်သီချင်းထဲကပါ။ ဩဘာသောင်းရဲ့ ကိုယ်ပိုင်သီချင်းတွေက အဓိပ္ပာယ်အနေနဲ့သာ ထတာကြွတာမဟုတ်ပါဘူး။ အသံတွေကလဲ စိုတယ်။ မြိုင်တယ်။ ဒါကို ဒိုးတီး ကိုနီတို့၊ ကိုနှစ်တို့က အလွန်ကောင်းတဲ့အဆို့အပိတ်တွေနဲ့ တီးပေးတော့ ကရာမှာလဲ သွက်လာမြူးလာတော့တာပေါ့။ ဩဘာသောင်းအငြိမ့်စင်ပေါ်ရောက်စက အငြိမ့်တူရိယာတွေ များများမရှိသေးပါဘူး။ ပတ္တလား၊ ဘာဂျာ၊ ပလွေ၊ စခွန့်စည်တို၊ စည်းဝါးဒါလောက်ပဲရှိတာပါ။ နောက်တော့မှ မောင်း၊ ဆိုင်းတို့ ကြေးနောင်တို့၊ ခြောက်လုံးပတ်တို့နဲ့ ပလုပ်တုတ်၊ ဘင်တွေပါလာတာပါ။

ဒိုးတီးတဲ့နေရာမှာတော့ ကိုနီက စိန်ဗေဒါပဲကွလို့ ပြောရလောက်အောင် ဩဘာသောင်းရဲ့ သံဆန်းသီချင်းတွေကို စိုအောင်မြိုင်အောင် အဆို့အပိတ်တွေနဲ့တီးပေးကြပါတယ်။ အငြိမ့်မင်းသမီးတွေရဲ့အကမှာ အကွက်ကျဲတဲ့အက၊ အဆစ်ကျဲကျဲကရာမှာ လေဘာတီမမြရင်က အကောင်းဆုံး၊ အဆစ်စိပ်တဲ့အကမှာ ဩဘာသောင်းက အကောင်းဆုံးလို့ အငြိမ့်သဘင်လောကမှာ သတ်မှတ်ချက်ရှိပါတယ်။ မင်းသမီးကောင်းတစ်ယောက်ဆိုတာ အကမှာ ဒိုးဆစ်ထည့်ပေးလို့ကောင်းတာပါ။ မင်းသမီးတစ်လက် အကမှာ မိုးပျံအောင်တော်နေပါစေ ဒိုးဆစ်သမားများရင် အိုးနင်းခွက်နင်းဖြစ်ရတာချည်းပါ။

အကမင်းသမီး ဩဘာသောင်းက သူနဲ့တွဲဖက်လုပ်နေတဲ့သူတွေကို တစ်သက်တာစွဲသွားအောင်လို့ နာမည်လဲပေးတတ်သူပါ။ ဩဘာသောင်းအငြိမ့်ထဲက ဒိုးတီးကိုနှစ်က လူတော်ဆိုတော့ 'မန္တလာနှစ်'လို့ နာမည်ပေးတယ်။ သူပေးတဲ့နာမည်နောင်မှာတော့ တွင်တော့တာပါပဲ။ ဝါးကိုခေါက်ခေါက်ခေါက်ခေါက်နဲ့တီးတဲ့အတီးဟာ ဩဘာသောင်းအငြိမ့်ထဲက ကိုဇော်ဆိုတဲ့လူ စထွင်တာပါ။ ကိုဘသင်ကိုတော့ 'မဂ္ဂဇင်းဘသင်'လို့ဩဘာသောင်းကနာမည်ပေးပါတယ်။ ဩဘာသောင်းဆိုတဲ့ ပဥ္စပါပီသီချင်းတို့၊ ဝါးခူသီချင်းတို့မှာ မဂ္ဂဇင်းဘသင်က စည်တီးပါတယ်။ စည်အတီးကောင်းလို့ ဩဘာသောင်းက နာမည်ပေးခဲ့တာပါ။

ဩဘာသောင်း သူ့အစွမ်းနဲ့သူ နာမည်ကျော်လာအောင် စာရေးဆရာတွေ၊ အတီးအမှုတ်သမားတွေ၊ လူပြက်တွေက ဝိုင်းအုံပံ့ပိုးပေးခဲ့ကြတာပါ။ အဲဒီမှာ အငြိမ့်ဟာ တစ်ခေတ်ဆန်းသစ်လာတော့တာပါပဲ။

ဩဘာသောင်းတို့ခေတ်က မန္တလေးမြို့ လေးပြင်လေးရပ်မှာ သူအငြိမ့်ကတယ်ဆိုရင် ရွာခံရပ်ခံကပွဲကြည့်တစ်ဝက်လောက်၊ ကျန်တစ်ဝက်က သူ့ပိုးပြီးပွဲတိုင်းမလွတ်အောင် လိုက်ကြည့်ကြတဲ့ ပရိသတ်တွေပါတဲ့။ အေဘီအမ်၊ စိန့်ပီတာဆိုတဲ့ နာမည်ကြီးအင်္ဂလိပ်ကျောင်းသားတွေ၊ ဆပ်ကျောင်းက သင်တန်းသားတွေ၊ ဘိနပ်၊ ပန်းထိမ်၊ စက်ချုပ်၊ လက်လုပ်လက်စား၊ အရာရှိအရာခံတွေ၊ သူဌေးသားတွေကစလို့ ဩဘာသောင်းရဲ့အငြိမ့်ကို လိုက်ကြည့်ကြတာပါ။

ရန်ကုန်ဆင်းပြီး ဩဘာသောင်းအငြိမ့်ကတော့ ပထမကမ္ဘာစစ်အတွက် မြန်မာပြည်ကစုဆောင်းပို့ရတဲ့စစ်သားတွေကို ဂုဏ်ပြုပွဲမှာ အငြိမ့်ကတယ်။ ဩဘာသောင်းက အင်္ဂလိပ်သီချင်းဆိုပြီးကတဲ့အခါ အဲဒီသီချင်းကို နိုင်ငံခြားစစ်ထွက်ကြမဲ့စစ်သားတွေက သိပ်ကြိုက်ကြတာလို့ ဩဘာသောင်းကို လာပြောပြတော့ အလကား သူတို့နားလည်တာမဟုတ်ဘဲနဲ့လို့ ဩဘာသောင်းက ပြန်ပြောတာတဲ့။ ကဲ။

ဩဘာသောင်း နာမည်ကြီးလာတော့ ထုံးစံအတိုင်း ဩဘာသောင်းရဲ့နာမည်ကိုတုပပြီးမှ ဆင်တူရိုးမှား ဩဘာသောင်းတွေ ပေါ်လာကြတာမှ ပြည့်လို့တဲ့။ မန္တလာသောင်းတို့၊ ဩဘာညွှန့်တို့၊ ဩဘာထိုက်တို့၊ ဩဘာစိန်တို့ဆိုတဲ့နာမည်တွေနဲ့ မင်းသမီးတွေပေါ်လာကြသေးတာတဲ့။ အဲဒီခေတ်တစ်နှစ်မှာ ဖိုးစိန်က ကျောင်းသားတွေ မပျက်စီးအောင်လို့ဆိုပြီး 'ဥဂ္ဂါသေနဇာတ်'ကိုကတော့ ဖိုးစိန်ရဲ့ပွဲကြည့်ပရိသတ်တွေက ဒါ ဩဘာသောင်းကိုစောင်းတာပဲလို့ အသေအချာပြောကြသတဲ့။ ဘာလို့လဲဆိုတော့ ဖိုးစိန်ရဲ့ ဇာတ်ပွဲကြော်ငြာမှာကိုက 'ထန်းရည်အရက်၊ ကစားဖက်၊ တစ်သက်ရှောင်ကြ၊ ဇာတ်သမ'လို့ပါသကိုး။ တစ်ဖက်ကလဲ ဩဘာသောင်းနာမည်ကြီးလာတော့ သဘင်သည်ချင်း ဂုဏ်တုဂုဏ်ပြိုင်ရှိကြမှာပေါ့။

ဩဘာသောင်းဟာ မန္တလေးမှာ နာမည်ကြီးမင်းသမီးဖြစ်ပေမဲ့ ဖိုးစိန်နဲ့ တစ်ခါမှ တွဲမကဘူးတဲ့။ ဘာပြုလို့လဲဆိုတော့ သူနဲ့နှစ်ပါးသွားတွဲကလိုက်တာနဲ့ အရင်ဆုံးလက်ဆွဲခံရပြီး 'သွားကြဦးစို့ ရဲ့မိန်းမရေ' ဆိုပြီး လက်လာတွဲမှာကို မခံနိုင်တာတဲ့။ ဒီတော့ ဖိုးစိန်က မန္တလေးပွဲလာကတဲ့အခါ ဩဘာသောင်းအငြိမ့်ထဲက လက်ထောက်မင်းသမီး၊ လူပြက် ဒါတွေပဲထည့်ပေးချီကောက်ခေါ်တာပဲရှိသတဲ့။

စိန်ဗေဒါကတော့ ဩဘာသောင်းရဲ့ထဘီနားကို ဘယ်ပြန်ညာပြန်ခြေနဲ့ခတ်ပြီး စည်သုတ်နဲ့ကတဲ့အကမှာ ဩဘာသောင်းကတာ လှတယ်လို့ပြောပါတယ်။ အဲဒီ ထဘီနားကို ဘယ်ရော၊ ညာရော နှစ်ဖက်ဆွဲကတာ၊ ခြေနှစ်ဖက်ခတ်ကတာတွေက ဩဘာသောင်းစထွင်ခဲ့တာပါ။ ဩဘာသောင်းဟာ ယိုးဒယားအကကို ဦးစိန်အုပ်ဆီမှာသင်တယ်။ အရုပ်ကြိုးကကိုတော့ ရုပ်သေးကြိုးဆွဲဆရာ ဆရာမုန်ဆီက သင်ခဲ့ပါတယ်။

ဩဘာသောင်းကိုသဘင်ပညာသင်စေမယ်ဆိုပြီး သူ့အဖေက ဆုံးဖြတ်တော့ မင်းသမီး မထွေးလေးဆီအပ်တာ။ ဟိုက ဩဘာသောင်းရဲ့ အဆင်းသဏ္ဌာန်မည်းကြုတ်ကြုတ်၊ ပုညှက်ညှက်လေးကိုမြင်ပြီးမှ လုံးဝလက်မခံပါဘူးတဲ့ဆို။ နောက် ဩဘာသောင်း အငြိမ့်မင်းသမီးဖြစ်ပြီးမှ မထွေးလေးဆီထပ်သင်တော့ကို သီးခြားသင်ပေးတာမဟုတ်ဘူး။ ညည်းငါ့ဇာတ်ကရာလာကြည့်ဆိုပြီး လိုက်ကာတွေကြားက ကြည့်ရတာ။ ဒီအထဲက ဩဘာသောင်းက စိတ်မပါပုံပေါက်နေရင် မထွေးလေးက ဇာတ်စင်ပေါ်ဝေ့ဝဲကနေရာက ဩဘာသောင်း အနားရောက်တော့ ခြေနဲ့ခတ်သတိပေးတာ။ သေချာဂရုစိုက်ကြည့်ဟဲ့လို့တဲ့။

ဩဘာသောင်းကတဲ့အခါ သူလက်ယူပုံက သူများနဲ့မတူဘူး။ ကတဲ့အနုပညာဟာ အနုစိတ်နိုင်လေ၊ အဆင့်အတန်းမြင့်လေပဲ။ ဩဘာသောင်းလက်ယူပုံက ဗိုင်းငင်တဲ့လက်ကျနေတာပဲ။ လက်ယူပုံက သိပ်လှတယ်။ အကတစ်မျိုးမှာကိုပဲ သူက လက်ကို လေးငါးမျိုးရအောင်ယူပြတာတဲ့။ ဩဘာသောင်းတစ်ပင်တိုင်ကတော့ ဟသာလက်ရာကော၊ ဥဒေါင်းခေါင်းကလေးကော၊ ပန်းစိုက်တို့၊ အနီးကြည့်တို့၊ အဝေးကြည့်တို့မှာကတယ်။ ငှက်ကလေးအစာကောက်တဲ့ပုံစံကနေတာပါ။

ဩဘာသောင်းဆိုတာ အသံကပြာတယ်။ ရုပ်ကလဲမလှဘူး။ ဩဘာသောင်းရဲ့ရုပ်က အခုအသက်ကြီးလာလို့ ကျနေတာမဟုတ်ဘူး။ ငယ်ကလဲ ဒီရုပ်ပဲလို့ သိမီတဲ့လူတွေက ပြောကြတယ်။ လူပြက်ကြီးဦးခတ်အိုးကတော့ ဩဘာသောင်းများဗျာ မပြင်ခင်သွားကြည့်ရင် ချိုးနာလေးကျလို့၊ ပြင်ပြီးတဲ့အခါသွားကြည့် သောက်ကျိုးနဲ ကြွားတဲ့အလှဗျလို့ ပြောပါတယ်။ ရန်ကုန် ကျိုက်ဝိုင်းဘုရားပွဲမှာကတော့ ကာလသားတွေက လာကြည့်ပြီး ဩဘာသောင်းရုပ်က **တောပန်းထိမ်ဆရာလုပ်တဲ့ ရွှံ့ရုပ်နဲ့တူလို့တဲ့**။ ကဲ။

ဩဘာသောင်းဆိုတာက ရန်ကုန်ပုဇွန်တောင် အိမ်ကြီးတန်းသူတဲ့။ သူ့အဖေက အင်ဂျင်နီယာဦးစံဒွန်း။ အမေက ဒေါ်သာလိတဲ့။ ဩဘာသောင်းတို့မှာ မွေးချင်း ခုနစ်ယောက်ရှိတယ်။ ဩဘာသောင်းက အငယ်ဆုံး ၁၂၅၉ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၆ ရက်နေ့ တနင်္လာနေ့မှာ မွေးတယ်။ ဦးထွန်းရဆီမှာ အဆို၊ အကသင်နေတုန်း အငြိမ့်ဆရာ ဦးတိုးတို့က လာခေါ်တော့ နာမည်ကို ဗေဒင်တွက်ပြီးမှ 'ဩဘာသောင်းတင်'လို့ပေးခဲ့တာ။ နောက်တော့မှ ရှည်နေလို့ ဩဘာသောင်း ဖြစ်လာတာတဲ့။

ဩဘာသောင်းက ၁၄ နှစ်သမီးက မင်းသမီးဖြစ်တယ်။ အသက် ၃၈ နှစ်ထိ အငြိမ့်မင်းသမီးလုပ်ခဲ့တယ်။ လူပြက် ကိုခတ်ပွင့်နဲ့ ၃၈ နှစ်မှာ အိမ်ထောင်ကျတယ်။ စိန်ဗေဒါကြီးဆီမှာ ချီကောက်လိုက်ကဖူးတယ်။ ၁၉၅၃ ခုနှစ် အသက် ၅၅ နှစ်အရွယ်မှာ ပထမဆုံးစဖွင့်တဲ့ မန္တလေးပန်တျာကျောင်းမှာ အကနည်းပြလုပ်ခဲ့တယ်။ အသက် ၇၀ ကျော်မှာ ကျောက်ကပ်မကောင်းလို့ မန္တလေးပြည်သူ့ဆေးရုံကြီးမှာ ပါမောက္ခဒေါက်တာမြင့်မြင့်ခင်နဲ့ ပြတော့ ဆေးရုံတက်ရတယ်။ ဆေးရုံတက်တဲ့အခါ လက်ထောက်ဆရာဝန်မလေးတစ်ယောက်က နာမည်ဘယ်လိုခေါ်ပါသလဲလို့မေးတော့ သူ့ကိုမှမသိရကောင်းလားဆိုပြီး ဩဘာသောင်းက ဒေါပွတာတဲ့။ သူ ဟိုးလေးတကျော်ဖြစ်ခဲ့တုန်းက ဒီဆရာဝန်မလေးကလေ မမွေးသေးခင်ကဖြစ်တယ်ဆိုတာကို ဒေါ်ဩဘာသောင်းက မေ့နေရှာလို့နဲ့တူပါရဲ့လေ။

အငြိမ့်မင်းသမီးဩဘာသောင်းတို့၊ အောင်သန်းစိန်တို့ဆိုတာ ရုပ်ကတော့ တောကပန်းထိမ်သည်လုပ်ထားတဲ့ရွှံ့ရုပ်လိုပါပဲ။ ဘယ်လိုမှကို အချိုးမကျပါဘူး။ အရေးထဲ မင်းသမီးလို့သာပြောတာ အသားကလဲမည်းသေးတယ်။ နှာတံကဆို တိုတိုနဲ့ပါ။ ဒါပေမဲ့ အငြိမ့်စင်ပေါ်ရောက်သွားတာနဲ့ ဩဘာသောင်းဆိုတာ ကြာဟန်ပါတဲ့ အမူအရာပိုပိုနဲ့များ ကသွားလိုက်ရင် ပွဲကြည့်ပရိသတ် ကာလသားတွေဆိုတာ အုံးအုံးထ၊ ဩဘာသောင်းရဲ့ စန်းထပုံက ကြောက်စရာကောင်းတဲ့ထိ ဖြစ်ခဲ့ရပါတော့တယ်။

**ကိုးကား**

**- လူထုဒေါ်အမာရဲ့အငြိမ့်**

# ရှယ်ပဲ ဇာတ်လမ်းတွဲ မိတ်ဆက်ပွဲ Rangoon Cineplex တွင် ပြုလုပ်



ရန်ကုန် ဩဂုတ် ၂၇

မာလာမြိုင် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ရှယ်ပဲ အမည်ရှိ ရုပ်သံဇာတ်လမ်းတွဲ မိတ်ဆက်ပွဲကို ဩဂုတ် ၂၆ရက်က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Rangoon Cineplex တွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် အဓိက သရုပ်ဆောင်အဖြစ် ပါဝင်ထားသူ သရုပ်ဆောင်မေမီကိုကိုက ပြောပြ၍ သိရသည်။

ရှယ်ပဲ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ထွန်းထွန်း၊ ဂျိုကာ၊ ကေညီ၊ ရွှေအိုး၊ စံလင်း၊ ဖိုးသဲ၊ စုပါလင်း၊ ပေါ်လွင်၊ မေမီကိုကို၊ စိုးမိုးကြည် နှင့် အခြားအနုပညာရှင်များစွာ ပါဝင် သရုပ်ဆောင်ထားကြောင်း၊ အဆိုပါဇာတ်လမ်းတွဲကို ဩဂုတ် ၃၁ ရက်မှ စတင်ကာ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း HEY Play Application ၊ HEY Play YouTube Channel နှင့် Chnnel 7 ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"မေမီက ဒီဇာတ်လမ်းတွဲမှာ နာမည်ရင်းက ပိုးပိုးကနေ ပဲပဲဆိုတဲ့ အမည်တွင်သွားတဲ့ ကာရိုက်တာနဲ့ ပါဝင်ထားတာပါ။ ဒီဇာတ်လမ်းတွဲလေးက ကျေးလက်သဘာဝ ဟာသကားဇာတ်လမ်းတွဲလေးပါ။ မေမီနဲ့ ကိုထွန်းထွန်းက ရန်ဘက်တွေပေါ့။ တစ်ယောက်ကိုတစ်ယောက် အနိုင်လိုစိတ်များတယ်။ ဘယ်လိုပဲဖြစ်ဖြစ် တစ်ယောက်ကိုတစ်ယောက် နိုင်ရမှ ကျေနပ်တာမျိုးပေါ့။ ပရိသတ်တွေ သဘောကျကြမှာပါ။ ဟာသသရုပ်ဆောင်တွေ အင်အားများများ သုံးထားတဲ့ ဇာတ်လမ်းတွဲလေး ဖြစ်ပါတယ်"ဟု သရုပ်ဆောင် မေမီကိုကို က ပြောပြ၍ သိရသည်။

ASH

# Salem's Lot ဇာတ်ကားကို Max အွန်လိုင်း ရုပ်ရှင်ထုတ်လုပ်ရေးစနစ်မှ ထုတ်လွှင့်မည်

နယူးယောက် ဩဂုတ် ၂၇

Salem's Lot အမည်ရှိ ထိတ်လန့်သည်းဖို ဇာတ်ကားသစ်ကို Max အွန်လိုင်းရုပ်ရှင်ထုတ်လုပ်ရေးစနစ်မှတစ်ဆင့် ယခုနှစ် အောက်တိုဘာလတွင် စတင်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း ဩဂုတ် ၂၆ ရက် သတင်းများအရ သိရသည်။

သို့ရာတွင် Salem's Lot ဇာတ်ကား စတင်ထုတ်လွှင့်ပြသမည့် ရက် အတိအကျကို New Line ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Salem's Lot ဇာတ်ကားသည် ကမ္ဘာကျော် အမေရိကန်ထိတ်လန့်သည်းဖို စာရေးဆရာစတီဖင်ကင်း၏ Salem's Lot ဝတ္ထု (1475) ကို အခြေခံရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

Salem's Lot ဇာတ်ကားကို ဒါရိုက်တာ ဂါရီဒူဘာမင်းက ရိုက်ကူးပေးထားပြီး အဆိုပါ ဇာတ်ကားတွင် မင်းသား လူးဝစ်ပူးမင်း၊ မင်းသမီး အက်ဖရီဝှဲနှင့် မက္ကင်ဇီလိုက်တို့ ပါဝင်သရုပ်ဆောင်ထားသည်။

Salem's Lot ဇာတ်ကားသည် ဇာတိမြို့လေးသို့ ပြန်လည်ရောက်ရှိလာပြီးနောက် သွေးစုပ်မိစ္ဆာများနှင့် ရင်ဆိုင်ခဲ့ရပုံကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# တေးသံရှင် လိမ္မော်သီး၏ လုံလောက်ပြီ တေးသီချင်း MV ထွက်ရှိ

ရန်ကုန် ဩဂုတ် ၂၇

တေးသံရှင် လိမ္မော်သီး၏ လုံလောက်ပြီ အမည်ရှိ တေးသီချင်း Music Video (MV) ဩဂုတ် ၂၆ ရက်က ထွက်ရှိခဲ့ကြောင်း တေးသံရှင် လိမ္မော်သီးက ပြောပြ၍ သိရသည်။

တေးသံရှင် လိမ္မော်သီး၏ လုံလောက်ပြီအမည်ရှိတေးသီချင်းကို တေးရေး ဆိုတာက ရေးသားပေးထားခြင်းဖြစ်ပြီး အဆိုပါ တေးသီချင်း Music Video (MV) တွင် လိမ္မော်သီးနှင့်အတူ ညီမဖြစ်သူ သရုပ်ဆောင် ဝေလာရီနှင့် ရှိုင်းလတ်တို့က တေးသရုပ်ဖော် သရုပ်ဆောင်ပေးထားကာ ဒါရိုက်တာ နှင်းဆုက တာဝန်ယူ ရိုက်ကူးပေးထားကြောင်း သိရသည်။

"အစ်မကတော့ သီချင်းလေး ထွက်ဖို့ ပြင်ဆင်နေတာ ကြာပါပြီ။ ဒီကာလတွေ Single Song အနေနဲ့ သီချင်းလေး ထွက်လိုက်တဲ့ သဘောပါ။ ဒီသီချင်းလေးက ပေးခဲ့ဖူးတဲ့ မေတ္တာတွေ ပြန်လျော့ပေးဖို့ တောင်းဆိုထားတယ်။ ပရိသတ်တွေရဲ့ ရင်ဘတ်ထဲ ထိမလားဆိုတာတော့ ပြန်လာမဲ့ Feedback မှပဲ သိရမှာပါ။ အစ်မအနေနဲ့ လုံလောက်ပြီဆိုတဲ့သီချင်းလေးကို အကောင်းဆုံးတော့ ကြိုးစားပြီး Music Video လေး ပရိသတ်အတွက် လက်ဆောင်အနေနဲ့ တင်ပေးထားပါတယ်။ ပရိသတ်တွေ နားဆင်အားပေးကြပါအုံး"ဟု တေးသံရှင် လိမ္မော်သီးက ပြောပြသည်။




တေးသံရှင် လိမ္မော်သီး၏ လုံလောက်ပြီ အမည်ရှိ တေးသီချင်းကို ဩဂုတ် ၂၆ ရက်က Tay Than Thar Application နဲ့ Online App တို့မှ ဖြန့်ချိပေးထားခြင်းဖြစ်ပြီး တေးသံရှင် လိမ္မော်သီးသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလကလည်း အစ္စန်းရောက်ချစ်တတ်ခဲ့သော တေးသီချင်း Music Video(MV) ထွက်ရှိထားကြောင်း သိရသည်။

ASH

# နိုင်ငံတကာရုပ်ရှင်ဇာတ်ကားဆုအတွက် The Seed of the Scared Fig ဇာတ်ကားကို ဂျာမနီနိုင်ငံက တင်သွင်းထား

နယူးယောက် ဩဂုတ် ၂၇

၉၇ ကြိမ်မြောက် အော်စကာဆုပေးပွဲအကောင်းဆုံးနိုင်ငံတကာ ရုပ်ရှင်ဇာတ်ကားဆုအတွက် ဂျာမနီနိုင်ငံကိုယ်စားပြု ဇာတ်ကားအဖြစ် The Seed of the Sacred Fig ဇာတ်ကားကို ဂျာမနီနိုင်ငံက တင်သွင်းထားကြောင်း ဩဂုတ် ၂၆ ရက် သတင်းများအရ သိရသည်။


The Seed of the Scared Fig ဇာတ်ကားကို အီရန်လူမျိုး ဒါရိုက်တာ မိုဟမ်မက်ရာဆိုးလော့က ရိုက်ကူးထားခြင်းဖြစ်သည်။

ဂျာမနီ ရုပ်ရှင်အကယ်ဒမီသည် ဂျာမနီရောက် အီရန်လူမျိုး ဒါရိုက်တာတစ်ဦး ရိုက်ကူးထားသော ရုပ်ရှင်ဇာတ်ကားကို အော်စကာဆုပေးပွဲအတွက် ဂျာမနီနိုင်ငံကိုယ်စားပြုဇာတ်ကားအဖြစ် ပထမဆုံး တင်သွင်းခဲ့ခြင်းဖြစ်သည်။

The Seed of the Scared Fig ဇာတ်ကားသည် ကိန်းစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်၌ ဒိုင်အဖွဲ့၏ အထူးဆုရရှိထားသော ဇာတ်ကားဖြစ်ကြောင်း သိရသည်။

၉၇ ကြိမ်မြောက် အော်စကာ ရုပ်ရှင်ဆုပေးပွဲကို ၂၀၂၅ ခုနှစ် မတ် ၂ ရက်တွင် လော့စ်အိန်ဂျလိစ်မြို့တော်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO



# မြန်အောင်မြို့နယ် ကံဆယ်ကုန်းကျေးရွာတွင် ချောင်းကျောက်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

မြန်အောင် ဩဂုတ် ၂၇

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကံဆယ်ကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာတွင်း ချောင်းကျောက်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်၊ မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်အေးအေးလှိုင်နှင့် တာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအဖွဲ့ဝင်များနှင့်အတူ ကံဆယ်ကုန်းကျေးရွာ၌ ကျေးရွာတွင်း ချောက်ကျောက်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားရန် မှာကြားသည်။

ကံဆယ်ကုန်းကျေးရွာ၌ အရှည်ပေ ၁၆၀၀၊ အကျယ် ၁၁ ပေ အမြင့် ခြောက်လက်မရှိ ချောင်းကျောက်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းရံပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာနေပြည်သူ ထည့်ဝင်ငွေကျပ် သိန်း ၃၀ အသုံးပြု၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ အားလုံး၏ ၂၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်က ပြောပြ၍ သိရသည်။

သံသာ

# Sundried salt weighing 85,000 viss sent to Yangon market in July


Salt making in progress.

**Pyapon August 27**

Pyapon Township of Ayeyawady Region shipped 85,000 viss of sundried salt to Yangon market in July, said Daw Mar Mar Yi, the owner of salt production in Pyapon Township.

Local salt farmers and businesspersons sent 60,000 viss of sundried salt to Yangon in June, compared with 85,000 viss of sundried salt in July.

Daw Mar Mar Yi commented: "Local salt farmers dispatch sundried salt to Yangon market. In July, they shipped 85,000 viss of salt to Yangon. In consequence, local salt farmers and those in salt production chain are convenient in daily routine of their businesses."

Salt entrepreneurs produce sundried salt in Pyapon Township systematically and send it to Yangon market. At present, sundried salt fetches K59,000 per 10 viss. Sundried salt is used in fish processing industries.

Kyaw Kyaw Lin

# Pomfret sent to Yangon market from Maubin Township in July

**Maubin August 27**

A total of 80,000 viss of pomfret was shipped by Maubin Township of Ayeyawady Region to Yangon market in July, said Daw Win Maw, the owner of marine product trading in Maubin.

Local fishermen and businesspersons sent 55,000 viss of pomfret to Yangon market in June, in comparison with 80,000 viss in July due to high demand of local merchants.

Daw Win Maw remarked: "Demand for purchase of pomfret fish is higher and higher in the domestic market. In July, local fishermen and businesspersons sent 80,000 viss of pomfret to Yangon market due to high demand. Pomfret fish regularly flows into domestic commodity centres. Due to high demand for pomfret fish, local fishermen and businesspersons are convenient in their livelihoods."

Businesspersons in Maubin Township purchase all species of fish including pomfret from local fishermen and send it to Yangon market which distributes fishery products to other regions and states. At present, the domestic markets in Yangon trade some 500 viss of pomfret fish per day.

Kyaw Kyaw Lin


Various kinds of fish for sale at a market.

# More than 700 acres of peanut plants thriving in Katha District this monsoon season

**Katha August 27**

The statistics of Katha District Agriculture Department stated that a total of 740 acres of croplands have been placed under monsoon peanut plants in Katha District of Sagaing Region.

In 2024-25 monsoon season, Katha District authorities set a plan to grow 913 acres of peanut but local farmers grew 740 acres of peanut against the target cultivation.

U Myint Soe, Head of Katha District Agriculture Department said: "Local authorities earmarked cultivation of 930 acres of monsoon peanut this season but local farmers have so far planted 740 acres of peanut against the target. They are striving for meeting the target cultivation. Peanut plants are thriving in the croplands. Sown acreage is on the rise in the district year after year."

This year, Katha Township planted 180 acres of peanut plants, Indaw Township 150 acres, Htigyaing Township 32 acres and Bamauk Township 378 acres, totalling 740.

In 2024-25 season, Katha Township planned to grow 344 acres of peanut, Indaw Township 150 acres, Htigyaing Township 32 acres and Bamauk Township 387 acres, totalling 913.

Local farmers need to use 1.5 baskets per acre for cultivation and cost more than K200,000 per are for labour charge and pesticides but each acre yields more than 50 baskets per acre.

Staff members of relevant agriculture departments of Katha District provide necessary assistance for local farmers with agricultural techniques, pesticides and weeding.

206

# Thailand's exports rebound to 28-month high in July

**Bangkok August 27**

Thailand's exports surged to a 28-month high in July thanks to a marked increase in shipments to key markets, driven by higher demand for electronic products, which aligns with a growing digital economy, official data showed on Tuesday.

Exports, a key driver of the Southeast Asian country's economic growth, jumped 15.2 percent last month from a year earlier to 25.72 billion U.S. dollars, a strong rebound from a 0.3 percent dip in June, according to the Ministry of Commerce.

The upsurge in export value was attributed to elevated prices for main agricultural goods amid a decline in global supply, said Poonpong Naiyanapakorn, director general of the ministry's Trade Policy and Strategy Office.

Exports of agricultural products grew 3.7 percent on robust growth in rubber and rice shipments, while agro-industrial goods soared 14.6 percent.

Industrial product shipments recorded an expansion of 15.6 percent, owing to major increases in computer, telephone, air conditioning and oil-related products.

The data also showed that Thailand's imports rose 13.1 percent year-on-year to 27.09 billion dollars in July, resulting in a trade deficit of 1.37 billion dollars.

For the first seven months of 2024, exports climbed 3.8 percent to 171.01 billion dollars, while imports picked up 4.4 percent to 177.62 billion dollars, yielding a trade deficit of 6.61 billion dollars. Xinhua

# Jordan launches initiative to support amputees in Gaza

**Amman August 27**

Jordan on Monday launched an initiative to support amputees in Gaza in response to an unprecedented increase in limb injuries resulting from the ongoing conflict.

The initiative, which comes under the direction of King Abdullah II, offers advanced technology that enables the fitting of functional prosthetic limbs for amputees within one hour.

The personnel at Jordan's National Center for Amputee Rehabilitation, part of King Hussein Medical Center, have received training in the new technology and successfully fitted a young boy from Gaza, who underwent a triple amputation, with prosthetic limbs, allowing him to walk with a walker in just one day.

Furthermore, two Mobile Amputee Support Units, equipped with all necessary tools, will be deployed to the Jordanian military field hospitals in Gaza, where they will start fitting amputees with prosthetic limbs.

Mustafa Al-Hayari, director of military media in the Jordanian Armed Forces-Arab Army, said that the initiative aims to provide thousands of prosthetic limbs for individuals who have suffered limb loss. Xinhua


A boy from Gaza, who lost an arm and two legs in an Israeli raid, practices with prosthetic limbs at King Hussein Medical Center in Amman, Jordan, on Aug. 26, 2024.

# Kanbalu Township successfully plants 829 acres of sugarcane amid 2024 monsoon season


A sugarcane plantation.

**Kanbalu August 27**

According to reports from the Agriculture Department of Kanbalu Township, Sagaing Region, 829 acres of sugarcane have been planted so far this year during the monsoon season in Kanbalu Township, Kanbalu District.

For the 2024-2025 monsoon planting season, a total of 1,106 acres of sugarcane are planned for cultivation in Kanbalu Township. Since planting began in May of this year, 829 acres have already been completed.

"This year, over 1,000 acres of sugarcane are planned for planting in Kanbalu Township during the monsoon season. As of now, 829 acres have been planted. We are working to meet the target acreage, and the local farmers are planting sugarcane as usual," said U Myo Zaw, the Township Agriculture Officer of Kanbalu Township.

It is reported that sugarcane is predominantly grown in Shwebo District, Kanbalu District, and Katha District within the Sagaing Region, with Katha and Kanbalu Districts having the highest amount of sugarcane cultivation.

The cost of planting sugarcane in Kanbalu Township is estimated to be between 600,000 and 700,000 kyats per acre, with an expected yield of 30 tons per acre. In Sagaing Region, high-yield varieties such as K-95/84, Nawaday-4, Formosa, and Hsinshweli are being cultivated, with a focus on both monsoon planting and irrigated planting methods. 206

# Yinmabin District cultivates 91,688 acres of rain-fed pigeon peas

**Yinmabin August 27**

A total of 91,688 acres of pigeon peas have been planted in Yinmabin District, Sagaing Region, according to statistics from the Department of Agriculture for Yinmabin District.

During the 2024-2025 rain crops planting season, 88,500 acres of pigeon peas are planned to be planted in Yinmabin District, and since May this year, 2,180 acres in Yinmabin Township, 31,223 acres in Kani Township, 15,385 acres in Salingyi Township, and 22,900 acres in Pale Township have been planted.

"We also help to improve the yield of pigeon peas. The pigeon peas are grown separately and are also grown as intercrops," said Daw Myat Moe Win, head of the Department of Agriculture for Yinmabin District.

During the 2024-2025 rain crops planting season, a township-specific allocation for the planting of pigeon peas in Yinmabin District is as per following: 20,300 acres in Yinmabin Township, 30,800 acres in Kani Township, 15,390 acres in Salingyi Township, and 2,210 acres in Pale Township, totaling 88,500 acres. 206


A monsoon pigeon pea plantation.

# Katha District cultivates 1,264 acres of rain-fed sesame

**Katha August 27**

A total of 1,264 acres of rain-fed sesame have been planted in Katha District of Sagaing Region this year, according to statistics from the Department of Agriculture for Katha District.

During the 2024-2025 rain crops planting season, 582 acres of rain-fed sesame are planned to be planted in Katha District and 1,264 acres have been planted since May this year.

"At present, we can plant more than the designated acres for rain-fed sesame. We are also working to expand sesame cultivation, produce better yields, and cultivate GAP systems," said U Myint Soe, head of the Department of Agriculture for Katha District.

In this year, the acreage of sesame planted in Katha district is as per following: 790 acres in Katha Township, 100 acres in Indaw Township, 290 acres in Htigyaing Township, and 290 acres in Bamauk Township, totaling 1,264 acres.

In the 2024-2025 rain crops planting season, the designated acres of rain-fed sesame was as following: 109 acres in Katha Township, 120 acres in Indaw Township, 260 acres in Htigyaing Township, and 93 acres in Bamauk Township, totaling 582 acres. 206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Over 33,000 acres of monsoon paddy successfully cultivated in Paungbyin Township this season

**Phaungbyin August 27**

According to records from the Mawlaik District Department of Agriculture, as of this year's monsoon crop planting season, 33,192 acres of monsoon paddy have been cultivated in the Paungbyin Township, Mawlaik, Sagaing Region.

It is reported that for the 2024-2025 monsoon crop season, 54,550 acres of monsoon paddy were planned for cultivation in Paungbyin Township. Planting began in June this year, and 33,192 acres have already been completed.

"The plan for this year's monsoon crop season in Paungbyin Township is to cultivate over 50,000 acres of monsoon paddy. As of today, more than 30,000 acres have been planted. We are providing the necessary technology and seeds to ensure the targeted acreage is fully planted. We are also assisting farmers on the ground to ensure that monsoon paddy is planted in a timely manner," said Daw Kywe Kywe Hlaing, the head of the Mawlaik District Department of Agriculture.

It is also known that the relevant Township Agriculture Department and local farmers are collaborating to ensure systematic and trouble-free cultivation of monsoon paddy during this year's monsoon crop season.

In Paungbyin Township, the Department of Agriculture is actively providing farmers with agricultural technology, pest control knowledge, guidance to prevent crop loss, and advice on timely harvesting and proper storage of paddy under shelters.

This year, to ensure successful and productive monsoon paddy cultivation in Paungbyin Township, the Township Agriculture Department and its staff are implementing various agricultural techniques, such as selecting high-quality seeds, ensuring pest-free conditions, using traditional planting methods, removing non-resistant strains, and using fertilizers properly. 206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တရုတ်နိုင်ငံထုတ် GJ-11 ဒရုန်းကို လေကြောင်းကင်းလှည့်မှုများတွင် ပေါင်းစပ်အသုံးပြုမည်



တရုတ်နိုင်ငံထုတ် GJ-11 ဒရုန်းသည် ပြင်သစ်နိုင်ငံ Dassault ကုမ္ပဏီထုတ် nEUROn ဒရုန်းနှင့် အမေရိကန်နိုင်ငံ Boeing ထုတ် Loyal Wingman အစောင့်လိုက်ပါ ပျံသန်းတိုက်ပွဲဝင်နိုင်မည့် ဒရုန်းများနှင့်ပုံစံတူပြီး ၎င်းဒရုန်းကိုလေကြောင်းကင်းလှည့်မှုများတွင် အလွယ်တကူ ပေါင်းစပ်အသုံးပြုမည်ဟု Army Recognition သတင်းဌာနက ဩဂုတ် ၂၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

GJ-11 ဒရုန်းကို အသွားထက်ထက်ဓားတစ်လက်ဟုမှည့်ခေါ်ထားပြီး တရုတ်နိုင်ငံ လေကြောင်းနှင့် အာကာသလုပ်ငန်းဆိုင်ရာ အထူးပြုလုပ်ဆောင်နေသောကာကွယ်ရေးကုမ္ပဏီကြီးများအနက်မှ တရုတ်နိုင်ငံ လေကြောင်းနှင့် စက်မှုလုပ်ငန်းကော်ပရေးရှင်း (AVIC) က တီထွင်ထုတ်လုပ်ထားခြင်းဖြစ်သည်။

GJ-11ဒရုန်းသည်၎င်း၏လေခွင်းအားတည်ဆောက်မှုပုံစံ အသွင်သဏ္ဍာန်နှင့် ရေဒါစုပ်ယူနိုင်သောပစ္စည်းများကိုအသုံးပြုထားခြင်းကြောင့် ရန်သူ့ရေဒါများတွင် ဖမ်းယူထောက်လှမ်းခံရနိုင်မှု RCS အနေဖြင့် များစွာလျော့နည်းသွားစေမည်ဖြစ်သည်။ GJ-11 ဒရုန်းသည် ရန်သူ့ရေဒါစနစ်များမှ ထောက်လှမ်းခံရနိုင်ခြင်းမရှိဘဲ လေကြောင်းရန်ကာကွယ်ရေးစနစ်များဖြင့် လွှမ်းခြုံကာကွယ်ထားသောလေပိုင်နက်အတွင်းသို့ ထိုးဖောက်ဝင်ရောက်နိုင်သည်။ ဒရုန်း၏ အကွာအဝေးဆိုင်ရာအသေးစိတ်အချက်အလက်များကို အတိအကျ ထုတ်ဖော်ပြောကြားထားခြင်း မရှိသေးသော်လည်း GJ-11 ဒရုန်းသည် လေထဲတွင် အချိန်ကြာမြင့်စွာဖြင့် မြင့်မြင့်နှင့်ဝေးဝေးပျံသန်းစစ်ဆင်နိုင်စေရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။

GJ-11 ဒရုန်းသည် ဗုံးခွင်းဗုံးများ၊ တိကျပဲ့ထိန်းဗုံးများနှင့် ရေဒါဖျက်လက်နက်များအပါအဝင် လက်နက်မျိုးစုံကို သယ်ဆောင်တိုက်ပွဲဝင်နိုင်သည်။ ၎င်းလက်နက်များသည် ဒရုန်း၏စွမ်းရည်ကို မပျက်ပြယ်စေရန် ကိုယ်ထည်အတွင်းပိုင်း၌ သယ်ဆောင်တိုက်ပွဲဝင်နိုင်မည်ဖြစ်သည်။ GJ-11 ဒရုန်းသည် ကင်းထောက်ခြင်း၊ စောင့်ကြည့်ခြင်း၊ အီလက်ထရွန်နစ် စစ်ဆင်ရေးဆောင်ရွက်ခြင်းနှင့် တိကျပဲ့ထိန်း တိုက်ခိုက်မှုများအတွက် ဘက်စုံအသုံးပြုနိုင်စွမ်းရှိကြောင်း သိရသည်။

ထို့ပြင် တပ်ဖွဲ့တစ်ခုတည်းဖြင့်ဖြစ်စေ၊ အခြားတပ်ဖွဲ့များနှင့်ဖြစ်စေ တိုက်ခိုက်ရေး အင်အားဖြည့် စွမ်းအားစုအဖြစ် ပူးပေါင်းစစ်ဆင်ရေးတွင် ပါဝင်ထမ်းဆောင်နိုင်မည်ဖြစ်သည်။ GJ-11 ဒရုန်းတွင် ဉာဏ်ရည်တုကိုအခြေခံ၍ အလိုအလျောက် ပျံသန်းတိုက်ပွဲဝင်နိုင်သည့်စွမ်းရည်များအသုံးပြုပေးထားပြီး အလိုအလျောက် ပျံသန်းနိုင်စေရန် သို့မဟုတ် ကြိုတင်အစီအစဉ် ရေးဆွဲထားသောပျံသန်းမှုလုပ်ငန်းစဉ်များအတိုင်း လိုက်ပါဆောင်ရွက်နိုင်စွမ်းရှိသည်ဟု AVIC ကော်ပိုရေးရှင်းက ထုတ်ပြန်ထားသည်။

**Chinese GJ-11 Sharp Sword UCAV spotted during test flight ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှားက Kornet တင့်ဖျက်ဒုံးကျည်တပ် Dispatch မောင်းသူမဲ့မြေပြင်သွားတိုက်ခိုက်ရေးယာဉ်ကို ထုတ်ဖော်ပြသ

ရုရှားနိုင်ငံသည် Kornet တင့်ဖျက်ဒုံးကျည်တပ် Dispatch မောင်းသူမဲ့မြေပြင်သွား တိုက်ခိုက်ရေးယာဉ်ကို ထုတ်ဖော်ပြသခဲ့ကြောင်း Army Recognition သတင်းဌာနက ဩဂုတ် ၂၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တင့်ကားများ၊ သံချပ်ကာယာဉ်များနှင့် ရဟတ်ယာဉ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်ရန်အတွက် ဒီဇိုင်းထုတ်ထားသည့် နောက်ဆုံးပေါ် UCGV တိုက်ခိုက်ရေးစနစ်သည် ယူကရိန်းအထူးစစ်ဆင်ရေးတွင် မကြာမီတပ်ဖြန့်အသုံးပြုနိုင်တော့မည်လည်းဖြစ်သည်။

ရုရှား ကာကွယ်ရေးစက်မှုလုပ်ငန်းကဏ္ဍမှ နောက်ဆုံးပေါ်ဆန်းသစ်တီထွင်မှုတွင် ခေတ်သစ်စစ်ပွဲအတွက် ကြောက်မက်ဖွယ်ကောင်းသောခံစစ်နှင့် ထိုးစစ်နှစ်ရပ်စလုံး၌ အသုံးပြုနိုင်မည့် Kornet တင့်ဖျက်ဒုံးကျည်စနစ်နှင့် အဆင့်မြင့်စက်ရုပ်များကို ပေါင်းစပ်ထားခြင်းပင်ဖြစ်သည်။ ရုရှားအခေါ် 9M133 Kornet ဟု လူသိများသော Kornet တင့်ဖျက်ဒုံးကျည် (ATGM)သည် ပင်မတိုက်ပွဲဝင်တင့်ကားများ၊ ခြေလျင်တိုက်ခိုက်ရေးယာဉ်များ အပါအဝင် တင့်၊ သံချပ်ကာပစ်မှတ်များ၊ အခိုင်အမာခံစစ်နေရာများကို ကျယ်ကျယ်ပြန့်ပြန့် တိုက်ခိုက်ဖျက်ဆီးနိုင်ရန်ဒီဇိုင်းထုတ်ထားသော အလွန်ထိရောက်ပြီး စွယ်စုံရလက်နက်စနစ်တစ်ခုဖြစ်ကြောင်း သိရသည်။

Kornet တင့်ဖျက်ဒုံးကျည်သည် ပျံသန်းနေစဉ် ပစ်မှတ်ကိုစဉ်ဆက်မပြတ်ခြေရာခံထိန်းချုပ်ထားနိုင်စေရန် Semiautomatic Command-to-Line-of-Sight (SACLOS) ထိန်းကျောင်းရေးစနစ်ဖြင့် အော်ပရေတာမှ ထိန်းချုပ်လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ဒုံးကျည်သည် ပစ်မှတ်ဆီသို့ ပစ်လွှတ်ချိန်တွင် ဒုံးပစ်လောင်ချာမှ ထုတ်လွှတ်သောလေဆာရောင်ခြည်ဖြင့် လမ်းညွှန်လုပ်ဆောင်နိုင်သည်။ ဤဒုံးထိန်းကျောင်းရေးလမ်းညွှန်စနစ်သည် စံပြုအခြေအနေများအောက်တွင် ပစ်မှတ်ကို ထိမှန်ဖျက်ဆီးနိုင်စွမ်း ၉၀ ရာခိုင်နှုန်းထိ တိကျစေမည်ဖြစ်ကြောင်း သိရသည်။

လေးဘီးတပ် မောင်းသူမဲ့ယာဉ်ကိုယ်ထည်ပေါ်တွင် တည်ဆောက်ထားသည့် Dispatch မောင်းသူမဲ့မြေပြင်သွားတိုက်ခိုက်ရေးယာဉ်သည် ကြားခံဆက်သွယ်ရေးမလိုအပ်ဘဲ အများဆုံးအကွာအဝေး နှစ်ကီလိုမီတာထိ ၃ နာရီကြာ တစ်ဆက်တစ်စပ်တည်း တိုက်ပွဲဝင်အသုံးပြုနိုင်မည်ဖြစ်သည်။ ယာဉ်ကိုယ်ထည်သည် ကီလိုဂရမ် ၁၅၀ ထိ သယ်ဆောင်နိုင်ပြီး အပိုလက်နက်ခဲယမ်းများ သို့မဟုတ် ထောက်ပံ့ရေးပစ္စည်းများကိုလည်း ရှေ့တန်းကျကျ ပို့ဆောင်ပေးနိုင်သည်။ စစ်ဆင်နိုင်သော အကွာအဝေး ကီလိုမီတာ ၃၀၀ နှင့် အမြင့်ဆုံးအမြန်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၄၀ ဖြင့် ဓာတ်အား အရန်ထားရှိပေးမည်ဆိုပါက Dispatch မောင်းသူမဲ့မြေပြင်သွားတိုက်ခိုက်ရေးယာဉ်(UCGV)သည် အချိန်ကြာမြင့်စွာဖြင့် လျင်မြန်စွာ တိုက်ပွဲဝင်နိုင်စွမ်းရှိကြောင်း သိရသည်။




Kornet တင့်ဖျက်ဒုံးကျည်စနစ်တပ်ဆင်ထားသော Dispatch မောင်းသူမဲ့မြေပြင်သွား တိုက်ခိုက်ရေးယာဉ် (UCGV) ကို မိတ်ဆက်ပြသလိုက်ခြင်းသည် ခေတ်သစ်စစ်ပွဲနည်းပညာတွင် သိသာထင်ရှားသော တိုးတက်မှုကိုကိုယ်စားပြုပြီး ရုရှားနိုင်ငံ ကာကွယ်ရေးစက်မှုလုပ်ငန်းတွင် လက်ရှိဖြစ်ပေါ်နေသော ဆန်းသစ်တီထွင်မှုများကို မီးမောင်းထိုးပြလျက်ရှိသည်။ ယူကရိန်းအထူးစစ်ဆင်ရေးတွင် တိုက်ပွဲဝင်ဖြန့်ကြက်အသုံးပြုနိုင်မှု အလားအလာသည် လက်ရှိဖြစ်ပွားနေသော ပဋိပက္ခတွင် အရေးပါသောအဆင့်မြင့်စွမ်းရည်တစ်ခုကို ပိုင်ဆိုင်ထားနိုင်စေပြီး အထူးသဖြင့် ဒရုန်းများနှင့် Loitering Munition များ၏ ကြီးထွားလာနေသော ခြိမ်းခြောက်မှုကို တန်ပြန်ရန်ဖြစ်သည်။ ရုရှားနိုင်ငံသည် တိုးတက်ပြောင်းလဲနေသော ခေတ်သစ်စစ်မြေပြင်နှင့်အညီ လိုက်လျောညီထွေဖြစ်အောင် ဆက်လက်ကြိုးပမ်း ဖြည့်တင်းနေသောကြောင့် Dispatchကဲ့သို့သော မောင်းသူမဲ့မြေပြင်သွား တိုက်ခိုက်ရေးယာဉ်များ၏ အင်အားကို ထိန်းသိမ်းထားရန်နှင့် တပ်ဖွဲ့ဝင်များ၏ဘေးကင်းမှုကို အာမခံရန်အတွက် မရှိမဖြစ်လိုအပ်လှသည်။

**Russia Unveils Anti-Tank Robot Armed with Kornet Missile Amid Rising Drone Threats in Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပန်းခရုပိဿာချိန် ၇၆၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့



လပွတ္တာ ဩဂုတ် ၂၇

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပန်းခရု ပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမြတ်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း ပန်းခရု ပိဿာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ပန်းခရုပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''လပွတ္တာမြို့နယ်ကနေ ပန်းခရုတွေအပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ ရောင်းချနေတာဖြစ်ပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ရေထွက်ကုန်တွေထဲမှာ ပန်းခရုပိဿာချိန် ၇၆၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ လက်ရှိမှာလဲ လပွတ္တာမှရေထွက်ကုန်တွေကို အဝယ်လိုက်နေပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ပန်းခရုတွေ လတ်ဆတ်မှုနဲ့ အရွယ်အစားအလေးချိန် ပေါ်မူတည်ပြီး ဈေးအပြောင်းအလဲရှိပါတယ်။ ပန်းခရုတွေကို လတ်တလောပင်လယ်စာအရောင်းဆိုင်တွေက အဝယ်လိုက်နေတာကြောင့် အခုလို တင်ပို့အားကောင်းလာတာပါ။ တင်ပို့အားကောင်းလာတော့ ရေလုပ်ငန်းရှင်တွေနဲ့ အရောင်းအဝယ်သမားတွေ အဆင်ပြေလာပါတယ်''ဟု လပွတ္တာမြို့နယ်ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမြတ်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ပန်းခရု တစ်ပိဿာလျှင် ငွေကျပ် ၁၉၀၀၀ ထိ ပေါက်ဈေးရှိကြောင်း အဆိုပါဒေသမှ ပန်းခရုများအပြင် အခြားရေထွက်ကုန်များ အရောင်းအဝယ်ကောင်းမွန်လာသည့်အတွက် ရေလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမြတ်ထံမှ သိရသည်။

ကျော်ကျော်လင်း

# မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၇၀၂၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

စစ်ကိုင်း ဩဂုတ် ၂၇

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၇၀၂၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြောင်မြို့နယ်တွင် ပဲစင်းငုံဧက ၁၀၀၀၁ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၀၂၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ ပဲစင်းငုံ ၁၀၀၀၁ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၇၀၂၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

ယခုနှစ် မြောင်မြို့နယ်တွင် ပဲစင်းငုံစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



မြောင်မြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပဲစင်းငုံစိုက်တောင်သူများကို ရွက်ဖျန်းမြေသြဇာဝယ်ယူမှု သက်သာနိုင်စေရန်အတွက် ယူရီးယားနှင့် လက်ချားဓာတ်မြေသြဇာ ပေါင်းစပ်သုံးစွဲသည့်နည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်းနှင့်ယူရီးယားနှင့် လက်ချားသုံးစွဲခြင်းကြောင့် စိုက်ပျိုးစရိတ်သက်သာပြီး အပင်များပိုးမွှားကင်းစင် အပင်ဖြစ်ထွန်းကောင်းမွန်ကြောင်း သိရသည်။ (၂၀၆)

# စလင်းမြို့နယ် ငွေသောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း ကွင်းဆင်းစစ်ဆေး

မင်းဘူး ဩဂုတ် ၂၇

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် သနပ်ကုန်းကျေးရွာအုပ်စု ငွေသောင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) စီမံကိန်းရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့်အင်ဂျင်နီယာဝန်ထမ်းများက ငွေသောင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့် အတူ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ချိန်အတွင်းပြီးစီးအောင် ဆောင်ရွက်ကြရန်ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ငွေသောင်ကျေးရွာ၌ လမ်းအရှည် ပေ ၅၅၀၊အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်းဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်ကြည့်ရှုမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ် ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း စလင်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

သန်းသန်းစိုး




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၇-၈-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၇၀၀၀/၁၇၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၉၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၂၈၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၆၈၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၀၅၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၁၉၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# အဆင့်မြင့်နိုင်ငံ့ဝန်ထမ်းများအတွက် ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းအမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ




**နေပြည်တော် ဩဂုတ် ၂၇**

အဆင့်မြင့် နိုင်ငံ့ဝန်ထမ်းများအတွက် ဥပဒေအသိပညာပြန့်ပွားရေး သင်တန်း အမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဥပဒေရေးရာဝန်ကြီး ဌာန ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်း ကျောင်း(LAC) ပထမထပ်သင်တန်း ခန်းမ (MOLA Lecture Hall)၌ ကျင်းပ သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူနှင့်ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာသိတာဦး၊ တိုင်းရင်း သားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးကျော်ဆန်းနှင့် ဦးခင်မောင်ဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယ ရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ ဥပဒေ ရေးရာဝန်ကြီးဌာနမှ ဌာနအကြီးအကဲများ၊ ညွှန်ကြားရေးမှူးများနှင့် သင်တန်းဆရာ များ၊ သင်တန်းသား၊ သင်တန်းသူများတက် ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဥပဒေအသိ ပညာပြန့်ပွားရေးမှာ တရားဥပဒေစိုးမိုးရေး အတွက် အညွှန်းကိန်းတစ်ခုဖြစ်ပါကြောင်း၊ လူတိုင်းလူတိုင်းတွင် ဥပဒေအသိပညာရှိသင့် သည်ဟူသော နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရလည်း ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း။

ယခုသင်တန်း၏ရည်ရွယ်ချက်မှာ ဥပဒေ အသိပညာပြန့်ပွားရေးအတွက် သက်ဆိုင်ရာ ဌာနများတွင် အရာထမ်းဝန်ထမ်းများကို ဥပဒေအသိပညာရှိစေရန် လုပ်ဆောင်ရမည် ဟုလမ်းညွှန်ချက်ရှိပါကြောင်း၊ ဝန်ကြီးဌာန၊ ဦးစီးဌာန၊ အဖွဲ့အစည်းများမှ မိမိတို့ထံမှ ဆရာများကို ဟောပြောပို့ချပေးရန် တောင်း ဆိုသည့်အခါတွင် မိမိတို့အနေဖြင့် ပင်မ လုပ်ငန်းများအပြင် သင်တန်းပေးခြင်းကို အချိန်နှင့်တစ်ပြေးညီ လုပ်ဆောင်နေပါ ကြောင်း၊ ယခုသင်တန်းတွင် ညွှန်ကြားရေး မှူး၊ ဒုတိယညွှန်ကြားရေးမှူးအဆင့်များကို ပို့ချနေခြင်းမှာ Training for Trainer ဖြစ်ပြီး မိမိဌာနတွင် ဆင့်ပွားသင်တန်းပေးနိုင်ရန် ရည်ရွယ်ပါကြောင်း။

ယခုသင်တန်းမှာ ရက်ပေါင်း ၄၀ စာသင် ချိန် တစ်ချိန်လျှင် မိနစ် ၅၀ အချိန် ၈၀ သင်တန်းပေးမည်ဖြစ်ပြီး Case Study၊ သင်တန်းဝင်ဆန်းစစ်ချက်နှင့် သင်တန်း ဆင်း ဆန်းစစ်ချက်များဆောင်ရွက်မည်ဖြစ် ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ သိသင့် သိထိုက်သည့် မူကြမ်းရေးဆွဲခြင်းဘာသာရပ်၊ စီးပွားရေးစာချုပ်စာတမ်းများ စိစစ်ခြင်း ဆိုင်ရာဘာသာရပ်၊ အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် အာဆီယံဥပဒေများ လက်တွေ့ အသုံးချမှုဘာသာရပ်၊ တရားမဆိုင်ရာ ဘာသာရပ်၊ အထွေထွေဥပဒေအကြံပေး ဘာသာရပ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေများ အပြင် မိမိတို့ဝန်ကြီးဌာနက ဆောင်ရွက်နေ သော လုပ်ငန်းများအကြောင်းကို ဥပဒေ ရေးရာဝန်ကြီးဌာနမှ အတွေ့အကြုံရင့်ကျက် သည့် ဆရာ၊ ဆရာမများက ဖြန့်ဝေပေးမည် ဖြစ်ပါကြောင်း။

သင်တန်းသား၊ သင်တန်းသူအရာရှိကြီး များအနေဖြင့် သင်တန်းကရရှိသော ဗဟု သုတများကို မိမိအတွက်သော်လည်းကောင်း၊ မိမိဌာနအတွက်သော်လည်းကောင်း၊ မိမိ နိုင်ငံအတွက်သော်လည်းကောင်း ကောင်းစွာ အသုံးချစေလိုပါကြောင်းဖြင့် ပြောကြား သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး နှင့်ပြည်ထောင်စုရှေ့နေချုပ်၊ တက်ရောက် လာကြသူများ၊ သင်တန်းသားများသည် စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြ ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (Ministry of Commerce-MOFCOM) ပညာတော်သင်ဆု ပေးအပ်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်

**နေပြည်တော် ဩဂုတ် ၂၇**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာကံဇော်သည် ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ကျင်းပသည့် မြန်မာ နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ အကြား လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်စေရေး တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန (Ministry of Commerce-MOFCOM) ပညာတော်သင်ဆုပေးအပ်ပွဲ အခမ်းအနား သို့ တက်ရောက်အမှာစကားပြောကြား သည်။




အစီအစဉ်အရ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စမာကျား က တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက် စေရေး ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာ နိုင်ငံကို ခေတ်မီသောအသိပညာ၊ ကျွမ်းကျင် မှုရှိသော ပညာရှင်နှင့်စီမံခန့်ခွဲရေးပညာရှင် များ ပြုစုပျိုးထောင်ပေးရန်ရည်ရွယ်၍ မြန်မာနိုင်ငံသို့ MOFCOM ပညာသင်ဆုများ ပေးအပ်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြား သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်း အမြစ်ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံဖွံ့ဖြိုး ရေးအတွက် အဓိကကျသည့်အခန်းကဏ္ဍ တွင် ပါဝင်လျက်ရှိပါကြောင်း၊ တရုတ်နိုင်ငံ သည် မြန်မာနိုင်ငံအတွက် အစိုးရပညာသင် ဆုများဖြစ်သည့် Chinese Government Scholarship (CGS)၊ Chinese Scholarship Council (CSC)၊ Youth Excellent Scholar-ship (YES)နှင့် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန(MOFCOM)တို့မှ ပညာသင်ဆုများကို နှစ်စဉ်ကမ်းလှမ်းလျက် ရှိပါကြောင်း၊ ကမ်းလှမ်းလာသည့် ပညာ သင်ဆုများတွင် ပညာရေး၊ စီမံခန့်ခွဲမှုပြည်သူ့ ရေးရာမူဝါဒများ၊ နိုင်ငံတကာဆက်ဆံရေး၊ စီးပွားရေး၊ စာရင်းအင်းနှင့် ဥပဒေစသည့် ဘာသာရပ်များ စုံလင်စွာပါဝင်သဖြင့် နိုင်ငံ့ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင် ရာတွင် များစွာအထောက်အကူပြုလျက်ရှိပါ ကြောင်း၊ ပညာသင်ကာလအတွင်း တရုတ် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အတွေ့ အကြုံကောင်းများ၊ ဘာသာစကားနှင့် ယဉ်ကျေးမှုတို့ကို သင်ယူလေ့လာခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးပွားလာစေ ရေးနှင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင် ရွက်မှုများတွင် ထိရောက်စွာအထောက်အကူ ပြုနိုင်ရေး ကြိုးစားကြရမည်ဖြစ်ကြောင်း၊ ပညာသင်ဆုရရှိကြသည့် အရာထမ်း၊ အမှုထမ်းများအနေဖြင့်လည်း သက်ဆိုင်ရာ ဘာသာရပ်များအလိုက် ထူးချွန်ကျောင်း သားများဖြစ်အောင် ကြိုးစားသင်ယူလေ့ လာကြရန်၊ ပညာသင်ကာလ ပြီးဆုံးသည့် အချိန်တွင် လေ့လာဆည်းပူးခဲ့သည့် အသိ ပညာဗဟုသုတများကို လုပ်ငန်းခွင်တွင် အကျိုးရှိရှိ ပြန်လည်အသုံးပြုသွားကြရန်နှင့် နိုင်ငံအတွက် အားကိုးအားထားပြုရသည့် စွမ်းဆောင်ရည်ပြည့်ဝသော လူသားအရင်း အမြစ်များဖြစ်လာစေရေးကြိုးစားအားထုတ် ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ မြန်မာ နိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးနှင့် တရုတ်နိုင်ငံသံရုံးမှ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးသံမှူးတို့က တရုတ်ပြည်သူ့ သမ္မတနိုင်ငံရှိ တက္ကသိုလ်အသီးသီးမှ ကျောင်းဝင်ခွင့်လက်မှတ်(Admission Let-ter)များကို ပညာတော်သင်ဆုရွေးချယ်ခြင်း ခံရသည့် အရာထမ်း၊ အမှုထမ်းများကို ပေးအပ်ချီးမြှင့်ခဲ့ကြပြီး MOFCOM ပညာတော်သင် ကျောင်းသားဟောင်းတစ်ဦး နှင့် ပညာသင်တော်သင်ဆုရရှိသူ အရာထမ်း တစ်ဦးတို့က ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့် အရာရှိကြီးများ၊ ဝန်ကြီးဌာန များမှ ဖိတ်ကြားထားသော ဧည့်သည်တော် များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျား၊ တရုတ်သံရုံးမှ တာဝန်ရှိသူများနှင့် ပညာတော်သင်ဆုရရှိကြသည့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စု ဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ် နိုင်ငံ သံအမတ်ကြီးနှင့် Horizon Lake View ဟိုတယ်Presidential Suite-II ၌ဆက်လက် တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီး မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်စေရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက် ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❖ **ကျောဖုံးမှအဆက်**

ပွဲချိန် ၄၂ မိနစ်တွင် ဖြိုးခန့်ငြိမ်း၊ ပွဲချိန် ၉၃ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် မင်းခန့်ကျော် တို့ကသွင်းယူပေးခဲ့ပြီး ရတနာပုံအက်ဖ်စီ အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၄၄ မိနစ် တွင်ဘရန်ဒန်လိုင်က သွင်းယူခဲ့ခြင်းဖြစ်သည်။

အလားတူ ညနေ ၃ နာရီခွဲက ဗဟန်း အားကစားကွင်းတွင် ISPE အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ISPEအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိ ခဲ့ပြီး ISPEအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၅၁ မိနစ်တွင် ရှိုင်းကိုကိုဇော်နှင့် ပွဲချိန် ၅၈ မိနစ်တွင် နေဒန်တို့က သွင်းယူပေးခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၃၁ မိနစ်တွင် ထက်မြတ်လွင်က သွင်းယူခဲ့ခြင်းဖြစ်သည်။

ဆက်လက်ပြီး ညနေ ၃ နာရီခွဲက ပဒုမ္မာ အားကစားကွင်းတွင် ဟံသာဝတီယူနိုက် တက်အသင်းနှင့် သစ္စာအားမာန်အသင်း တို့ကစားခဲ့ရာ သစ္စာအားမာန်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး သစ္စာအားမာန် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၆၁ မိနစ်တွင် ထက်ဖေယျာမင်းနှင့် ပွဲချိန် မိနစ် ၉၀ တွင် ဇင်ဖြိုးပိုင်တို့က သွင်းယူခဲ့ကြောင်း သိရသည်။ STA

# နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဆောင်ရွက်သွားမည့် ကိစ္စရပ်များဆွေးနွေး



နေပြည်တော် ဩဂုတ် ၂၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းက ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ သံအမတ်ကြီးမစ္စတာအီစ်ကန်ဒဲအာဇီဇော့ဗ်အား နေပြည်တော်ရှိ ရုံးအမှတ်(၁၆)ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ကရက်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနတို့ အကျိုးတူပူးပေါင်း၍ ရွက်ဖျန်းအားဆေးရည်ထုတ်လုပ်မည့်စက်ရုံ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စီးပွားရေးနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာMoCလက်မှတ်ရေးထိုးခွင့်ဆိုင်ရာများ၊ သမဝါယမကဏ္ဍမှ နေကြာဇကော ၉၀၀၀၀ စမ်းသပ်စိုက်ပျိုးနိုင်ရေး ရုရှားနိုင်ငံ၏ နေကြာမျိုးစေ့များပံ့ပိုးပေးမည့်အခြေအနေများ၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်သွားမည့်ကိစ္စရပ်များကိုဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနတက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် အမျိုးသားအားကစားပွဲတော် ဘောလုံးပြိုင်ပွဲများတွင် အဆင့်မီစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေး ရည်ရွယ်၍ နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပလျက်ရှိသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် ပြည်ထောင်စုဝန်ကြီးဖလား အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲသို့ သွားရောက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် တတိယနေ့ရာလုပွဲ ပွဲစဉ်ဖြစ်သောကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအသင်းနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကိုလည်းကောင်း၊ ဗိုလ်လုပွဲပွဲစဉ်ဖြစ်သော သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း) အသင်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ ပွဲစဉ်တစ်လျှောက်အကောင်းဆုံးနောက်တန်းဆု၊ အကောင်းဆုံးအလယ်တန်းဆု၊အကောင်းဆုံးရှေ့တန်းဆု၊ အကောင်းဆုံးဂိုးသမားဆု၊ အသန့်ရှင်းဆုံးအသင်းဆုရရှိကြသူကိုများကို ညွှန်ကြားရေးမှူးချုပ်များကလည်းကောင်း၊ တတိယဆုရရှိသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအသင်းကို အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်ကလည်းကောင်း၊ ဒုတိယဆုရရှိသော အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအသင်းကို ဒုတိယဝန်ကြီး ဦးမြင့်စိုးကလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များ၊ ဂုဏ်ပြုဆုဖလားနှင့် ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပွဲစဉ်ပထမရွှေတံဆိပ်ဆုရရှိသော သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း) အသင်းကို တစ်ဦးချင်းဆုတံဆိပ်များ၊ ဂုဏ်ပြုဆုငွေများနှင့် တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မကွေးတိုင်းဒေသကြီး သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် တက်ရောက်

နေပြည်တော် ဩဂုတ် ၂၇

၂၀၂၄ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာတွေ့ဆုံပွဲကို ယနေ့ နံနက် ၉ နာရီခွဲက မကွေးတိုင်းဒေသကြီး မကွေးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ မကွေးတိုင်းဒေသကြီးသန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင့်လွင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မကွေးတိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီဝင်များ၊လူမှုရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်ထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူဆောင်ရွက်သွားမည်ဖြစ်ရာ ယခုဆိုလျှင် အချိန်ကာလတစ်လခန့်သာ လိုတော့ပါကြောင်း၊ သန်းခေါင်စာရင်းရည်ညွှန်းချိန်အဖြစ် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃၀ ရက်၊ ညဉ့်သန်းခေါင်ယံအချိန်ကို သတ်မှတ်ထားပြီး၂၀၂၄ ခုနှစ်၌ ရှိမည့်ခန့်မှန်းလူဦးရေ ၅၆ သန်းကျော်နှင့် ခန့်မှန်းအိမ်ထောင်စု ၁၃ သန်းခန့်ကို အခြေခံတွက်ချက်ကောက်ယူမည်ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စာရင်းကောက်ကွက်ပေါင်း တစ်သိန်းတစ်သောင်းခန့်ကို စာရင်းစစ်၊ စာရင်းကောက် လေးသောင်းနှစ်ထောင်ခန့်ဖြင့် ကောက်ယူဆောင်ရွက်ရန်လျာထားပါကြောင်း။

မကွေးတိုင်းဒေသကြီးအနေဖြင့် ကောက်ကွက်ပေါင်း ၉၀၀၀ ကျော်ကို စာရင်းစစ်၊ စာရင်းကောက်၂၀၀၀ ကျော်ဖြင့် ကောက်ယူရန်လျာထားပြီး လုံခြုံရေးအခြေအနေနှင့် လမ်းပန်းဆက်သွယ်မှု အခက်အခဲများကြောင့် သတ်မှတ်ရက်အတွင်း ကောက်ယူရန်ကျန်ရှိနေပါက ရက်ထပ်မံတိုးမြှင့်ကောက်ယူနိုင်ရေး ကြိုတင်စီစဉ်ဆောင်ရွက်ထားကြရန်လိုကြောင်း၊ပြည်လုံးကျွတ်သန်းခေါင်စာရင်းကို အိမ်ထောင်စုမေးခွန်းပုံစံအတွက် မေးခွန်း ၆၈ ခု၊ အဖွဲ့အစည်းမေးခွန်းပုံစံအတွက် မေးခွန်း ၁၈ ခုကို Mobile Tablet များအသုံးပြုကာ တစ်အိမ်တက်ဆင်းကောက်ယူမည်ဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် မေးခွန်းများကိုမှန်မှန်ကန်ကန်ဖြေကြားခြင်းဖြင့် ပူးပေါင်းကူညီနိုင်ရေး ပြည်သူလူထု အသိပညာပေးလုပ်ငန်းများကိုလည်း ထိထိရောက်ရောက်၊ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သွားကြရမည်ဖြစ်ပါကြောင်း၊ စီမံချက်ပါလုပ်ငန်းများကို သတ်မှတ်ကာလအတိုင်း ပြီးမြောက်အောင်မြင်ရေးအတွက် ကော်မတီအဆင့်ဆင့်က ကြိုတင်စီမံကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က မကွေးတိုင်းဒေသကြီးအတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအောင်မြင်စွာ ကောက်ယူရေးအတွက် လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်စိုးက သန်းခေါင်စာရင်းကောက်ယူခြင်းမှရရှိသည့် အချက်အလက်များကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ထိထိရောက်ရောက်အသုံးပြုဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြပြီး သန်းခေါင်စာရင်းကောက်ယူခြင်းနှင့် ပတ်သက်၍ ရုပ်မြင်သံကြား Channel များတွင် ထုတ်လွှင့်ပြသမည့် ပြည်သူလူထုအသိပညာပေး TV Spot များကိုပြသသည်။

ယင်းနောက် တက်ရောက်လာကြသူများက သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို လွှဲပြောင်းပေးအပ်ရာ မကွေးတိုင်းဒေသကြီး၊သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဆန်းကလက်ခံရယူပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ပြည်လုံးကျွတ်သန်းခေါင်စာရင်းတွင် အသုံးပြုမည့် ပစ္စည်းများခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးသို့ သွားရောက်၍ အဆိုပါရုံးခန်းမ၌ဖွင့်လှစ်လျက်ရှိသည့် သန်းခေါင်စာရင်းဆိုင်ရာ မကွေးတိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းဆွေးနွေးပို့ချနေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည်တိုင်းဦးစီးမှူးရုံးခန်းမ၌ ဝန်ထမ်းများကမြို့နယ်အလိုက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးထားရှိမှုများကို ရုံးချုပ်ရှိ e-ID Sever မှ အချက်အလက်များနှင့် တိုက်ဆိုင်စိစစ်ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ပြင်ဆင်ဖတ်ရှုပါရန်**

၂၇-၈-၂၀၂၄ ရက်နေ့ထုတ် ရတနာပုံနေ့စဉ်သတင်းစာ၏ စာမျက်နှာ ၁၇ တွင် ဖော်ပြပါရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးပညာရေးဒီဂရီကောလိပ်ရှိ နည်းပြဆရာ၊ ဆရာမများ၊ သင်တန်းသားသင်တန်းသူများအား တွေ့ဆုံအမှာစကားပြောကြားသည့်သတင်းစာသား၌ **"နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က မန္တလေးပညာရေးဒီဂရီကောလိပ်စာကြည့်တိုက်အတွက် လူထုသိပ္ပံကျမ်းများ၊သုတရသစာအုပ်စာစောင်များ၊သင်ထောက်ကူပစ္စည်းများကိုပေးအပ်လှူဒါန်း"**အစား **"နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က မန္တလေးပညာရေးဒီဂရီကောလိပ်စာကြည့်တိုက်အတွက် လူထုသိပ္ပံကျမ်းများ၊ သုတရသစာအုပ်စာစောင်များနှင့် လေ့ကျင့်ရေးအခြေခံပညာအလယ်တန်းကျောင်းအတွက် သင်ထောက်ကူပစ္စည်းများကိုပေးအပ်လှူဒါန်း"**ဟု ဖြည့်စွက်ဖတ်ရှုပါရန်နှင့် စာမျက်နှာ ၁၇ တွင် ဖော်ပြပါရှိသည့် ပုံညွှန်းစာ၌ **"နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က မန္တလေးပညာရေးဒီဂရီကောလိပ်စာကြည့်တိုက်အတွက် သင်ထောက်ကူပစ္စည်းများကို ပေးအပ်လှူဒါန်းစဉ်"** အစား **"နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က လေ့ကျင့်ရေးအခြေခံပညာအလယ်တန်းကျောင်းအတွက် သင်ထောက်ကူပစ္စည်းများကို ပေးအပ်လှူဒါန်းစဉ်"** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

# မြန်မာ-တရုတ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော်ရေး ဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၇

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စမာကျား အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုခိုင်မာစေရေး၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော်ရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၌ တရုတ်နိုင်ငံက ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စမာကျားအား လက်ခံတွေ့ဆုံစဉ်။



# (၁၃)ကြိမ်မြောက် အာဆီယံပညာရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ



ရန်ကုန် ဩဂုတ် ၂၇

(၁၃)ကြိမ်မြောက် အာဆီယံပညာရေးဝန်ကြီးများအစည်းအဝေး၊ (၇)ကြိမ်မြောက် အာဆီယံအပေါင်းသုံးနိုင်ငံများ ပညာရေးဝန်ကြီးများ အစည်းအဝေးနှင့် (၇)ကြိမ်မြောက် အရှေ့အာရှပညာရေးဝန်ကြီးများ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့သည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၆ နာရီတွင် ထိုင်းနိုင်ငံမှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာဦးစီးဌာန ပညာရေးမှူးနှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

"ဒစ်ဂျစ်တယ်ခေတ် ပညာရေးအသွင်ကူးပြောင်းရေး"ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပသော (၁၃)ကြိမ်မြောက် အာဆီယံပညာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ထိုင်းနိုင်ငံ ဘူရီယမ်မြို့တွင် ဩဂုတ် ၂၅ ရက်မှ ၂၆ ရက်ထိ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မြစ်ချောင်းများမှ ရေစီးဆင်းမှုအခြေအနေများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၇

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း နေရာအနှံ့အပြား မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် မြစ်၊ ချောင်းများတစ်လျှောက် ရေကြီးနစ်မြုပ်မှုများ လျော့နည်းသက်သာစေရေးနှင့် အချိန်တိုအတွင်း ရေထုတ်နုတ်စီးဆင်းနိုင်ရေးအတွက် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ တင်ဝါးချောင်း၊ ဆင်သေချောင်းနှင့် ငလိုက်ချောင်းတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဒုတိယဝန်ကြီးသည် ပုဗ္ဗသီရိမြို့နယ် ပင်လောင်းလမ်းကို ဖြတ်သန်းစီးဆင်းလျက်ရှိသည့် တင်းဝါးချောင်းတစ်လျှောက် ရေစီးဆင်းမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပင်လောင်းလမ်းဘေးနှင့် နေရောင်ပြအင်းစိုက်ကွင်းများမှ အချိန်တိုအတွင်း ရေထုတ်နုတ်နိုင်ရေးအတွက် တင်းဝါးချောင်းတစ်လျှောက် ရေစီးဆင်းရာတွင် ချောင်းကျဉ်းသောနေရာများ၊ ချောင်းကြမ်းပြင်အတွင်း သဲနုန်းပို့ချမှုများရှိပါက အချိန်မီပြန်လည်တူးဖော်ဆောင်ရွက်ရန်နှင့် နတ်မြောင်းရေထိန်းတံခါး ယာယီရေကူထုတ် ရေလွှဲနိုင်ရေးဆောင်ရွက်ရန်အတွက် အကောင်အထည်ဖော်နိုင်ရေး လေ့လာစီမံခဲ့သည်။


ယမန်နေ့ညနေပိုင်းတွင် ပင်လောင်းလမ်းဘေးနှင့် နေရောင်ပြအင်းစိုက်ကွင်းများမှ ရေလျော့ကျမှုအခြေအနေ၊ တင်းဝါးချောင်း ရေစီးရေလာအခြေအနေများနှင့် နတ်မြောင်းရေထိန်းတံခါး ယာယီရေကူထုတ် ရေလွှဲလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ယင်းနောက် ဇေယျာသီရိမြို့နယ် ကျောက်ချက်ကျေးရွာအနီး ဆင်သေချောင်း ရေစီးဆင်းမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ယခင်နေ့အောက် ၃ ဒသမ ၅ ပေခန့် လျော့ကျစီးဆင်းလျက်ရှိသည့်အတွက် ဆင်သေချောင်းအတွင်း တင်းဝါးချောင်းမှ ရေကောင်းမွန်စွာထုတ်နုတ်နိုင်မည်ဖြစ်သော်လည်း အချိန်တိုအတွင်း ရေထုတ်နုတ်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ငလိုက်ချောင်းတစ်လျှောက် ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့သည့် ချောင်းကမ်းဘေးတစ်လျှောက် နေရာများနှင့် ပျဉ်းမနားမြို့ (၉)လမ်းတံတား၊ (၆)လမ်းတံတား၊ (၄)လမ်းတံတားနှင့် အာဟာရသုခဈေးအနီးရှိ ပညာပန်းတိုင်တံတားများမှ ရေစီးထွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ငလိုက်ချောင်းတစ်လျှောက် ရေစီးဆင်းမှုအခြေအနေများ၊ တစ်နေရာနှင့်တစ်နေရာ ကြိုတင်ခန့်မှန်းနိုင်ရန်နှင့် စောင့်ကြည့်လေ့လာသုံးသပ်နိုင်ရန်အတွက် ရေမှတ်တိုင်များထားရှိရန်၊ ငလိုက်ချောင်းအတွင်း စီးဝင်သော တောင်ညိုချောင်းနှင့် တံခွန်တိုင်ချောင်း ရေစီးရေလာအခြေအနေများကို အချိန်နှင့်အမျှ စောင့်ကြည့်စစ်ဆေး၍ လိုအပ်သည်များ ကြိုတင်စီမံဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပျဉ်းမနားမြို့နယ် ပေါင်းလောင်းရေလွှဲဆည်သို့ရောက်ရှိရာ ရေလွှဲဆည်ကြံ့ခိုင်ရေးအတွက် ထိန်းသိမ်းဆောင်ရွက်ထားရှိမှုအခြေအနေ၊ သဲထုတ်ရေတံခါးများ ဖွင့်လှစ်ထားရှိမှုအခြေအနေ၊ အထက်ပေါင်းလောင်းရေလှောင်တမံ ရေပိုလွှဲမှ ရေကျော်ကျမှုအခြေအနေ၊ အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စက်ရုံမှ စီးထွက်ရေ၊ အောက်ပေါင်းလောင်း ရေလှောင်တမံရေပိုလွှဲမှ ရေကျော်ကျမှုအခြေအနေ၊ အောက်ပေါင်းလောင်း ရေအားလျှပ်စစ်စက်ရုံမှ စီးထွက်ရေ၊ အောက်ပေါင်းလောင်းတမံနှင့် ပေါင်းလောင်းရေလွှဲဆည်ကြား စီးဝင်ရေနှင့် ပေါင်းလောင်းရေလွှဲဆည်မှ ရေကျော်ကျမှုအခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မာစွာဖြင့် လက်တွဲဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် ဩဂုတ် ၂၇**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H. E. Mr.Iskander Azizov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀)ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် စက်မှုဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ TPE Co., Ltd. တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်း အမြန်ဆုံးပြီးစီး လည်ပတ်နိုင်ရေးအတွက် ရိုးမတ်နည်းစဉ်အသုံးပြု သံရည်ကျိုမီးဖို၊ အောက်ဆီဂျင်အလုပ်ရုံတို့တွင် စက်ပစ္စည်းများ တပ်ဆင်ရေး၊ စမ်းသပ်လည်ပတ်ခြင်းများ ဆောင်ရွက်နိုင်ရေးအတွက် စာချုပ်မူဘောင်လက်မှတ်ရေးထိုးနိုင်ရန် ဆွေးနွေးညှိနှိုင်းနေမှု၊ စက်ရုံလည်ပတ်နိုင်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့ပေးရေး၊ နှစ်ဖက်အပြီးသတ်ဆွေးနွေးညှိနှိုင်းပြီးစီးပါက စာချုပ်မူဘောင် လက်မှတ်ရေးထိုးရေး၊ အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်းလုပ်ငန်းများ အမြန်ဆုံးပြီးစီးရန်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ကူညီဆောင်ရွက်ပေးရေးနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစွာဖြင့် လက်တွဲဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ငြိမ်းငြိမ်းဝင်းအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး။

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး။

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အားပူးပေါင်းဆောင်ရွက်ရေး။

**ရှေ့ဖုံးမှအဆက်**

ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရင်းရင်းနှီးနှီးလိုက်လံအားပေးပြီး ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါလေ့လာရေးအဖွဲ့ကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ရေးချုပ်ရုံးမှ ဗိုလ်မှူးကြီးသူရိန်ထွန်း ဦးဆောင်၍ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင် သားသမီးများမှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီး နိုင်ငံတော်အဆင့်ဘက်စုံပညာထူးချွန်လူငယ် ရွေးချယ်ခံရသည့် ကျောင်းသား၊ ကျောင်းသူ ငါးဦး၊ အမှတ်အများဆုံးရရှိသော ကျောင်းသား၊ ကျောင်းသူ ၁၆ ဦး၊ ဂုဏ်ထူး သုံးဘာသာဖြင့် အောင်မြင်သော စစ်သည် တစ်ဦး၊ ဂုဏ်ထူး နှစ်ဘာသာဖြင့် အောင်မြင်သော စစ်သည် နှစ်ဦးနှင့် ကျောင်းအုပ်ကြီး၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံ ငါးဦး အပါအဝင် စုစုပေါင်း ၂၉ ဦးတို့ပါဝင်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဩဂုတ် ၂၆ ရက်မှ ၃၁ ရက်ထိ လေ့လာရေးခရီးသွားရောက်ကြမည်ဖြစ်သည်။

တပ်မတော်အနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်သည်များ၊ တပ်မတော်သား မိသားစုဝင်သားသမီးများ၊ စစ်မှုထမ်းဟောင်းမိသားစုဝင် သားသမီးများနှင့် စစ်သည်အစားခန့်အရပ်သားအမှုထမ်းများ၏ သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှ စတင်ပေးအပ်ခဲ့ပြီး ဆုရရှိသူများအနက်မှ ထူးချွန်စစ်သည်နှင့် ဘက်စုံထူးချွန်လူငယ်များအား ၂၀၁၃ ခုနှစ်မှစ၍ ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီးစဉ်များ စီစဉ်စေလွှတ်ပေးခဲ့သော်လည်း ကမ္ဘာတစ်ဝန်းဖြစ်ခဲ့သည့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်များ၌ ရပ်နားခဲ့ရပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှသာ လေ့လာရေးခရီး ပြန်လည်စေလွှတ်နိုင်ခဲ့ခြင်းဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်လေ့လာကြမည့် အုပ်ချုပ်သူများနှင့် မျိုးဆက်သစ် ထူးချွန်ကျောင်းသား၊ ကျောင်းသူများ၏ လေ့လာရေးခရီးစဉ်နှင့် ပတ်သက်၍ ပြောကြားမှုများကို ယခုကဲ့သို့ ကြားသိရပါသည်-

**မောင်ကောင်းထက်သာ**
**(ခြောက်ဘာသာဂုဏ်ထူးရှင်)**

"ကျွန်တော်က အ.ထ.က(၁) ဒဂုံကနေ ခြောက်ဘာသာဂုဏ်ထူးနဲ့ အောင်မြင်ခဲ့ပါတယ်။ စာသင်နှစ်အစကနေ သင်ခန်းစာတစ်ခုချင်းစီကို ပိုင်နိုင်အောင်ကျက်မှတ်ခဲ့ပါတယ်။ ဆရာ၊ ဆရာမတွေ စာသင်ကြားရင် ဂရုစိုက်နားထောင်ပြီး အတတ်နိုင်ဆုံး မှတ်မိအောင်ကြိုးစားခဲ့ပါတယ်။ ကိုယ့်ဘာသာ စာပြန်ကြည့်တဲ့အချိန်ကိုလည်း အတတ်နိုင်ဆုံး အနည်းဆုံးနဲ့ အထိရောက်ဆုံးဖြစ်အောင်၊ စာပြန်ကြည့်ချိန်နဲ့ အနားယူချိန်မျှတအောင် စနစ်တကျအချိန်ဇယားချမှတ်ပြီး ကျက်မှတ်ခဲ့ပါတယ်။ အခုလို ရလဒ်ကောင်းအောင် ပံ့ပိုးပေးကြတဲ့ မိဘနှစ်ပါးနဲ့ ငယ်စဉ်ကနေ အခုချိန်ထိ ပညာ







သင်ကြားပေးခဲ့တဲ့ ဆရာ၊ ဆရာမတွေကို ကျေးဇူးတင်ပါတယ်။ အခုလို ခရီးစဉ်ကို လိုက်ပါခွင့်ရရှိအောင် စီစဉ်ပေးကြတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်။" ဟု ပြောသည်။

**မရှင်းသန့်မေ(ငါးဘာသာဂုဏ်ထူးရှင်)**

"ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်းကနေ ဂုဏ်ထူးငါးဘာသာရရှိခဲ့ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို လေ့လာရေးပို့ဆောင်ပေးတဲ့အတွက် ဝမ်းသာသလို ဂုဏ်လည်းယူပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ဒီလိုနိုင်ငံမျိုးကိုသွားဖို့ဆိုတာ တော်ရုံမလွယ်တဲ့ အခွင့်အရေးပါ။ ဒါကြောင့် ဒီလိုခရီးစဉ်ကို စီစဉ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဂုဏ်ထူးရဖို့ တစ်နေ့စာတစ်နေ့ ကျက်မှတ်ခဲ့ပါတယ်။ ပြီးတော့ ဆရာ၊ ဆရာမတွေ သင်ကြားပြသတာကို အမြဲမပြတ်နားထောင်ပြီး လိုက်နာခဲ့ပါတယ်။ နားမလည်တာရှိရင် အချိန်မဆွဲဘဲ ချက်ချင်းမေးမြန်းပါတယ်။ အနာဂတ်ရည်မှန်းချက်ကတော့ နိုင်ငံတော်ကို အကျိုးပြုနိုင်တဲ့ ဆရာဝန်ဖြစ်အောင် ကြိုးစားမယ်လို့ ဆုံးဖြတ်ထားပါတယ်။ ဒီလိုခရီးစဉ်ကို သွားရောက်နိုင်အောင် စီစဉ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ရှိပါတယ်။" ဟု ပြောသည်။

**ဒုတိယတပ်ကြပ်သက်ပိုင်လင်း**
**(သုံးဘာသာဂုဏ်ထူးရှင်)**

"ကျွန်တော်ကတော့ ဒုတိယတပ်ကြပ်သက်ပိုင်လင်းဖြစ်ပါတယ်။ ကျွန်တော်က ပညာရေးကျောင်းကနေ သုံးဘာသာဂုဏ်ထူးနဲ့ အောင်မြင်ခဲ့ပါတယ်။ ဂုဏ်ထူးရရှိခဲ့တဲ့ဘာသာရပ်တွေကတော့ ပထဝီ၊ သမိုင်း၊ ဘောဂဘာသာရပ်တို့ဖြစ်ပါတယ်။ ကျောင်းမှာ ဆရာ၊ ဆရာမတွေ သင်ကြားပြသပေးတဲ့ သင်ခန်းစာတွေကို ကြိုးစားပြီး ကျက်မှတ်လေ့လာခဲ့ပါတယ်။ လိုအပ်တဲ့ သင်ခန်းစာတွေ၊ နားမလည်တဲ့ သင်ခန်းစာတွေကို ဆရာ၊ ဆရာမတွေကို မေးမြန်းပြီး အထူးကျက်မှတ်လေ့လာအားထုတ်ခဲ့ရပါတယ်။ အဆင့်မြင့်သင်တန်းတွေ၊ တက္ကသိုလ်တွေတက်ပြီး နိုင်ငံတော်နဲ့ တပ်မတော်အပေါ် အလုပ်အကျွေးပြုနိုင်တဲ့ နိုင်ငံ့သားကောင်းဖြစ်အောင် ကြိုးစားသွားပါမယ်။ အခုလို ပြည်ပခရီးကို ကျွန်တော်တို့ တပ်မတော်သားတွေအနေနဲ့ သွားရောက်ဖို့ မလွယ်ကူပါဘူး။ လေ့လာရေးခရီး စီစဉ်ပို့ဆောင်ပေးတဲ့ တပ်မတော်အကြီးအကဲတွေကို အထူးကျေးဇူးတင်ရှိပါတယ်။" ဟု ပြောသည်။ **(၅၀၁)**

## အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ၊ တက္ကသိုလ်အဆင့် ပန်းချီပြိုင်ပွဲနှင့် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၂၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အလွတ်တန်းအဆင့် ဆောင်းပါး ပြိုင်ပွဲ၊ တက္ကသိုလ်အဆင့် ပန်းချီပြိုင်ပွဲနှင့် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲတို့ကို **"အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့ မျိုးဆက်သစ်တို့စွမ်းအား မြှင့်တင်စို့"** ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဆုရရှိသူများကို နေပြည်တော်တွင် ကျင်းပမည့် အထိမ်းအမှတ်အခမ်းအနားနေ့တွင် ဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နှစ်နိုင်ငံလယ်ယာကဏ္ဍဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေး၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေစီမံကိန်းလုပ်ငန်းဆိုင်ရာများဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားအား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံလယ်ယာကဏ္ဍဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေး၊ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်းလုပ်ငန်းဆိုင်ရာများ၊ တရုတ်နိုင်ငံအကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ GACC နှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နှစ်နိုင်ငံစိုက်ပျိုးမွေးမြူရေးထွက်ကုန်ဆိုင်ရာကုန်သွယ်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





စွယ်တော်မြတ်စေတီတော်(မန္တလေး)ဘက်စုံပြုပြင်မွမ်းမံရန်အတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ထည့်ဝင်လှူဒါန်းသည့် အလှူငွေကျပ် သိန်းတစ်ထောင်ကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်က ပေးအပ်လှူဒါန်းစဉ်။

# စွယ်တော်မြတ်စေတီတော်(မန္တလေး) ဘက်စုံပြုပြင်မွမ်းမံရန်အတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက အလှူငွေများ ထည့်ဝင်လှူဒါန်း

နေပြည်တော် ဩဂုတ် ၂၇

မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် အမရပူရမြို့နယ် ရှားတောလေးကျေးရွာအနီးရှိ မဟာဓမ္မရံသီကုန်းတော်မြတ်၌တည်ထားကိုးကွယ်သည့် စွယ်တော်မြတ်စေတီတော်(မန္တလေး) ဘက်စုံပြုပြင်မွမ်းမံရန်အတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက အလှူငွေများ ထည့်ဝင်လှူဒါန်းသည်။

ထိုသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ထည့်ဝင်လှူဒါန်းသည့် အလှူငွေကျပ် သိန်းတစ်ထောင်ကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်က သွားရောက်ပေးအပ်လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (ဗဟို)

# မြန်မာအစိုးရနှင့် ကုလသမဂ္ဂတို့အကြား လတ်တလောပူးပေါင်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၇

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် နယူးယောက်မြို့ရှိ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများ၏ အရေးပေါ်ညွှန်ကြားရေးမှူးများအဖွဲ့(Emergency Directors Group–EDG) ဥက္ကဋ္ဌနှင့် ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးရုံး(UNOCHA)၏လုပ်ငန်းလည်ပတ်မှုနှင့်လူသားချင်းစာနာမှုလုပ်ငန်းများတုံ့ပြန်မှုဆိုင်ရာဌာန ညွှန်ကြားရေးမှူး Ms. Edem Wosornu ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာအစိုးရနှင့် ကုလသမဂ္ဂတို့အကြား လတ်တလောပူးပေါင်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊လိုအပ်နေသည့် ပြည်သူများထံသို့ လူသားချင်းစာနာမှုဆိုင်ရာအကူအညီများပေးအပ်နေမှုအခြေအနေတို့နှင့်စပ်လျဉ်း၍ ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ EDG ၏ ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဂျီနီဗာမြို့ရှိ လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်းစဉ်ချမှတ်သည့်အဖွဲ့(SCHR)၏ အမှုဆောင်အတွင်းရေးမှူး၊ ဂျီနီဗာမြို့ရှိ WHO အဖွဲ့၏ ကျန်းမာရေးဆိုင်ရာ အရေးပေါ်တုံ့ပြန်မှုညွှန်ကြားရေးမှူး၊ ရန်ကုန်မြို့အခြေစိုက် ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာယာယီညှိနှိုင်းရေးမှူး၊UNOCHA ၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲနှင့် UNOCHA ၏ ညှိနှိုင်းရေးဆိုင်ရာဌာနခွဲအကြီးအကဲတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## အဝေးသင် သင်တန်းများ ကျောင်းအပ်လက်ခံရက် ထပ်မံကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်

**အဝေးသင်သင်တန်းများ ကျောင်းအပ်လက်ခံရက် ထပ်မံကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ ၂၀၂၄ ပညာသင်နှစ် အဝေးသင်သင်တန်းများကျောင်းဝင်မှတ်ပုံတင်ခြင်းကို ၁၆-၉-၂၀၂၄ ရက်ထိ သက်ဆိုင်ရာတက္ကသိုလ်နှင့် ဒီဂရီကောလိပ်များတွင်ဆောင်ရွက်ကြရန် ရက်တိုးမြှင့်သတ်မှတ်လိုက်ကြောင်း ကြေညာလိုက်သည်။

အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်းသုံးကြစို့။**

# မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းကော်မတီ သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ




နေပြည်တော် ဩဂုတ် ၂၇

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းကော်မတီ သတ္တမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် ဥပဒေရေးရာဝန်ကြီးဌာနရှိ မြေညီထပ်အစည်းအဝေးခန်းမ၌ Hybrid Format ဖြင့်ကျင်းပရာ မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နေပြည်တော်ရှိ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းကော်မတီအဖွဲ့ဝင်များက လူကိုယ်တိုင်တက်ရောက်၍ တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေရေးရာ လုပ်ငန်းကော်မတီအဖွဲ့ဝင်ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီတို့မှကိုယ်စားလှယ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ကိုယ်စားလှယ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ ကိုယ်စားလှယ်တို့က Online မှ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းကော်မတီဥက္ကဋ္ဌက ကလေးအလုပ်သမားပပျောက်ရေးသည် မိမိတို့နိုင်ငံအတွက် ကြီးမားသည့်စိန်ခေါ်မှုဖြစ်ပြီး ရေရှည်ဆောင်ရွက်သွားရမည့် လုပ်ငန်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းကော်မတီ၏ ဒုတိယငါးနှစ်လုပ်ငန်းစီမံချက် ၂၀၂၄-၂၀၂၈ ကို အတည်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါ ဒုတိယငါးနှစ်လုပ်ငန်းစီမံချက်အရ ကလေးအလုပ်သမားပပျောက်ရေးနှင့်စပ်လျဉ်း၍ ဥပဒေရေးရာလုပ်ငန်းကော်မတီဝင်များက မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပြီးကိစ္စများ၊ ဆောင်ရွက်ဆဲကိစ္စများ၊ ဆောင်ရွက်ရန်ရှိသည့်ကိစ္စများကို ယနေ့အစည်းအဝေးတွင် တင်ပြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဥပဒေရေးရာလုပ်ငန်းကော်မတီအတွင်းရေးမှူး ဥပဒေရေးရာဝန်ကြီးဌာန ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နိုင်က ဥပဒေရေးရာလုပ်ငန်းကော်မတီ ဆဋ္ဌမအကြိမ် အစည်းအဝေးမှတ်တမ်းကို အတည်ပြုခြင်း၊ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများနှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းကော်မတီ၏ လက်ရှိဆောင်ရွက်နေမှုများနှင့် ဥပဒေရေးရာလုပ်ငန်းကော်မတီဝင်များက ဆောင်ရွက်ရမည့်ကိစ္စများကို ရှင်းလင်းဆွေးနွေးပြောကြားကြသည်။

ယင်းနောက် အစည်းအဝေးသို့တက်ရောက်လာကြသူများက ဒုတိယ ငါးနှစ်လုပ်ငန်းစီမံချက်အရ ကလေးအလုပ်သမားပပျောက်ရေးနှင့်စပ်လျဉ်း၍ မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပြီးကိစ္စများ၊ ဆောင်ရွက်ဆဲကိစ္စများ၊ ဆောင်ရွက်ရန်ရှိသည့်ကိစ္စများကို ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြပြီး ဥပဒေရေးရာလုပ်ငန်းကော်မတီ အတွင်းရေးမှူးက သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆုံးဖြတ်ရန် အချက်လေးချက်ကိုရှင်းလင်းတင်ပြကာ အတည်ပြုချက်ရယူသည်။

ထို့နောက်မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## Mpox (မျောက်ကျောက်) ရောဂါကာကွယ်ရေးနှိုးဆော်ချက်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ၂၀၂၄ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် Mpox (မျောက်ကျောက်) ရောဂါကူးစက်မှုအား နိုင်ငံတကာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ပါသည်။

**ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ**

- ရောဂါပိုးရှိသူနှင့်လိင်ဆက်ဆံခြင်းမှ ကူးစက်ခြင်း၊
- ရောဂါပိုးရှိသူနှင့် အရေပြားခြင်းထိတွေ့ခြင်း၊ နမ်းရှုပ်ခြင်း၊ ပွေ့ဖက်ခြင်းတို့မှတစ်ဆင့်ကူးစက်ခြင်း၊
- ရောဂါပိုးရှိသူနှင့် မျက်နှာချင်းဆိုင် အနီးကပ်တွေ့ဆုံခြင်းမှတစ်ဆင့် ကူးစက်ခြင်း၊ (စကားပြောခြင်း၊ အသက်ရှူခြင်း)
- ရောဂါပိုးရှိသူ၏ အနာများ၊ အညစ်အကြေးများနှင့် တိုက်ရိုက်ထိတွေ့မိရာမှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးများ ကပ်တင်ကျန်နေသည့် အသုံးအဆောင်ပစ္စည်းများ၊ မျက်နှာပြင်များကို လက်ဖြင့်ကိုင်တွယ်ထိတွေ့ခြင်းမှတစ်ဆင့် ကူးစက်ခြင်း၊
- မသန့်ရှင်းသောဆေးထိုးအပ်နှင့်ဆေးရုံသုံးပစ္စည်းများမှတစ်ဆင့် ကူးစက်ခြင်း၊
- Mpoxဗိုင်းရပ်စ်ရောဂါပိုးကူးစက်ခံထားရသည့် တိရစ္ဆာန်များနှင့် တိုက်ရိုက်ထိတွေ့မိရာမှတစ်ဆင့် ကူးစက်ခြင်း၊
- မိခင်မှကလေးသို့ ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီးနောက်တွင် ကူးစက်ခြင်း၊

**ရောဂါပျိုးရက်**

- ရောဂါပိုးစတင်ဝင်ရောက်ပြီး တစ်ရက်မှ ၂၁ ရက်အတွင်း ရောဂါလက္ခဏာများ စတင်ဖြစ်ပွားနိုင်ပါသည်။

**သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများ**

- မျက်နှာ၊ ပါးစပ်၊ လက်နှင့် ခြေထောက်၊ ခန္ဓာကိုယ်၊ စအိုဝန်းကျင်နှင့်လိင်အင်္ဂါများတွင် အနီကွက်များထွက်ခြင်း၊ အရည်ကြည်ဖုများပေါက်ခြင်း၊
- ဖျားခြင်း (>38.5°C)၊
- အကြိတ်များရောင်ရမ်းခြင်း၊
- လည်ချောင်းနာခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကြွက်သားများနာကျင်ခြင်း၊ ကျောအောင့်ခြင်း၊
- မောပန်းနွမ်းနယ်ခြင်း၊

(လွန်ခဲ့သည့် ၂၁ ရက်အတွင်း ရောဂါပိုးတွေ့ရှိရာ နိုင်ငံ၊ ဒေသများမှ ပြန်လည်ဝင်ရောက်လာသူများတွင် အထက်ပါလက္ခဏာ များဖြစ်ပွားလာပါက ကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ရန် လိုအပ်ပါသည်။)

**ကာကွယ်နိုင်မည့် နည်းလမ်းများ**

- Mpox (မျောက်ကျောက်) ရောဂါလက္ခဏာခံစားနေရသူနှင့် အရေပြားချင်းထိတွေ့ခြင်း၊ မျက်နှာချင်းဆိုင် အနီးကပ်ထိတွေ့ခြင်း၊ လိင်ပိုင်းဆိုင်ရာထိတွေ့ဆက်ဆံခြင်းများကို ရှောင်ကြဉ်ပါ၊
- အနီးကပ်ထိတွေ့မှုကို ရှောင်လွှဲ၍မရပါက လက်အိတ်ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်း (Mask) ကို တပ်ဆင်ပါ၊
- သံသယရောဂါလက္ခဏာခံစားနေရသူ၏ အသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်ရာတွင် လက်အိတ်ဝတ်ဆင်ခြင်းနှင့်
နှာခေါင်းစည်း (Mask)ကို တပ်ဆင်ခြင်းကို ပြုလုပ်ပါ၊
- လက်ကိုဆပ်ပြာနှင့်ရေ သို့မဟုတ် အယ်လ်ကိုဟောအနည်းဆုံး (၆၀%)ပါဝင်သော ရေမလိုလက်သန့်စင်ဆေးရည်အသုံးပြု၍ စနစ်တကျဆေးကြောပါ၊ လက်မဆေးဘဲ ပါးစပ်၊ နှာခေါင်းနှင့် မျက်လုံးများကို ကိုင်တွယ်ခြင်းမပြုပါနှင့်၊
- တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးကောင်းမွန်စေရန် ဆောင်ရွက်ပါ၊
- နှာချေ၊ ချောင်းဆိုးသည့်အခါတွင် လက်ကိုင်ပဝါ သို့မဟုတ် တံတောင်ကွေးဖြင့် လုံခြုံစွာဖုံးအုပ်ပါ၊
- အသုံးအဆောင်ပစ္စည်းများ (အိပ်ရာခင်း၊ မျက်နှာသုတ်ပဝါ၊ အဝတ်အထည်စသည့်...)များကို ရေ၊ ဆပ်ပြာနှင့်စနစ်တကျလျှော်ဖွပ်၍အသုံးပြုပါ၊
- တိရစ္ဆာန်များကို အကာအကွယ်မပါဘဲ မထိတွေ့ပါနှင့်၊အသားများကိုကျက်အောင်ချက်ပြုတ်စားပါ၊

**Mpox (မျောက်ကျောက်)ရောဂါလူနာနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်း(သို့မဟုတ်) ရောဂါ သံသယလက္ခဏာများခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပေးပို့၍ လိုအပ်သောစစ်ဆေးစမ်းသပ်မှုနှင့် ကုသမှုခံယူပါ။**

ကျန်းမာရေးဝန်ကြီးဌာန
ဩဂုတ်လ၊ ၂၀၂၄

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၂၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၂၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Aung Nyein"TikTok အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် အလုံရပ်ကွက်နေ မိုးငြိမ်းအေးအား ညနေ ၅ နာရီ မိနစ်၂၀ တွင်လည်းကောင်း၊ "Aung paing" Face-book အကောင့်ပိုင်ရှင်ဖြစ်သူ ရောဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် အင်းမကျေးရွာနေ မျိုးသူဟိန်း(ခ)အောင်ပိုင်အား ည ၆ နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)













☆ **ကျောဖုံးမှအဆက်**

စုစုပေါင်း ဆီသယ်ယာဉ်သုံးစီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၅၄၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၂၅ ရက်တွင် နေပြည်တော်ကောင်စီ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပျဉ်းမနားမြို့နယ်၌ လိုင်စင်မဲ့ Honda Super Four မော်တော်ဆိုင်ကယ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ လယ်ဝေးမြို့နယ်၌ တရားမဝင်ကျွန်းသစ် ၁၉ ဒသမ ၈၀၄ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၃၀၁၀၀ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၃၀၁၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီး၊ မြိတ်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးနှင့် ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် နှစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၁၉ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၁၅၂၀၀၀၊ အဆိုပါပစ္စည်းများတင်ဆောင်လာသည့်Express Bus တစ်စီး၊ စက်မှုဇုန်ထုတ် Hiace တစ်စီး၊ Yutong Bus တစ်စီးနှင့် Mitsubishi Fuso Bus တစ်စီး၊ စုစုပေါင်း မော်တော်ယာဉ် လေးစီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀၀ တို့ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၆ ဒသမ ၃၉၅ တန်၊ သစ်မာ ၁၁ ဒသမ ၇၄၉ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၁၇၈၅၆ ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၆၇၆၉၈၅၆ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှေပြည်သာမြို့နယ်ရှိ ဆေးဆိုင် သုံးဆိုင်၌ မြန်မာနိုင်ငံဆေးဝါး မှတ်ပုံတင်အမှတ်မပါရှိသည့် တရားမဝင်ဆေးဝါး ၁၄ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၂၃၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၆ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်အတွင်း၌ တရားမဝင်သစ်မျိုးစုံ ၃ ဒသမ ၅၂၈ တန်နှင့် လူသုံးကုန်ပစ္စည်း တစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၆၀၀၀၀ကို ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၂၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွာသာကြီး Dry Port ၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၃၅၃၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Yutong Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀ ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(သွင်းကုန်)၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Pioneer DJ စက် နှစ်လုံး အပါအဝင် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀၅၉၉၈၁ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၀၉၅၂၈၁ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဩဂုတ် ၂၃ ရက်၊ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ ၂၄ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၆၀၀၈၄၄၇ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

(သတင်းစဉ်)

# မုံရွာမြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအချင်းချင်း အပြန်အလှန်ပစ်ခတ်မှုကြောင့် ပြည်သူ ခြောက်ဦး ထိမှန်သေဆုံးခဲ့သည်ဟု မဟုတ်မမှန်လုပ်ကြံရေးသားဖြန့်ဝေ

**နေပြည်တော် ဩဂုတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အိုးရှင်းစူပါစင်တာအနီးရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် လှည့်ကင်းဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အချင်းချင်း အပြန်အလှန်ပစ်ခတ်မှုများ ဩဂုတ် ၂၄ ရက်က ဖြစ်ပွားခဲ့ကြောင်းနှင့် ၎င်းပစ်ခတ်မှုကြောင့် အနီးရှိ ကလေး နှစ်ဦး အပါအဝင် ပြည်သူ ခြောက်ဦး ထိမှန်သေဆုံးခဲ့သည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ဩဂုတ် ၁၈ ရက်က ၎င်းနေရာအနီးတွင် အပြစ်မဲ့ပြည်သူ ခြောက်ဦးကို PDF အမည်ခံအကြမ်းဖက်သမားများက ဒလန်ဟုစွပ်စွဲ၍ သတ်ဖြတ်ခဲ့ခြင်းဖြစ်ပြီး ဩဂုတ် ၂၄ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မည်သည့်ပစ်ခတ်မှုမှမရှိကြောင်းနှင့် အဆိုပါ အပြစ်မဲ့ပြည်သူ ခြောက်ဦးကို သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများကိုလည်း တရားဥပဒေနှင့်အညီအရေးယူနိုင်ရေး တာဝန်ရှိသူများက လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

သို့ဖြစ်ပါ၍ တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် မြေပြင်ဖြစ်စဉ်များနှင့်လွဲမှားနေသည့် သတင်းမှားများကို အရှက်တရားမဲ့စွာ လှုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိရာ ယခုဖြစ်စဉ်မှာလည်း အပြစ်မဲ့ ပြည်သူ ခြောက်ဦးကို သတ်ဖြတ်ခဲ့သည့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်ကို ဖုံးကွယ်ပြီး နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန် လုပ်ကြံရေးသားဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)




**“ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်**

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင်FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား”** အစီအစဉ်မှ **“နိုင်ငံရေးအကြောင်းပြ ဖောက်ခွဲဖျက်ဆီးခံနေရသော ပြည်သူပိုင် ရထားလမ်းနှင့် လမ်း၊ တံတားများ”** ခေါင်းစဉ်ဖြင့် ၂၈-၈-၂၀၂၄ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ပြည်သူတွေခိုလှုံရာ အရပ်သားပစ်မှတ်တွေကို အဓိကထား တိုက်ခိုက်လာတဲ့ အကြမ်းဖက်သမားများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၀၉၅၉၅သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း

# ရေကြီးရေလျှံမှုနှင့် အသက်ရှုလမ်းကြောင်းရောဂါများ

၂၀၂၃ ခုနှစ်သည် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု အကျပ်အတည်းကြီး၏ အလှည့်အပြောင်းနှစ်ဖြစ်သွားနိုင်သည်။ ၂၀၂၃ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာညီလာခံကြီး၌ ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာဆီထုတ်ယူသုံးစွဲမှုကို ရပ်ဆိုင်းတော့မည်ဟု ကမ္ဘာ့နိုင်ငံများကြား သဘောတူညီမှုရခဲ့ကြသည်။ "နိဂုံးအဆုံးသတ်တစ်ခု၏နိဒါန်း"ဟုပင် တင်စားကြသည်။ ကမ္ဘာတစ်လွှားအပူချိန်မြင့်မားခြင်း၊ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံခြင်း၊ မိုးခေါင်ရေရှားခြင်းနှင့် တောမီးလောင်ကျွမ်းခြင်း သတင်းများနှင့် ပြည့်နှက်နေခဲ့သည်မှာ နှစ်ကာလကြာမြင့်လာခဲ့ပြီဖြစ်သည်။

ကမ္ဘာမြေကြီး၏ ကျန်းမာရေးကောင်းမှ ကမ္ဘာ့လူသားများ၏ ကျန်းမာရေးကောင်းမည်။ ကမ္ဘာကြီး၏ ကျန်းမာရေးကောင်း၊ မကောင်း ကမ္ဘာ့ရေထု၊ လေထု၊ မြေထုများ၏ကျန်းမာရေးကိုသာ ကြည့်ရပါမည်။ ကမ္ဘာ့သမုဒ္ဒရာကြီးများမှသည် မြစ်ချောင်းအင်းအိုင်များထိ အမှိုက်အညစ်အကြေးများပြည့်လျှံနေသည်။ အမှိုက်များနှင့်ပိတ်ဆို့ပြီး အချို့မြစ်ချောင်းများ ကောသွားကြသည်။ အသားတင်ပြည်တွင်းထွက်ကုန်နေရာတွင် အသားတင်ပြည်တွင်းအမှိုက်ထွက်ကုန်ဖြင့် အစားထိုးရတော့မည်ဟုနောက်ပြောင်နေကြသည်။ ကမ္ဘာ့မြေထုပေါ်တွင် ပလတ်စတစ်နှင့် အမှိုက်များစုပုံနေကြသည်။ သစ်ပင်များမရှိတော့သဖြင့် ရာသီဥတုဖောက်ပြန်မှု၊ ရေကြီးရေလျှံမှု၊ မြေပြိုမှုများဖြစ်ပွားရသည်။ ကမ္ဘာ့လေထုထဲတွင်လည်း မိုက်ခရိုပလတ်စတစ်အမှုန်များမှစ၍ စက်ရုံ၊ အလုပ်ရုံကြီးများမှ ထုတ်လွှတ်လိုက်သည့် ဓာတ်ငွေ့ပေါင်းစုံဖြင့် ညစ်ညမ်းနေသည်။

ကမ္ဘာ့လေထု အဘယ်မျှညစ်ညမ်းနေသည်ကို လူသားတို့၏ အဆုတ်ကျန်းမာရေးအခြေအနေ ကြည့်ပြီး ခန့်မှန်း၍ရသည်ဟု ဆိုသည်။ ကမ္ဘာ့လေထု အရည်အသွေးကျဆင်းလေလေ အဆုတ်ကျန်းမာရေး အားနည်းလေလေဖြစ်သည်။ အလွန်ပူ၊ အလွန်အေး ရာသီဥတုအပြောင်းအလဲမြန်လွန်းခြင်း၊ ရာသီတုပ်ကွေးနှင့် အခြားဗိုင်းရပ်မျိုးစုံ၏ ရောဂါကူးစက်မှုရာသီမူမမှန်ဘဲ ပိုမိုကြာမြင့်လာခြင်း၊ တောမီးလောင်ရာမှထွက်လာသည့်မီးခိုးငွေ့များကို ရှူရှိုက်နေရခြင်းနှင့် တိရစ္ဆာန်များမှပျံ့နှံ့လာသည့် အသက်ရှုလမ်းကြောင်းဆိုင်ရာ ဗိုင်းရပ်ပိုးအသစ်များထွက်ပေါ်လာခြင်း စသည့်ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်ကို ခံစားနေကြရသည်။

လူသားတို့၏ အဆုတ်ကျန်းမာရေးက ကမ္ဘာ့လေထုနှင့် များစွာပတ်သက်ဆက်နွှယ်နေကြောင်း သိရှိခဲ့ပြီးဖြစ်သည်။ ဒါတင်မကသေးပေ။ ကမ္ဘာ့ရေထုကျန်းမာရေးသည်လည်း လူသားတို့၏ အဆုတ်ကျန်းမာရေးနှင့် များစွာဆက်စပ်မှုရှိနေသေးသည်။ သဘာဝဘေးအန္တရာယ်ကြီးများအားလုံးတွင် ရေကြီးရေလျှံမှုများက ဖြစ်ပွားမှုအများဆုံး သဘာဝဘေးအန္တရာယ်ဖြစ်သည်။ ရေကြီးရေလျှံမှုများနှင့် အဆုတ်ကျန်းမာရေးဆက်စပ်မှုကို လေ့လာကြည့်ကြပါမည်။

၂၀၂၃ ခုနှစ်ကုန်ဆုံးခါနီး နှစ်လအတွင်း အာဖရိကတိုက်အရှေ့ပိုင်းမှ ဒိုမီနီကန်ရီပက်ဘလစ်နိုင်ငံနှင့် အမေရိကန်နိုင်ငံအရှေ့ဘက်ကမ်းခြေပြည်နယ်များတွင် ရေကြီးရေလျှံမှုများ အကြီးအကျယ်ဖြစ်ပွားခဲ့ပြီး လူသေဆုံးမှုများရှိခဲ့သည်။ ရေကြီးရေလျှံခြင်းကြောင့် အဆုတ်ကို ထိခိုက်စေပါတော့သည်။

ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည့် ဒေသများတွင် ပန်းနာရင်ကျပ်ရောဂါများ ပိုဆိုးလာတတ်သည်။ ဓာတ်မတည့်မှုများပြီး ချောင်းဆိုးသည့်လူနာများ ပိုများလာသည်။ နယ်သာလန်နိုင်ငံ၌ ပြုလုပ်ခဲ့သည့် သုတေသနတစ်ခု၌ ရေကြီးရေလျှံမှုမှ ရေများနှင့် ထိတွေ့မိခြင်းဖြင့် တုပ်ကွေးနှင့် အဆုတ်ရောဂါများ ပိုမိုဖြစ်ပွားစေနိုင်ကြောင်း ဖော်ပြထားသည်။ ရေကျသွားပြီးနောက် ပြန်လည်ဆေးကြောသန့်စင်မှုများပြုလုပ်သူများမှာ အသက်ရှုလမ်းကြောင်းရောဂါများ ဖြစ်လာနိုင်သည်။ အထက်ပါဖြစ်ရပ်များက ရေကြီးရေလျှံမှုကြောင့် အဆုတ်ကျန်းမာရေးကို တိုက်ရိုက်ထိခိုက်စေသည့်အချက်များဖြစ်သည်။

**❖ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည့် ဒေသများတွင် ပန်းနာရင်ကျပ်ရောဂါများ ပိုဆိုးလာတတ်သည်။ ဓာတ်မတည့်မှုများပြီး ချောင်းဆိုးသည့်လူနာများ ပိုများလာသည်။ နယ်သာလန်နိုင်ငံ၌ ပြုလုပ်ခဲ့သည့် သုတေသနတစ်ခု၌ ရေကြီးရေလျှံမှုမှရေများနှင့် ထိတွေ့မိခြင်းဖြင့် တုပ်ကွေးနှင့် အဆုတ်ရောဂါများ ပိုမိုဖြစ်ပွားစေနိုင်ကြောင်း ဖော်ပြထားသည်။ ရေကျသွားပြီးနောက် ပြန်လည်ဆေးကြောသန့်စင်မှုများ ပြုလုပ်သူများမှာ အသက်ရှုလမ်းကြောင်းရောဂါများ ဖြစ်လာနိုင်သည်။ ❖**

သေဆုံးမှုများကိုဖယ်ထား၍ ရေကျသွားပြီးနောက် ဖြစ်ပေါ်သည့် နောက်ဆက်တွဲသေဆုံးမှုများကို လေ့လာကြည့်သည့်အခါ အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါများက အဓိကအကြောင်းရင်းဖြစ်ကြောင်း တွေ့ကြရသည်။

ရေကြီးရေလျှံမှုများသည် အသက်ရှုလမ်းကြောင်းကိုတိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်ပြီးသော်လည်းကောင်း အန္တရာယ်ပေးနိုင်သည်။ ရေကြီးရေလျှံမှုနှင့်အတူ ရေအရည်အသွေးလည်းကျဆင်းသွားသည်။ တက်လာသည့်ရေများထဲတွင် အဆိပ်အတောက်များ၊ အင်းဆက်ပိုးသတ်ဆေးများ၊ ရေမှတစ်ဆင့် ကူးစက်တတ်သည့်ရောဂါပိုးမွှားများပါလာသည်။ ရေထဲတွင်ပါလာသည့် အဆိပ်အတောက်နှင့် ပိုးမွှားများက ရေပြန်ကျသွားသည့်အခါ ကုန်းပေါ်တွင် တင်ကျန်ရစ်ခဲ့သည်။ ရေခြောက်သွားသည့်အခါ မြေပေါ်တွင်ကျန်ခဲ့သည့် ပိုးမွှား အဆိပ်အတောက်များက လေထုထဲသို့ ဖုန်မှုန့်များနှင့်အတူ လွင့်ပျံသွားသည်။ ထိုညစ်ညမ်းလေများကို လူက ရှူရှိုက်မိသည့်အခါ ရေလျှံမှုကြောင့် အဆုတ်ကျန်းမာရေးကို တိုက်ရိုက်ထိခိုက်စေသည့်အချက်များဖြစ်သည်။

သွယ်ဝိုက်သောအားဖြင့် အဆုတ်ကျန်းမာရေးကို ထိခိုက်စေခြင်းများလည်းရှိသည်။ ရေကြီးရေလျှံမှုဖြစ်ပွားခြင်းနှင့်အတူ အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်များ ပျက်စီးသွားသည်။ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ရပ်ဆိုင်းသွားသည်။ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများလည်း ရပ်ဆိုင်းသွားသည်။ ရေကြီးရေလျှံမှုအပြီး အဖျားအနာများလာသည့်တိုင် အခြေခံကျန်းမာရေးဌာနများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ မလည်ပတ်နိုင်တော့ပေ။

ရေကြီးရေလျှံမှုဖြစ်ပွားပြီးသည့်နောက် ဖြစ်တတ်သည့် နောက်ထပ်ပြဿနာတစ်ခုမှာ မှိုစွဲသည့်ပြဿနာဖြစ်သည်။ စိုစွတ်ပြီး ကျန်ရစ်ခဲ့သည့်ပတ်ဝန်းကျင်တွင် မှိုများစွဲနိုင်သည်။ ရေပြန်ကျသွားသည့်အချိန် ကျန်ခဲ့တတ်သည့်မှိုပမာဏက ပုံမှန်အခြေအနေထက် အဆပေါင်းများစွာရှိနေတတ်သည်ဟု ဆိုသည်။ မှိုစွဲသည့်ပတ်ဝန်းကျင်သည် အဆုတ်ကျန်းမာရေးကို ထိခိုက်စေသည်။ အထူးသဖြင့် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ကိုယ်ခံအားကျဆင်းနေသူများတွင် ဆိုးဆိုးရွားရွားအန္တရာယ်ရှိစေနိုင်သည်။

သုတေသနများအရ စိုစွတ်သည့်ပတ်ဝန်းကျင်ကြောင့် အရင်ကမဖြစ်ဖူးခဲ့သည့် ပန်းနာရင်ကျပ်ရောဂါ ရလာနိုင်သည်။ ရှိပြီးသား ပန်းနာရင်ကျပ်ရောဂါလည်း ပြန်ကြွနိုင်သည်။ လေပြွန်များရောင်ပြီး ချောင်းဆိုးခြင်း၊ မောခြင်း၊ နှာရည်ယိုခြင်း၊ Aspergillosis အမည်ရှိ မှိုစွဲရောဂါတစ်မျိုး အဆုတ်တွင်ကပ်ငြိခြင်းများဖြစ်နိုင်သည်။ ရေကြီးရေလျှံမှုများအပြီး ဖြစ်ပွားတတ်သည့် အဆုတ်မှိုစွဲနာရောဂါများနှင့်ပတ်သက်၍ အသေးစိတ်သုတေသနများ ဆက်လက်လုပ်ဆောင်နေကြသည်။

သက်ဆိုင်ရာတာဝန်ရှိသူများက ရာသီဥတုပြောင်းလဲမှုဆိုင်ရာအခြေအနေများကို ထိန်းချုပ်ရန် ကြိုးစားနေကြစဉ်တွင် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် အချိန်မရွေးကြုံတွေ့လာရဖွယ်ရှိသည့် သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်တုံ့ပြန်နိုင်ရန် အသင့်ပြင်ဆင်ထားကြရပါမည်။ အထူးသဖြင့်ရေကြီးရေလျှံမှုများကြောင့်ဖြစ်ရသည့် ကျန်းမာရေးပြဿနာများနှင့်ပတ်သက်ပြီး ပြင်ဆင်ထားကြရန် လိုအပ်သည်။ ကျန်းမာရေးအာဏာပိုင်များ၊ ကျန်းမာရေးမူဝါဒချမှတ်သူများနှင့် ပြည်သူလူထုအနေဖြင့်ရေကြီးရေလျှံမှု၏ တိုက်ရိုက်နှင့်သွယ်ဝိုက် နောက်ဆက်တွဲကျန်းမာရေးပြဿနာများကို သိရှိနားလည်ပြီး ကြိုတင်ပြင်ဆင်ထားကြရန် လိုအပ်သည်။

နိဂုံးချုပ်အားဖြင့် သဘာဝဘေးအန္တရာယ်များတွင် အဖြစ်အများဆုံး ရေကြီးရေလျှံမှုများနှင့်ပတ်သက်၍ စိုးရိမ်ရေမှတ်မည်မျှထိကျော်လွန်နေသည်၊ ရေကြီးမှုကြောင့် ရေနစ်သေဆုံးသူ မည်မျှရှိသည်ဆိုသည်နှင့်မပြီးဘဲ နောက်ဆက်တွဲအဆုတ်ကျန်းမာရေးပြဿနာများအတွက်ပါ ကြိုတင်ပြင်ဆင်ထားရန် လိုအပ်သည်။ ရေကြီးရေလျှံမှု၏ နောက်ဆက်တွဲကျန်းမာရေးအကျိုးဆက်များကို ပိုမိုလေ့လာသုတေသနပြုပြီး ရင်ဆိုင်ကျော်လွှားကြရန်လိုအပ်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **Flooding and excessive rainfall risk respiratory health from Lancet Respiratory 2024 February**

**ဒေါက်တာလွှမ်းမိုးဟန်**

# မိတ္ထီလာမြို့နယ် သီးကုန်းကျေးရွာ၌ VDP စီမံကိန်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

မိတ္ထီလာ ဩဂုတ် ၂၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သီးကုန်းကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေ၊ ကျေးရွာပြည်သူများထည့်ဝင်ငွေဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ သီးကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေ၊ ကျေးရွာပြည်သူများ၏ လုပ်အားထည့်ဝင်မှုတို့ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါ သီးကုန်းကျေးရွာတွင် ကျေးရွာတွင်းလမ်း အရှည်ပေ ၅၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက် တပ်ဆင်ခြင်းတို့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာနေပြည်သူထည့်ငွေကျပ် ၄၃ သိန်း စုစုပေါင်း ငွေကျပ် ၁၉၃ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လ တတိယပတ်မှ စတင်အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



**သန်းလွင်(မကွေး)**

ဝတ္ထုတိုကလျာ

# ရင်ကွဲလိပ်ပြာ

## အရှင်ကိတ္တိသာရ(လက္ကပင်)



(၁)

သေးငယ်သောမျှော်လင့်ချက်များကို ပွေ့ဖက်ထားသူကိုမှ ကံကြမ္မာက သစ်စိမ်းချိုး ချိုးသွားရက်ခဲ့၏။ သူ့အတွက် ပေးဆပ်ခဲ့ရခြင်းကို ကျွန်တော် နောင်တမရပါ။ ကျေနပ်ခဲ့သည်။ နန်းမဆန်တော့သည့် ကျွန်တော့်အလွမ်းများကို သူဂရုစိုက်မည်မဟုတ်မှန်း သိသော်လည်း နားလည်ပါသည်။ ဘာပဲဖြစ်ဖြစ် ချစ်ခဲ့မိသည့် ကျွန်တော့်နှလုံးသားတစ်စုံကိုတော့ အပြစ်တင်စရာမရှိပါ။ သို့သော် သူ့ဘဝ ပိုပျော်ရွှင်ရအောင် ကိုယ့်ကိုယ်ကိုယ် ခြွေချခဲ့သည်။ အမုန်းတရားဖြင့် နင်းချေခံရတော့လည်း လက်ကျန်ဝဋ်ကြွေးတစ်ခု ဟူ၍သာ သတ်မှတ်ရပါတော့မည်။

"စိမ်း ဒါ အစ်ကို့ရဲ့သူငယ်ချင်း စည်သူတဲ့။ စာရေးဆရာလေ။ အစ်ကိုနဲ့ ရွာကို အလည်လိုက်လာတာ"

သူငယ်ချင်းဖြစ်သူ မြင့်ဝေ၏ မိတ်ဆက်ပေးမှုကြောင့် စိမ်းနှင့် ပထမဆုံး ဆုံစည်းခွင့်ရခဲ့သည်။ ရွှန်းလဲ့ကြည်လင်သော မျက်လုံးဝိုင်းကလေးနှင့် ပြုံးလိုက်သည့်အခါတိုင်း နှင်းဆီတစ်ပွင့်လို လှပသော နှုတ်ခမ်းအစုံက ကြည့်လိုက်တိုင်း ရှုမငြီးစရာ။ ထို့ပြင် ထူးခြားလှပသော ပါးချိုင့်ကလေးကလည်း အလှကို အရောင်တင် ဖန်ဆင်းပေးထားပြန်သည်။

"စာရေးဆရာကြီးက ကျွန်မတို့ရွာကို အလည်လာတယ်ဆိုတော့ ဝမ်းသာစရာပေါ့ရှင်။ ကျွန်မတို့ရွာသူ၊ ရွာသားတွေက တောသူတောင်သားတွေဆိုပေမဲ့ ရိုးသားဖြူစင်ပြီး သဘောထားကောင်းကြပါတယ်နော်။ ကြာကြာနေရင်သိလာမှာပါ စာရေးဆရာကြီးရဲ့"ဟု စိမ်းက ရင်းနှီးဖော်ရွေစွာဖြင့် ခွန်းတုံ့စကားကို ဆို၏။ ပြီးတော့ မျက်ခုံးကလေးကို ပင့်ချီ၍ စည်သူ့ကို ကြည့်သည်။ ရိုးသားမှုများက မပြောဘဲနှင့် အထင်းသားမြင်နေရသည်။ စိမ်းနှင့် ဆုံတွေ့ခွင့်ပေးသည့် ကံကြမ္မာကိုပင် ကျေးဇူးတင်ရပြန်၏။

"စာရေးဆရာလို့ မခေါ်ပါနဲ့ဗျာ။ ကျွန်တော်က အဲဒီလောက်လဲ မဟုတ်သေးပါဘူး။ ဝါသနာနဲ့ စာရေးနေတဲ့အဆင့်ပါ။ မြင့်ဝေ ခေါ်သလို စည်သူလို့ပဲခေါ်ပါ"

ကျွန်တော်တို့ရောက်သွားသည့်အချိန်က ဥသြငှက်တို့အလွမ်းသယ်သည့် နွေရာသီ။ ရွာမြောက်ဘက်ရှိ လက်ပံပင်မှ လက်ပံပွင့်လေးများက လေအပင့်တွင် ကြွေလွင့်နေကြသည်။ ရွက်ဟောင်းများမြေခ၍ ရွက်သစ်များက အစားထိုးနေရာယူနေကြပြီ။ တစ်ခါတစ်ရံ အဆိုလေ့ကျင့်နေကြသည့် ဆက်ရက်သံများကိုလည်း ကြားရတတ်သည်။

(၂)

"မြင့်ဝေ ငါ စိမ်းကို ချစ်မိနေပြီထင်တယ်ကွာ။ ငါ ဘယ်လိုလုပ်ရမလဲ"

"ဟ မင်းကလဲကွာ ချစ်နေပြီဆိုမှတော့ နီးစပ်အောင်လုပ်ပြီး ဖွင့်ပြောပေါ့ကွ။ ရှင်းရှင်းလေးပဲကို"

"အဲဒီလိုဖွင့်ပြောဖို့ မင်းက နီးစပ်အောင်လုပ်ပေး။ ငါ စိမ်းရဲ့ဖုန်းနံပါတ်ကို လိုချင်တယ်"

ကျွန်တော်က မြင့်ဝေကို အပူကပ်သည်။ အစပိုင်းတော့ သူက မူနေသေးသည်။ ကျွန်တော်က နားပူနားဆာလုပ်တော့ ကြာကြာမခံနိုင်ပါ။

"ဟင်း ကိုယ့်ဘာသာကိုယ်ကျ ရအောင်မလုပ်ဘူး။ ငါ့ကို အပူလာကပ်နေတယ်။ ဖုန်းနံပါတ်ပဲနော် ကျန်တာ ငါ့ကို မကူညီခိုင်းနဲ့ ငါ မကူညီဘူး။ ကိုယ့်ဘာသာရအောင်လုပ်။ ဘယ့်နှယ်ကွာ အလည်လဲ ခေါ်ရသေး၊ ချစ်သူရအောင်က လုပ်ပေးရသေးနဲ့။ မင်း အတော်လည်တဲ့ကောင် "

မရဲတရဲအိပ်မက်ကလေးနှင့် စိမ်း၏ အချစ်ကို မျှော်လင့်ခဲ့ရသည်။ အဝေးကနေ တိတ်တိတ်ကလေး လွမ်းမောရသောညများက ရှည်လျားလွန်းလှ၏။ စိမ်းသည် ကျွန်တော့်ဘဝ၏လင်းရောင်ခြည်။ ကျွန်တော့်နှလုံးသား၏ကေရီအဖြစ် ပို၍ပို၍ စိုးမိုးလာခဲ့သည်။ မနက်မိုးလင်းသည်နှင့် ကျွန်တော်အမြင်ချင်ဆုံးအရာသည် စိမ်း၏မျက်နှာလေးသာဖြစ်၏။ နောက်တစ်နေ့တွင် စိမ်းနှင့်ကျွန်တော်တို့ လမ်းမှာဆုံတော့ မြင့်ဝေ စကားကြောင့် အခက်တွေ့ရတော့သည်။

"ဟေ့ စိမ်း ငါ့ကောင်ကြီးက နင့်ဖုန်းနံပါတ် လိုချင်လို့တဲ့ ပေးလိုက်စမ်းပါဟာ။ အဲဒါမှမရရင် သေတော့မဲ့ အတိုင်းကြီး "

မြင့်ဝေတဲ့တိုးကြီးပြောလိုက်သော စကားကြောင့် ကျွန်တော့်မှာ မျက်နှာဘယ်ထားရမှန်းပင် မသိတော့။ ရှက်စိတ်ကြောင့် တစ်ကိုယ်လုံး ထူပူသွားသည်။ မြင့်ဝေကိုလည်း စိတ်ထဲကနေ "တော်တော် အလိုက်ကမ်းဆိုးမသိတဲ့ကောင်"ဟု အပြစ်တင်နေမိ၏။

"ဟေ့ကောင် အခုမှ ရှက်မနေနဲ့။ တောင်းခိုင်းတုန်းက တောင်းခိုင်းပြီးတော့"

စိမ်းက ကျွန်တော့်အဖြစ်ကိုကြည့်ပြီး ပြုံးနေသည်။ သူလည်း ကျွန်တော့်လိုပဲ ရှက်သည်ထင်ပါ၏။ ပါးပြင်တစ်ခုလုံးနီမြန်းသွားပြီး ခေါင်းကိုသာ တွင်တွင်ငုံ့ထားတော့၏။

"ကိုမြင့်ဝေကလဲ ဘာတွေပြောနေမှန်းကို မသိဘူး"

စိမ်းက ရှက်ရမ်းရမ်းပြီးပြောသည်။ နှလုံးသားနှင့် သိက္ခာတရား၏တိုက်ပွဲတွင် နှလုံးသားက အနိုင်ရခဲ့သည်။ ခမ်းနားသည့်ချစ်ခြင်းကြား ထိုနေ့က ပျိုးသည့် ပန်းတိုင်းလန်းခဲ့ပြီ။ ထို့နောက် စိမ်းနှင့်ကျွန်တော် ညစဉ်ညတိုင်း ဖုန်းပြောဖြစ်ခဲ့ကြသည် ။

(၃)

"နှလုံးသားလေးထဲ . . . စီးဝင်နေခဲ့ပြီ . . . လုံးဝမသိတဲ့ . . . အချစ်ဆိုတဲ့အကြောင်းကို . . . မင်းနဲ့ တွေ့တော့မှ . . . အချစ်ဟာ ဘာဆိုတာနားလည် . . . တို့သိလိုက်ပါပြီ. . . အချစ်တွေကို"

မီးမီးခဲ၏ "အချစ်ကိုစသိချိန်"သီချင်းလေးက စိမ်းအတွက် ကျွန်တော်သီးသန့်ထားသော ဖုန်းမြည်သံဖြစ်သည်။ ညစဉ်ညတိုင်း စကားများပြောဖြစ်သော်လည်း ပြောချင်သည့်စကားများက ကုန်သည်ဟူ၍ပင် မရှိပါ။ အတွေးထဲမှာ စိမ်းကို တွေးမိရုံဖြင့်ပင် အိပ်စက်ခြင်းများက ချိုမြိန်လှ၏။ "ချစ်တယ်"ဆိုသည့်စကားကို ဖွင့်မပြောရသေးသော်လည်း တစ်ယောက်စိတ်ကို တစ်ယောက်က သိနေကြပြီ။

"အစ်ကို စိမ်းတို့ရွာကနေပြန်သွားရင် စိမ်းကို မေ့သွားမှာလားဟင်"

"စိမ်းရယ် အစ်ကိုကလေ စိမ်းကို ဘယ်တော့မှ မမေ့ပါဘူး"

ထိုအခါမျိုး၌ စိမ်း၏ ရယ်မောသံလွင်လွင်ကလေးများကို ကြားရတတ်သည်။ မြတ်နိုးတွယ်တာခဲ့ရသည့် ဆံနွယ်ကလေးများက လေထဲတွင် လွင့်ဝဲဖြာကျနေ၏။ စိမ်း၏ ပုံမှန်မဟုတ်သည့် မျက်တောင်ခတ်ခြင်းများကြောင့် ကမ္ဘာကြီးတစ်ခုလုံး ပိုလှသွားသည်ဟု ခံစားမိသည်။ တစ်နေ့တော့ ကျွန်တော့်အချစ်ကို သက်သေပြချင်သည်နှင့် လမ်းဘေးတက်တူးဆိုင်ကနေ ဘယ်ဘက်လက်တွင် "စိမ်း"ဟု နာမည်ထိုးလာခဲ့သည်။ လများကြာခဲ့ပြီ ။ ကျွန်တော်နှင့် စိမ်းမှာလည်း ချစ်သူသက်တမ်းရှည်ခဲ့ပြီမို့ သံယောဇဉ်ကြိုးများက ခိုင်မြဲနေ၏။ သို့သော်လည်း ကံကြမ္မာက ယုံတမ်းစကားများပြောပြီး ရက်စက်ခဲ့သည်မို့ ပျိုးခဲ့သည့် အိပ်မက်များက တစ်စစီလွင့်ပြယ်ခဲ့သည်။ စိမ်းနှင့် တွေ့ဆုံခွင့်သည် သံသရာလိုမရှည်တော့ မဆီမဆိုင် လောကကြီးကို စိတ်နာမိသည်။ "ဒီဘဝ ဒီမျှ"ဆိုသည့် နာကျင်စရာဖြေသိမ့်မှုကို ဖွင့်ချရတော့သည်။

"စိမ်း အချိန်ရရင် အစ်ကို စိမ်းနဲ့ တစ်နေရာရာမှာ နှစ်ယောက်ထဲ အေးအေးဆေးဆေး စကားပြောချင်တယ်။ စိမ်းကိုပြောဖို့ အစ်ကို့မှာ အရေးကြီးစကားတွေရှိတယ်။ အဆင်ပြေရင် မနက်ဖြန် မြင့်ဝေတို့အိမ်ကို လာခဲ့ပါလား"

စိမ်းကလည်း ကျွန်တော့်ဆန္ဒကို လိုက်လျောခဲ့သည်။ သို့သော်လည်း စိမ်းနှင့်တွေ့ရန် ကျွန်တော့်စိတ်များလေးလံနေခဲ့သည်။ နှလုံးသားချင်း ဝေးသွားမှာ ကြောက်သည်။ စိမ်းကို ပွင့်ပွင့်လင်းလင်းပြောရန် အချိန်ကျပြီဟုလည်း သိနေခဲ့သည်။

နောက်နေ့ မြင့်ဝေတို့အိမ် စိမ်းရောက်လာသောအခါ မြင့်ဝေက စိမ်းနှင့်ကျွန်တော် လွတ်လွတ်လပ်လပ် စကားပြောနိုင်ရန် အပြင်သွားစရာရှိသည်ဟုဆိုကာ ရှောင်ထွက်သွားသည်။ အရိပ်ကောင်းကောင်းရသည့် ကုက္ကိုပင်အောက်သို့ ကျွန်တော်တို့နှစ်ယောက် လမ်းလျှောက်လာခဲ့ကြသည်။ သည်နေ့ စိမ်း အရမ်းလှပါသည်။ ရှည်လျားနက်မှောင်သော ဆံကေသာများက လေအသေ့တွင် လွင့်ဝဲဖြာကျနေသည်။ နူးညံ့ဖြူဝင်းသော ပါးမို့မို့လေးနှစ်ဖက်ပေါ်တွင် မိတ်ကပ်ပါးပါးလေး လိမ်းထား၍ ညနေဆည်းဆာနှင့်အတူ အလှပြိုင်နေကြသည့်နှယ်။ မျက်နှာပေါ် လွင့်ဖြာကျလာသော ဆံစလေးများကို လက်နှင့်ဖယ်ရင်း စိမ်းကပင် စကားစဆိုသည်။

"အစ်ကို စိမ်းကို အရေးကြီးစကား ပြောစရာရှိတယ်ဆို ပြောလေ"

"ဟုတ်တယ် စိမ်း။ အစ်ကို စိမ်းကို ပွင့်ပွင့်လင်းလင်းပဲ ပြောချင်လို့ပါ။ ပြောသင့်တယ်လို့လဲ ထင်လို့ပါ"

"ဟင် အစ်ကို့စကားကြီးကလဲ ထူးဆန်းလိုက်တာ။ ဘာကို ပြောသင့်တာလဲ အစ်ကိုရဲ့"

ကျွန်တော် စိမ်းကိုကျော်ပေး၍ အဝေးသို့ ငေးကြည့်နေလိုက်သည်။ အချစ်နှင့်သစ္စာတရားသည် လောကဓံ၏ လှည့်စားမှုအောက်တွင် မျက်နှာငယ်ရ၏။ ဘဝနှစ်ခုကို ပြိုင်မျဉ်းပမာ ဖန်ဆင်းထားတော့ ကျွန်တော်ကပဲ နိမ့်ရာသို့ စီးဆင်းပေးလိုက်သည်။ ဖွဖွကလေးလွှတ်ချလိုက်သည်ဆိုသော်လည်း စိမ်း ဘယ်လောက်နာကျင်မလဲဆိုတာကို နားလည်ပါသည်။ နောက်ဆုံးတော့ စိတ်ကိုတင်းထားပြီး စိမ်းဘက်ကို မျက်နှာပြန်လှည့်လိုက်သည်။

"စိမ်း အစ်ကိုလေ ဒီကပြန်ရင် အစ်ကိုနဲ့စေ့စပ်ထားတဲ့ မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်တော့မယ်"

"ရှင်"

အံ့သြသွားသည့် စိမ်းရဲ့ အာမေဍိတ်စကား။ စိမ်း ဘယ်လိုမှမျှော်လင့်မထားသည့်စကားကို ပြောရ၍ ကျွန်တော့်အသံများ တုန်ယင်လာသည်။ နှလုံးသားများက တဆစ်ဆစ်နာကျင်လာ၏။ စိမ်းကို ကြည့်လိုက်တော့ မျက်ဝန်းအစုံမှာ မျက်ရည်ဥလေးများက တွဲခိုလိမ့်ဆင်းနေကြပြီ။ လှုပ်ခါနေသော နှုတ်ခမ်းလေးများကိုဖိကိုက်ထားရင်း မည်သည့်စကားကိုမျှမဆို။ မပြေလည်မှုချင်းဝင်ဆောင့်မိသည့် ချစ်ခြင်းတရားက ဒဏ်ရာအပြည့်နှင့် ပြုံးပြပြီး နှုတ်ဆက်ခဲ့သည်။

စာမျက်နှာ ၂၅ သို့ ➤

# မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်း ၉၉၉၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မင်းကင်း ဩဂုတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၉၉၉၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၁၂၅၇ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၉၉၉ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ နှမ်းကေ ၂၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ကေ ၉၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နှမ်းလျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ နှမ်းစိုက်ကေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းနစ်တွေနဲ့စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ်နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်ခြင်းတို့ကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်တောင်သူများအနေဖြင့် အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ လူမှုစီးပွားဘဝများပါ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)

# ကြာအင်းဆိပ်ကြီးမြို့နယ် အုန်းတပင်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြာအင်းဆိပ်ကြီး ဩဂုတ် ၂၇**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုန်းတပင်ကျေးရွာ၌ ပဉ္စမအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေကို ထိရောက် အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက အုန်းတပင်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၃၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ငါးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၈ ဦးကို ရန်ပုံငွေကျပ် ၂၃၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းထံမှ သိရသည်။

**ကိုသက်**

➤ စာမျက်နှာ ၂၄ မှအဆက်

"အစ်ကိုရယ် စေ့စပ်ထားတဲ့သူရှိရဲ့သားနဲ့ အစ်ကိုမို့ စိမ်းကို လှည့်စားရက်တယ်။ ဒါပေမဲ့လေ စိမ်း အစ်ကို့ကို အပြစ်မတင်ရက်ပါဘူး။ တကယ်တော့ အစ်ကို့ကိုချစ်ခဲ့မိတဲ့ စိမ်းမှာပဲ အပြစ်ရှိတာပါ။ အစ်ကို ရွေးချယ်ခဲ့တဲ့လမ်းကိုပဲ စိတ်ဖြောင့်ဖြောင့်နဲ့သွားပါတော့အစ်ကိုရယ်။ စိမ်း ကိုယ့်ဘဝနဲ့ကိုယ်သာ ရှိပါစေတော့"

ထိုမျှသာပြောပြီး စိမ်း ထိုနေရာကနေ ထွက်ပြေးသွားသည်။

"မုန်းလိုက်ပါ စိမ်းရယ်။ အစ်ကို့ကို မုန်းလိုက်ပါ။ အစ်ကို့ရင်ခွင်တစ်ခုလုံး အမှောင်ဖုံးခဲ့ပါပြီ။ စိမ်းကို မချစ်လို့မဟုတ်ပါဘူး။ စိမ်း ပျော်ရွှင်ဖို့ အစ်ကို့အချစ်တွေကို စတေးလိုက်တာပါ။ ကြွေခဲ့တဲ့နှလုံးသားပန်းတစ်ပွင့်က အစ်ကို့အတွက် ပြန်မဝေတော့ဘူးဆိုတာသိပါတယ် စိမ်းရယ်"

ကျွန်တော် အသက်မဲ့သူတစ်ယောက်လို ထိုနေရာ၌ ရပ်နေမိခဲ့သည်။ စိမ်းအပေါ် ကျွန်တော်ထားသည့် ဆင်စီးပြီး မြင်းရံစေချင်သည့် ဆန္ဒလေးကို လှစ်ဟမပြဖြစ်ခဲ့။ ရနံ့မဲ့သည့် ကျွန်တော်ဆိုသည့်ပန်း စိမ်းကို မပန်စေချင်ခဲ့ပါ။ အိုဟောင်းမသွားမည့် မေတ္တာလမ်းမှာ စိမ်းတစ်ယောက် ပျော်ရွှင်နေလျှင် ကျွန်တော်ကျေနပ်ပါပြီ။ ကယောင်ကတမ်းနှင့် လက်မှာ ထိုးထားသော " စိမ်း"ဆိုသည့် တက်တူးစာတမ်းလေးကို စမ်းမိတော့ တစ်နေ့ကစကားများ နားထဲ ပြန်လည်ကြားယောင်လာသည်။

"ကိုစည်သူ သွေးလှူလို့မရပါဘူး ရှင့်"

"ဗျာ ဘာလို့လဲ။ ကျွန်တော် ခါတိုင်းလဲလှူနေကျပဲလေ"

သွေးလိုသည်ဆို၍ တစ်ရက်က မြင့်ဝေနှင့်အတူ သွေးလှူဖို့ လိုက်သွားခဲ့သည်။

သူနာပြုဆရာမလေးက -

" ရှင့်မှာ HIV ပိုး ရှိနေတယ်။ ဒီမှာလေကြည့်။ ရှင့်ရဲ့ သွေးစစ်ထားတဲ့ အဖြေ"

ကျွန်တော့်ခေါင်း ချာချာလည်သွားသည်။ လုံးဝမျှော်လင့်မထားသည့်ရောဂါကြောင့် ဆောက်တည်ရာမရဖြစ်နေခဲ့သည်။ သည်ရောဂါရအောင် ကျွန်တော်လည်း အပျော်အပါးလိုက်စားသူတစ်ယောက်မဟုတ်ပါ။ ဒါ ဘယ်လိုမှမဖြစ်နိုင်ဘူးဟု စိတ်က ငြင်းဆန်နေမိသည်။

"သူငယ်ချင်း စိတ်ကို တည်တည်ငြိမ်ငြိမ် ထားပါကွာ။ သေချာအောင် ပြန်စစ်ကြည့်တာပေါ့။ ဆရာမတွေ မှားတာလဲဖြစ်နိုင်ပါတယ်"

မြင့်ဝေက အားပေးစကားဆိုသည်။ နောက်တစ်ကြိမ် သွေးထပ်စစ်ရန်ပြောပြီး ဆရာမကို ဘယ်ဘက်လက် ပေးလိုက်သည် ။

"ရှင် ဒီစာကို ဘယ်နေရာကနေ ထိုးလာခဲ့တာလဲ"

ဆရာမပြောမှ ကျွန်တော်သတိရသွားသည်။ မြို့သွားစဉ်က လမ်းတွင်တွေ့သော တက်တူးဆိုင်တစ်ဆိုင်၌ ထိုးလာခဲ့ခြင်းဖြစ်သည်။ နောက်တစ်ကြိမ်ထပ်စစ်တော့လည်း အဖြေက မပြောင်းလဲပေ။ စိမ်းနှင့်အတူ ဘဝတစ်ခုတည်ဆောက်ရန်မက်ခဲ့သည့် ကျွန်တော့်အိပ်မက်များ လဲပြိုခဲ့ရသည်။ သည်အတွက် စိမ်းတစ်ယောက် ကျွန်တော့်ကို နားလည်ပေးနိုင်ပါစေဟု၍သာ ဆုတောင်းနေမိတော့သည်။

## ကြိုးစားကြစို့

\- အချိန်ရှိခိုက် မရပ်နား
ပညာများ ရှာကာဖွေ၊
နောင်တစ်ချိန် ဘဝရေး
မျှော်တွေးလို့နေ၊
ကြိုးစားကြ လူငယ်တွေ
ထားရှိစေ ရည်ရွယ်ချက်၊
ရောက်လိုရာ ဘဝလမ်း
လျှောက်လှမ်းရှေ့ဆက်။

\- ရှုံးနိမ့်ခြင်း အားမပျက်
သွားလျက် ပန်းတိုင်ဆီ၊
ဖွဲ လုံ့လ ဝီရိယ
ရှိကြကိုယ်စီ၊
မြော်မြင်လို့ ကြံဆရည်
မှန်ရမည် စိတ်အတွေး၊
တတ်ပညာ ဗဟုသုတ
ရှာကြကွဲ့လေး။

\- မကောင်းမှု ရှောင်ကြဉ်ပေး
မှားမှန်ရွေး ဆင်ခြင်ကာ၊
သင့်တော်ရာ ပညာရပ်
တတ်အပ်ကာသာ၊
လေ့လာလို့ ဖွေရှာပါ
ဘဝတာ ပြည့်စုံဖို့၊
ရိုးသားစွာ နိုးကြားမှုဖြင့်
ကြိုးစားကြစို့။ ။

**ကိုရွှေတောသား(ဆင်ကူး)**

# သရက်မြို့နယ် ရွာသစ်ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း စစ်ဆေး

**သရက် ဩဂုတ် ၂၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေဖြင့် ပျဉ်ထောင်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် အင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ရွာသစ်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ရွာသစ်ကျေးရွာ၌ အရှည်ပေ ၅၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၅ သိန်း စုစုပေါင်း ငွေကျပ် ၁၆၅ သိန်း အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇူလိုင် ၂၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းထံမှ သိရသည်။

**ဆက်လှူ**

# ခိုင်လုံမှသာ သေခါနီးစွပ်စွဲချက်ဖြင့် အပြစ်ပေးနိုင်

**စိန်လှိုင်ဗိုလ်**

ရာဇဝတ်မှုများတွင် ရံဖန်ရံခါ ကြုံတွေ့ရသည့် အငြင်းပွားဖွယ်ရာ ပြဿနာတစ်ရပ်မှာ "သေခါနီးစွပ်စွဲချက်"ဖြင့် တရားခံအပေါ် အပြစ်ပေးရန် လုံလောက်ခြင်းရှိ၊ မရှိဟူသော ပြဿနာဖြစ်ပါသည်။ သေခါနီးစွပ်စွဲချက်သည် သက်သေခံဥပဒေပုဒ်မ-၃၂ အရ သက်သေခံဝင်ပါသည်။ သေခါနီးစွပ်စွဲချက်မှာ ယုံကြည်စိတ်ချရပါမူ ထိုသေခါနီးစွပ်စွဲချက် တစ်ခုတည်းနှင့်ပင် တရားခံအပေါ် အပြစ်ပေးနိုင်ပါသည်။ အကယ်၍ သေသူသည် မိမိအား ရန်ပြုသူကို ကောင်းမွန်စွာတွေ့မြင်လိုက်နိုင်ရန် အကြောင်းရှိပြီး တရားခံအပေါ် မတရားစွပ်စွဲရန် အကြောင်းမရှိပါက ၎င်း၏ သေခါနီးစွပ်စွဲချက်သည် တန်ဖိုးရှိသော စွပ်စွဲချက်တစ်ခုဖြစ်သည်ဟုဆိုရပေမည်။ သို့ရာတွင် ခိုင်မာလုံလောက်သော စွပ်စွဲချက်မဟုတ်ပါက အပြစ်မပေးနိုင်ကြောင်းနှင့်စပ်လျဉ်း၍ မြန်မာ့တရားစီရင်ရေး သမိုင်းတွင် အထင်ကရဖြစ်သော ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ ပထမတွဲပါ အမှုတစ်ခုကို အကြောင်းပြု၍ ဥပဒေဗဟုသုတအလို့ငှာ ရေးသားတင်ပြပါဦးမည်။

၁၉၆၅ ခုနှစ်က ဖြစ်ပွားခဲ့သော အမှုဖြစ်၍ နှစ်ကာလအားဖြင့် ကြာခဲ့ပါပြီ။ သို့ရာတွင်လမ်းညွှန်စီရင်ထုံးမှာမူ တည်တံ့ခိုင်မြဲလျက်ရှိပါသည်။ အမှုဖြစ်ပွားပုံမှာ သာယာဝတီခရိုင်၊ မင်းလှအပိုင် ဥတိုရွာနေ သူကြီးဦးကျော်စိန်သည် ရွာလမ်းဖောက်သည့်နေရာသို့ သွားရောက်လုပ်အားပေးပြီး ည ၇ နာရီကျော် အချိန်ခန့်တွင် အိမ်သို့ပြန်ခဲ့ပါသည်။ အိမ်ရောက်ပြီးအိမ်ရှေ့ရေကန်တွင် ခြေဆေးနေခိုက် လူနှစ်ဦးက ၎င်းကိုဓားများဖြင့်ခုတ်ကာ ထွက်ပြေးကြပါသည်။ ဦးကျော်စိန်သည် အော်ဟစ်အကူအညီတောင်းကာ ၎င်းကို ရန်ပြုသူများ၏နောက်သို့ အနည်းငယ်ပြေးလိုက်ပါသည်။ သို့ရာတွင် မီအောင် မလိုက်နိုင်ပါ။

ထိုသို့ ဦးကျော်စိန် အော်ဟစ်အကူအညီတောင်းသံကို အိမ်ပေါ်၌ ထမင်းစားနေကြသည့် ဦးကျော်စိန်၏ဇနီးဒေါ်မြရင် (လိုပြ-၃)နှင့် လူငှားမောင်စန်း (လိုပြ-၂)တို့ကြား၍ အိမ်အောက်သို့ ဆင်းလာကြပြီး ဦးကျော်စိန်ထံသို့သွားကြသည်။ ဦးကျော်စိန်ထံတွင် ဒဏ်ရာများတွေ့သဖြင့် ဒေါ်မြရင်က မေးမြန်းသောအခါ မောင်သာထွန်းနှင့် မောင်ညွန့်ခင်တို့နှစ်ဦးနှင့် အမည်မသိလူတစ်ဦးတို့က ၎င်းကို ဓားနှင့် ခုတ်ကြောင်းပြောပါသည်။ ထိုသို့ ပြောသည်ကို မောင်စန်းလည်း ကြားရပါသည်။

ချက်ချင်းပင် ရွာသားများက ဦးကျော်စိန်ကို မင်းလှမြို့ ပြည်သူ့ဆေးရုံသို့ပို့လိုက်ပြီး မင်းလှရဲစခန်းသို့ အကြောင်းကြားချက်အရ ရဲတပ်ကြပ်ကြီး စာရေးဦးကျော်မြင့် (လိုပြ-၁)သည် ဆေးရုံသို့ သွားရောက်၍ တိုင်ချက်ကိုရေးယူခဲ့သည်။ ထိုတိုင်ချက်တွင် ဦးကျော်စိန်က၎င်းကို ဓားနှင့်ခုတ်သူများမှာ မောင်သာထွန်းနှင့် မောင်ညွန့်ခင်နှစ်ဦးနှင့် အမည်မသိလူတစ်ဦးဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ထို့နောက် မင်းလှမြို့နယ် ရာဇဝတ်တရားသူကြီးသည် ဆေးရုံသို့ လာရောက်ကာသေတမ်းစစ်ချက်ယူသဖြင့် အထက်ပါအတိုင်းပင် စွပ်စွဲခဲ့ပါသည်။

ဦးကျော်စိန်သည် ရရှိခဲ့သော ဒဏ်ရာများကြောင့် နောက်တစ်နေ့ နံနက် ၉ နာရီအချိန်တွင် ဆေးရုံ၌ သေဆုံးသွားသည်။ အလောင်းကို ဆရာဝန် ဦးဖေတင် (လိုပြ-၅)က ခွဲစိတ်ကြည့်ရှုရာ ဦးခေါင်းနောက်တွင် ဒဏ်ရာတစ်ချက်၊ လက်ယာပခုံးတွင်တစ်ချက်နှင့် လက်ဝဲလက်ဖဝါးတွင်တစ်ချက် ပေါင်း သုံးချက်



တွေ့ရှိရသည်။ ဦးခေါင်းတွင်ရသော ဒဏ်ရာမှာ ဦးခေါင်းခွံနှင့် ဦးနှောက် သုံးလက်မခန့် ပြတ်သွားသဖြင့် မုချသေစေမည့်ဒဏ်ရာဖြစ်ကြောင်း တွေ့ရှိရသည်။

အထက်ပါ သက်သေအထောက်အထားများအရ တရားခံနှစ်ဦးတို့ကို ရာဇသတ်ပုဒ်မ-၃၀၂ အရ ရုံးတွင်တရားစွဲဆိုခဲ့ရာ ၎င်းတို့က ဦးကျော်စိန်ကို ဓားနှင့်မခုတ်ရကြောင်းငြင်းဆိုကာ သက်သေထူခဲ့သော်လည်း အောက်ရုံးတရားသူကြီးက "အချင်းဖြစ်ပွားသောအချိန်မှာ နေဝင်ပြီးအချိန်ဖြစ်သော်လည်း မှောင်အတိကျပြီးအချိန်မဟုတ်သေးသဖြင့် ဦးကျော်စိန် သည် မိမိရွာသားများဖြစ်ကြသည့် တရားခံတို့ကို တွေ့မြင်မှတ်မိနိုင်ရန် အကြောင်းရှိသည်"ဟု ကောက်ယူကာ ၎င်းတို့၏ ထုချေချက်ကို လက်မခံဘဲ မောင်သာထွန်းနှင့်မောင်ညွန့်ခင်တို့အပေါ် ရာဇသတ်ပုဒ်မ-၃၂၆ အရ အလုပ်နှင့်ထောင်ဒဏ်ငါးနှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ပါသည်။ ၎င်းအမိန့်အပေါ် မကျေနပ်သဖြင့် နိုင်ငံတော်တရားရုံးချုပ်သို့ အယူခံဝင်ရောက်ခဲ့ပါသည်။

**နိုင်ငံတော်တရားရုံးချုပ်၏ စီစစ်သုံးသပ်ဆုံးဖြတ်ချက်**

ဤအမှုတွင် အယူခံတရားလိုတို့အပေါ် ငြိစွန်းနေသည့်တစ်ခုတည်းသော သက်သေအထောက်အထားမှာ ဦးကျော်စိန်၏ သေခါနီးစွပ်စွဲချက်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါသေခါနီးစွပ်စွဲချက်ဖြင့် အယူခံတရားလိုတို့အပေါ် အပြစ်ပေးရန် လုံလောက်ခြင်းရှိ၊ မရှိဆိုသောပြဿနာကို ဝေဖန်ဆန်းစစ်ရန် လိုအပ်ကြောင်း၊ သေခါနီးစွပ်စွဲချက်သည် သက်သေခံဥပဒေပုဒ်မ-၃၂ အရသက်သေခံဝင်သဖြင့် ထိုသေခါနီးစွပ်စွဲချက်မှာ ယုံကြည်စိတ်ချရပါမူ ထိုသေခါနီးစွပ်စွဲချက်တစ်ခုတည်းနှင့်ပင် တရားခံအပေါ် အပြစ်ပေးနိုင်သည်ဆိုခြင်းမှာ ယုံမှားဖွယ်မရှိကြောင်း ဆန်းစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

အကယ်၍ သေသူသည် မိမိအား ရန်ပြုသူကို ကောင်းမွန်စွာတွေ့မြင်လိုက်နိုင်ရန် အကြောင်းရှိပြီး တရားခံအပေါ်မတရားစွပ်စွဲရန် အကြောင်းမရှိပါက ၎င်းသေခါနီးစွပ်စွဲချက်သည် တန်ဖိုးရှိသော စွပ်စွဲချက်တစ်ခုဖြစ်သည်ဟု ဆိုရမည်ဖြစ်ကြောင်း **ဘိုးစီနှင့် နိုင်ငံတော်အေအိုင်အာရ် ၁၉၃၆ ရန်ကုန် ၃၂၄** အမှုတွင် သေခါနီးစွပ်စွဲချက်မှာ **မှန်သည်၊ မမှန်သည် ဆိုသောအချက်ကို မေးခွန်းထုတ်၍ မစစ်ဆေးနိုင်သည်ကတစ်ကြောင်း၊ အတွေ့အကြုံများအရ အခါခပ်သိမ်း စိတ်ချလက်ချ လက်မခံနိုင်သည်ကတစ်ကြောင်း၊ ထိုအကြောင်းများကြောင့် သတိကြီးစွာဖြင့် ဝေဖန်ဆန်းစစ်ပြီးမှသာ တရားခံအပေါ် အပြစ်ပေးသင့်ကြောင်း ကျင်ဟုတ်နှင့် ပြည်ထောင်စု၊ ၁၉၄၉ မတစ ၁၅၄ (တရားလွှတ်တော်) မောင်ထွန်းစိန်နှင့် ပြည်ထောင်စု ၁၉၅၄ မတစ ၁၁ (တရားလွှတ်တော်ချုပ်) ရမ်နတ်နှင့် မဒါယာပရဒက် ပြည်နယ် အေအိုင်အာ ၁၉၅၃ တရားလွှတ်တော်ချုပ် ၄၂၀ အမှုတို့ကို** တရားရုံးချုပ်က ရည်ညွှန်းပါသည်။

ယခုအမှုတွင် ဦးကျော်စိန် ဓားခုတ်ခံရသော အချိန်မှာ မှောင်နေသောအချိန်ဖြစ်သည်မှာ ထင်ရှားကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဦးကျော်စိန်၏ အော်ဟစ်အကူအညီတောင်းသံကို ကြားရသဖြင့် ၎င်း၏ဇနီးဒေါ်မြရင်သည် **"အိမ်ပေါ်မှ မီးတိုင်ကိုကိုင်ဆင်းရပြီး လူငှားမောင်စန်းက အိမ်ပေါ်မှ လက်နှိပ်ဓာတ်မီးနှင့်ထိုး၍ကြည့်ရကြောင်း"** ဒေါ်မြရင်နှင့် မောင်စန်းတို့ ကိုယ်တိုင်ထွက်ဆိုထားသည်ကို တရားရုံးချုပ်က ဖော်ထုတ်စိစစ်သုံးသပ်ခဲ့ပါသည်။

ထို့ပြင် ဦးကျော်စိန်နှင့် အိမ်နီးနားချင်းဖြစ်သူ ဦးသိန်းရွှေ (ခံပြ-၇)က **အော်သံကြား၍ မီးပုံးကိုကိုင်ပြီးသွားရကြောင်း၊ ထိုအချိန်က မှောင်နေကြောင်း ထွက်ဆိုထားသည်။ သို့ဖြစ်ရာ ဓားနှင့်အခုတ်ခံရသူ ဦးကျော်စိန်သည် မိမိအား ရန်မူသူများကို ထင်ထင်ရှားရှား တွေ့မြင်လိုက်နိုင်ရန် အကြောင်းမရှိကြောင်း၊ အလင်းရောင်မရှိသည့်နေရာတွင် အခုတ်ခံရခြင်းဖြစ်သည့်အားလျော်စွာ ဦးကျော်စိန်သည် လူမှားပြီးစွပ်စွဲခဲ့ခြင်းမဟုတ်ဟု တထစ်ချယူဆရန် မဖြစ်နိုင်ကြောင်း၊ အကယ်၍ ဦးကျော်စိန်သည် မတရားလိမ်လည်စွပ်စွဲရန် အကြောင်းမရှိဟု ဆိုစေကာမူ လူမှားပြီးစွပ်စွဲရန် အကြောင်းမရှိဟု မဆိုသာသည့်အလျောက် ၎င်း၏ သေခါနီးစွပ်စွဲချက်တစ်ခုတည်းဖြင့် အပြစ်ပေးရန် ခိုင်မာလုံလောက်သည်ဟု မဆိုနိုင်ကြောင်း** တရားရုံးချုပ်က စေ့စပ်သေချာစွာစိစစ်သုံးသပ်ခဲ့ပါသည်။

သို့ဖြစ်ရာ ၎င်း၏သေခါနီးစွပ်စွဲချက်တစ်ခုတည်းဖြင့် အပြစ်ပေးရန် ခိုင်မာလုံလောက်ခြင်း မရှိသည့်အလျောက် ဦးစံခင်၏သား တရားလို မောင်သာထွန်းနှင့် ဦးဖိုးသာ၏ သားအယူခံတရားလို မောင်ညွန့်ခင်တို့ကို ရာဇသတ်ပုဒ်မ-၃၂၆ အရ ထောင်ဒဏ်ငါးနှစ်စီ ကျခံစေရန် အပြစ်ပေးခဲ့သော အောက်ရုံးအမိန့်ကို ပယ်ဖျက်ကာ ၎င်းတို့ကို ဤအမှုနှင့်ပတ်သက်၍ တရားသေလွှတ်ရန် တရားရုံးချုပ်က အမိန့်ချမှတ်လိုက်ပါသည်။ တရားရုံးချုပ်တရားသူကြီးမှာဦးသက်ဖေ ဖြစ်ပါသည်။

တရားစီရင်ထုံးများ၏ နယ်ပယ်တွင် ၁၉၆၆ ခုနှစ်၊ စီရင်ထုံးစာအုပ်နှစ်အုပ်သည် ထူထူထဲထဲရှိသည် သာမက စီရင်ဆုံးဖြတ်ခဲ့ကြသော တရားသူကြီးများသည် တရားစီရင်ရေးနယ်ပယ်တွင် လွန်စွာမှပင် ဂုဏ်သတင်းကြီးမားသော ပညာရှိပုဂ္ဂိုလ်ကြီးများဖြစ်ပါသည်။ ယနေ့တိုင်လည်း ၁၉၆၆ ၏ စီရင်ထုံးစာအုပ်နှစ်အုပ်ကို မှီငြမ်းကိုးကားနေရဆဲဖြစ်ပါကြောင်း **မောင်သာထွန်းပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၉၆၆ ရာဇဝတ်အယူခံမှု -၂၄** အမှုကို ရည်ညွှန်းကိုးကားရေးသားဖော်ပြလိုက်ရပါသည်။

# ကန့်ဘလူခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာသီးနှံ ၃၂၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ကန့်ဘလူ ဩဂုတ် ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာသီးနှံ ၃၂၅ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူခရိုင်စိုက်ပျိုးရေးဦးစီးဌာနစာရင်းများအရ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူခရိုင်တွင် နေကြာသီးနှံဧက ၆၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်ဇွန်လမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ကန့်ဘလူမြို့နယ်တွင် နေကြာဧက ၂၆၀ နှင့် ကျွန်းလှမြို့နယ်တွင် ၆၅ ဧက စုစုပေါင်း ၃၂၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူခရိုင်မှာနေကြာသီးနှံဧက ၆၅၀ စိုက်ပျိုးဖို့အတွက်လျာထားပါတယ်။ ဒီနေ့ထိ ၃၂၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နေကြာတွေလျာထားဧကပြည့်မီအောင် ဆက်လက်စိုက်ပျိုးနေပါတယ်။ ပြည်ပက စားအုန်းဆီတင်သွင်းတာကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာတစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်ပိုများပါတယ်။ နေကြာကို ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ အများစု စိုက်ပျိုးကြတာပါ"ဟု ကန့်ဘလူခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်မာမာဝင်းကပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူခရိုင်တွင် နေကြာသီးနှံစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် ၅၇၉ ဧကနှင့် ကျွန်းလှမြို့နယ်တွင် ၇၁ ဧက စုစုပေါင်း ၆၅၀ ဧကတို့ဖြစ်ကြောင်း သိရသည်။

ကန့်ဘလူခရိုင်တွင် နေကြာသီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် ကန့်ဘလူခရိုင်တွင် နေကြာသီးနှံစိုက်ပျိုးမည့်တောင်သူများကို အရည်အသွေးကောင်းမွန်သည့် နေကြာမျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများကို ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေးစီမံထားခြင်း၊ ထွက်ရှိလာသောနေကြာမျိုးများကို တောင်သူမှ တောင်သူဖလှယ်သည့် နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပိန်းဥ ပိဿာချိန် ၅၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ပန်းတနော် ဩဂုတ် ၂၇

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပိန်းဥပိဿာချိန် ၅၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ပိန်းဥပိဿာချိန် ၄၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ ပိန်းဥပိဿာချိန် ၅၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပန်းတနော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဇူလိုင်လအတွင်း အရည်အသွေးကောင်းမွန်တဲ့ ပိန်းဥပိဿာချိန် ၅၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပန်းတနော်မြို့ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံး တင်ပို့ရောင်းချနေပါတယ်။ အဲဒီဒေသထွက် ပိန်းဥတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားနေလို့ အရောင်းအဝယ်ကောင်းခဲ့တာ ဖြစ်ပါတယ်"ဟု ပန်းတနော်မြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ပိန်းဥ ၁၀ ပိဿာလျှင် ငွေကျပ် ၆၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ပိန်းဥများအရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အဆင်ပြေလျက်ရှိနေကြောင်း သိရသည်။

ကျော်ကျော်လင်း

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၉၆၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ချောင်းဦး ဩဂုတ် ၂၇

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၉၆၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲဧက ၁၃၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၆၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ချောင်းဦးမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မတ်ပဲ ဧက ၁၃၀၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၉၆၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်" ဟု ချောင်းဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မတ်ပဲစိုက်ပျိုး တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲစိုက်ပျိုးရာတွင် အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်စေရေးတို့အတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာများ စသည်တို့ကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့်ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ချောင်းဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးထံမှ သိရသည်။

(၂၀၆)



# ဒေးဒရဲမြို့နယ် ကွန်ပလိုင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

ဒေးဒရဲ ဩဂုတ် ၂၇

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွန်ပလိုင်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်နှင့် တာဝန်ရှိသူများက ကွန်ပလိုင်းကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လမ်းရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ကွန်ပလိုင်းကျေးရွာ၌ လမ်းအရှည် ၁၀၇၅ ပေ၊ အကျယ် လေးပေ၊ အမြင့်ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၀ သန်းအသုံးပြု၍ ၂၀၂၄ ခုနှစ် မေလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် ကွန်ပလိုင်းကျေးရွာရှိ ပြည်သူလူထု၏ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က ပြောပြ၍ သိရသည်။

မင်းမြင့်မိုရ်

# ဝေါမြို့နယ် မြောက်ကျောက်ဝန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

ဝေါ ဩဂုတ် ၂၇

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်တွင် မြောက်ကျောက်ဝန်းကျေးရွာ၌ စတင်အကောင်အထည်ဖော်ဆောင်ရွက်မည့် ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ဝေါမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိ၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြောက်ကျောက်ဝန်းကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အကြောင်းအရာများ၊ စီမံကိန်းစက်ဝန်းနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ကျေးရွာပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်ဦးစီးမှူးက မြောက်ကျောက်ဝန်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မြောက်ကျောက်ဝန်းကျေးရွာရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၇၀ အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို ထုတ်ချေးပေးခဲ့ကြောင်း ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိက ပြောပြ၍ သိရသည်။

ကိုညို

# သနပ်ပင်မြို့နယ် ရေကျော်ကျေးရွာ၌ VDP စီမံကိန်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

သနပ်ပင် ဩဂုတ် ၂၇

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေကျော်ကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း( VDP)ရန်ပုံငွေဖြင့်ဆောင်ရွက်သော ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်း၊ VDP စီမံကိန်းတာဝန်ခံတို့နှင့်အတူ ရေကျော်ကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးစီးခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကျိုးရှိရှိ အသုံးချပြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို စဉ်ဆက်မပျက် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ရေကျော်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ဖြင့် အရှည်ပေ ၄၀၀၊ အကျယ် ၁၂ ပေနှင့် အမြင့် ခြောက်လက်မရှိကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးကူညီမှုဖြင့် ကျေးရွာလူထုကိုယ်တိုင် ဇွန်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး ကျေးရွာရှိ အိမ်ခြေ ၈၉ အိမ်၊ လူဦးရေ ၅၀၄ ဦးတို့အတွက် လမ်းပန်းဆက်သွယ်ရေး လွယ်ကူလျင်မြန်လာမည်ဖြစ်ကြောင်း သိရသည်။

ချစ်ဦးကို

# နော်ဝေနိုင်ငံတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အမေရိကန်ဒေါ်လာ တစ်ဘီလီယံထိ အသုံးပြုသွားမည်



**အော့စလို ဩဂုတ် ၂၇**

နော်ဝေအာဏာပိုင်အဖွဲ့အစည်းသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကိုအထောက်အကူပြုနိုင်ရေးအတွက် ရုပ်ကြွင်းလောင်စာနေရာတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍကို တိုးချဲ့သွားမည်ဖြစ်ပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမေရိကန်ဒေါ်လာ တစ်ဘီလီယံထိ အသုံးပြုသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နော်ဝေ အာဏာပိုင်အဖွဲ့အစည်းက Copenhagen Infrastructure Partners (CIP)အဖွဲ့အစည်းထံသို့ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ကာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ Norges Bank Investment Management (NBIM) ဘဏ်မှတစ်ဆင့် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သွားမည်ဖြစ်ပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍဖြစ်သည့် ကမ်းလွန်ရေအားလျှပ်စစ်၊ ဆိုလာစွမ်းအင်စနစ်များကို တည်ဆောက်သွားမည်ဖြစ်ကြောင်း နော်ဝေအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍတည်ဆောက်ရေးအတွက် အစိုးရနဲ့ သဘောတူညီချက်ရရှိထားပြီးဖြစ်ပါတယ်။ ဒီသဘောတူညီချက်ဟာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍမှာ လိုအပ်နေတဲ့ အခြေခံအဆောက်အအုံတွေ၊ နည်းပညာတွေနဲ့ ဈေးကွက်ရှာဖွေဖို့အတွက် ဆောင်ရွက်ရာမှာ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်နိုင်မှာဖြစ်ပါတယ်" ဟု NBIMဘဏ်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးကပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : Sai Sat**

# ဘရာဇီးနိုင်ငံ ဆာပေါလိုပြည်နယ်၌ တောမီးကြောင့် ကြံခင်းများပျက်စီးခဲ့သဖြင့် သကြားအထွက်နှုန်း လျော့ကျလာဖွယ်ရှိ

**ဘရာဇီးလီးယား ဩဂုတ် ၂၇**

ဘရာဇီးနိုင်ငံ ဆာပေါလိုပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပြီး တောမီးလောင်ကျွမ်းမှုကြောင့် ကြံခင်းဧကပေါင်းများစွာ ပျက်စီးခဲ့သဖြင့် သကြားအထွက်နှုန်း သိသိသာသာ ကျဆင်းလာဖွယ်ရှိနေကြောင်း ဘရာဇီးအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဆာပေါလိုပြည်နယ်သည် ဘရာဇီးနိုင်ငံ၏သကြားထုတ်လုပ်မှုအမြင့်ဆုံးသော ပြည်နယ်ဖြစ်ပြီး တောမီး လောင်ကျွမ်းမှုကြောင့် ကြံခင်းများ ပျက်စီးနေမှုသည် ဘရာဇီးနိုင်ငံ၏သကြားထုတ်လုပ်မှုနှင့် ကြံနှင့်ဆက်စပ်သောအခြားသောကဏ္ဍများအတွက် ကြီးမားသောဆုံးရှုံးမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း၊ တောမီးလောင်ကျွမ်းမှုကြောင့် ကြံတန်ချိန်ပေါင်း ၁ ဒသမ ၈ သန်းထိ ဆုံးရှုံးရဖွယ်ရှိနေပြီး ၂၀၂၄ ခုနှစ်အတွက် မျှော်မှန်းထားသည့် သကြားထုတ်လုပ်မှုပမာဏအတိုင်း ထုတ်လုပ်နိုင်မည့်အခြေအနေမဟုတ်ကြောင်း သိရသည်။

"တောမီး လောင်ကျွမ်းမှုကြောင့် ကြံခင်းတွေ တော်တော်များများ ပျက်စီးသွားခဲ့ပါတယ်။ ကြံခင်းတွေ ပျက်စီးသွားခဲ့တဲ့အတွက် သကြားထုတ်လုပ်မှုအပိုင်းမှာ သိသိသာသာလျော့ကျလာနိုင်တယ်။ ပျက်စီးခဲ့တဲ့ကြံခင်းဧရိယာအရ သကြားထုတ်လုပ်မှု ခန့်မှန်းတန်ချိန်ပေါင်း ၁၁၀၀၀၀ ထိ ကျဆင်းသွားနိုင်ပါတယ်"ဟု ဆာပေါလိုပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ မာတင်ညိုက ပြောကြားသွားခဲ့သည်။

တောမီးလောင်ကျွမ်းမှုနှင့် ပတ်သက်၍ သံသယရှိသူလေးဦးကို ဖမ်းဆီးထိန်းသိမ်းထားပြီး လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည်ဟု ဆာပေါလိုရဲတပ်ဖွဲ့က ထုတ်ပြန်ခဲ့ကြောင်း၊ ပျက်စီးဆုံးရှုံးမှုပမာဏ ကြီးမားသည့်အတွက်ကြောင့် ပြစ်မှုထင်ရှားပါးက အဆိုပါသံသယရှိသူများ အနေဖြင့် ကြီးလေးသောပြစ်ဒဏ်ဖြင့် ရင်ဆိုင်သွားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : Sai Sat**

# အိုက်စလန်တွင် ရေခဲလိုဏ်ဂူပြိုကျမှုကြောင့် လူတစ်ဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံး

**ရေးကျာဗစ်ခ် ဩဂုတ် ၂၇**

အိုက်စလန်နိုင်ငံတွင် ရေခဲလိုဏ်ဂူပြိုကျမှုကြောင့် လူတစ်ဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးနေကြောင်း ယနေ့သတင်းများအရ သိရသည်။

အိုက်စလန်နိုင်ငံတောင်ပိုင်းရှိ ရေခဲလိုဏ်ဂူတစ်ခုတွင် ဩဂုတ် ၂၅ရက်က ပြိုကျမှုဖြစ်ပွားခဲ့ကြောင်း၊ ကမ္ဘာလှည့်ခရီးသည် ၂၅ ဦးနှင့် ဧည့်လမ်းညွှန်လေးဦးသည် အဆိုပါလိုဏ်ဂူအတွင်း စူးစမ်းလေ့လာစဉ် ရေခဲလိုဏ်ဂူပြိုကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ကမ္ဘာလှည့်ခရီးသည်အုပ်စုထဲမှ တစ်ဦးသည် အချင်းဖြစ်ပွားရာနေရာတွင်ပင် သေဆုံးခဲ့ပြီး လူနှစ်ဦးပျောက်ဆုံးနေကာ တစ်ဦးမှာထိခိုက်ဒဏ်ရာပြင်းထန်သည့်အတွက် ရေးကျာဗစ်ခ် ဆေးရုံကို ပို့ဆောင်ပေးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

"ရေခဲဂူပြိုကျမှုကြောင့် လူလေးယောက် ရေခဲပြင်အောက်မှာ ပိတ်မိနေပါတယ်။ နှစ်ယောက်ကိုတော့ ရေခဲပြင်အောက်ကနေ ထုတ်နိုင်ခဲ့ပေမဲ့ တစ်ယောက်ကတော့ ရေခဲပိမိတဲ့ဒဏ်ရာနဲ့သေဆုံးသွားခဲ့ပြီး တစ်ယောက်ကတော့ ဒဏ်ရာပြင်းထန်တဲ့အတွက် ဆေးရုံကိုပို့ဆောင်ပေးခဲ့ရပါတယ်။ ရေခဲအပိုင်းအစတွေကြားထဲမှာ ပိတ်မိနေသူနှစ်ယောက်ကိုတော့ ရှာလို့မတွေ့သေးတာကြောင့် ဆက်လက်ရှာဖွေနေဆဲပါ" ဟု ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။



အိုင်စလန် ကမ်းခြေစောင့်တပ်နှင့် ကယ်ဆယ်ရေးအဖွဲ့များက ဒိန်းမတ်ရေတပ်မှ ရဟတ်ယာဉ်သုံးစင်းအသုံးပြုကာ ပျောက်ဆုံးနေသူများကို ရှာဖွေနေကြောင်း၊ အန္တရာယ်ရှိသော အခြေအနေများကြောင့် ညဘက်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ခေတ္တရပ်ထားပြီး ဩဂုတ် ၂၆ရက်တွင် ရှာဖွေမှုများ ဆက်လက်ပြုလုပ်ခဲ့သော်လည်း ယခုအချိန်ထိ ပျောက်ဆုံးနေသူများကို ရှာမတွေ့သေးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**Ref : Sputnik News**

**Trs : KZ**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရေကြီးမှုကြောင့် သေဆုံးသူ ၂၃ ဦးထိ မြင့်တက်လာ

**ဒါကာ ဩဂုတ် ၂၇**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မုတ်သုံမိုး ဆက်တိုက်ရွာသွန်းမှုကြောင့် မြစ်ရေလျှံမှုများ ဖြစ်ပွားခဲ့ပြီး ရေကြီးရေလျှံမှုများကြောင့် သေဆုံးသူ ၂၃ ဦးထိ မြင့်တက်လာခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်ဟု ဩဂုတ် ၂၆ရက်သတင်းများအရသိရသည်။

ရေကြီးရေလျှံမှုကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းရှိ ခရိုင် ၁၁ ခုတွင် မိသားစုပေါင်း ၁ ဒသမ ၂၄ သန်းခန့် ပိတ်မိနေကြောင်း၊ နိုင်ငံတစ်ဝန်း ရေဘေးသင့်ပြည်သူ ၅ ဒသမ ၇ သန်းထိရှိလာပြီး အစားအသောက်၊ ရေသန့်၊ ဆေးဝါးနှင့် အဝတ်အစားများ အရေးပေါ်လိုအပ်နေကြောင်း၊ ၎င်းတို့အနက်မှ အများစုမှာ ရေကြီးရေလျှံမှုကြောင့် လမ်းများ ပိတ်ဆို့နေသည့်အပြင် ဝေးလံသောဒေသများ၌ ရှိသောကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် အဟန့်အတားများဖြစ်ပေါ်နေကြောင်း၊ မုတ်သုံမိုးရွာသွန်းမှုနည်းလာသော်လည်း ရေကြီးရေလျှံမှုအခြေအနေမှာ ဆက်လက်ရှိနေနိုင်ကြောင်း ဘင်္ဂလားဒေ့ရှ်မိုးလေဝသဌာနက ထုတ်ပြန်သည်။

ကယ်ဆယ်ရေးလုပ်ငန်းများတွင် ဆေးဝန်ထမ်းအဖွဲ့ဝင်ဦးရေ ၆၅၀ က ရေဘေးသင့်ဒေသများရှိ ကယ်ဆယ်ရေးစခန်း ၃၅၀၀ ၌ ခိုလှုံနေကြသော လူဦးရေ ၄၇၀၀၀၀ ခန့်ကို ကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်ပေးနေကြောင်း အာဏာပိုင်များက ပြောကြားသည်။

ထို့ပြင် ရေကြီးရေလျှံမှုသည် ကာလကြာရှည်စွာ ဆက်လက်ဖြစ်ပေါ်နေပါက လယ်ယာမြေများ နစ်မြုပ်ပျက်စီးပြီး သီးနှံများ အထွက်နှုန်း သိသိသာသာကျဆင်းလာနိုင်ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ကမ္ဘာ့ဘဏ် အင်စတီကျူ၏ ၂၀၁၅ ခုနှစ် ခွဲခြမ်းစိတ်ဖြာချက်အရ ကမ္ဘာ့ရာသီဥတုဒဏ် အခံရဆုံးနိုင်ငံများတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံပါဝင်ပြီး နိုင်ငံ၏ လူဦးရေ ၃ ဒသမ ၅ သန်းခန့်သည် နှစ်စဉ်မြစ်ရေကြီးမှုအန္တရာယ်နှင့် ရင်ဆိုင်နေကြရကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KZ**

# ဆူဒန်နိုင်ငံတွင် ရေကာတာကျိုးကျမှုကြောင့် လူဦးရေ ၃၀ထက်မနည်းသေဆုံး

**ခါတွန် ဩဂုတ် ၂၇**

ဆူဒန်နိုင်ငံ အရှေ့ဘက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပေ့ါဆူဒန်မြို့ရှိ အာဘတ်ရေကာတာတွင် ရေလျှံပြီး ရေကာတာကျိုးကျမှု ဖြစ်ပွားခဲ့သဖြင့် လူဦးရေ ၃၀ ထက်မနည်းသေဆုံးကာ ပျောက်ဆုံးနေသူ အမြောက်အမြားရှိနေကြောင်း ဆူဒန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အာဘတ်ရေကာတာတွင် ရေပမာဏမြင့်တက်မှုသည် ဩဂုတ် ၂၅ ရက်ကတည်းက စတင်ခဲ့ခြင်းဖြစ်ပြီး ရေပမာဏမြင့်တက်လာမှုကြောင့် ရေကာတာနှင့် အနီးကပ်ဆုံးတည်ရှိနေသည့် ကျေးလက်ဒေသ ၂၀ ကျော်ကိုဆူဒန်အာဏာပိုင်အဖွဲ့အစည်းက ကြိုတင်သတိပေးချက်များ ထုတ်ပြန်ခဲ့သော်လည်း မိုးရေချိန်မြင့်မားစွာရွာသွန်းမှုကြောင့် ဩဂုတ် ၂၆ ရက်တွင် ရေကာတာကျိုးကျမှု ဖြစ်ပေါ်ခဲ့ပြီး ပျက်စီးဆုံးရှုံးမှု ကြီးမားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

"အာဘတ်ရေကာတာ ကျိုးကျမှုကြောင့် အနီးပတ်ဝန်းကျင်ဒေသတွေဟာ လုံးဝကိုပျက်စီးသွားခဲ့တယ်။ လျှပ်စစ်ဓာတ်အားပေးစနစ်တွေနဲ့ ရေပိုက်စနစ်တွေ အာလုံးလဲ ပျက်စီးသွားခဲ့တဲ့အတွက် ရေ၊ မီး ဘာတစ်ခုမှ အသုံးပြုနိုင်တော့မှာမဟုတ်ပါဘူး။ လောလောဆယ်သိရှိထားတဲ့စာရင်းအရ သေဆုံးသူအယောက် ၃၀ ထက်မနည်းရှိနေပြီး ပျောက်ဆုံးနေသူအယောက် ၁၅၀ ကနေ ၂၀၀ ကြားရှိနေပါတယ်။ ကျေးလက်ဒေသ ၂၀ ထိ ပျောက်ဆုံးသွားခဲ့ပါတယ်" ဟု ဆူဒန်အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ အိုမာအစ်ဆာက ပြောကြားခဲ့သည်။

သေဆုံးသူအများစုမှာ ရွှေတွင်းတူးဖော်ရေးလုပ်ကွက်များမှ လုပ်သားများဖြစ်ပြီး ရွှေတွင်းတူးဖော်ရေးကိရိယာများနှင့်အတူ သေဆုံးသူများ၏ ရုပ်အလောင်းကို ရှာဖွေ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : Sai Sat**

# လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်လျက်ရှိသော အိန္ဒိယနှင့် ဂျပန်

မောင်စိန်အိ(နဘဲမြေ)

ဂျပန်နှင့်အိန္ဒိယနိုင်ငံတို့၏နိုင်ငံခြားရေးဝန်ကြီးများနှင့်ကာကွယ်ရေးဝန်ကြီးများသည် အင်ဒို-ပစိဖိတ်ဒေသတွင်တရုတ်နိုင်ငံ၏စီးပွားရေး၊နိုင်ငံရေးနှင့်စစ်ရေးဆိုင်ရာ လွှမ်းမိုးမှုများကြီးထွားလာလျက်ရှိသောကြောင့်၎င်းတို့၏နှစ်နိုင်ငံအကြားကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်သွားမည့်အစီအမံများကို သဘောတူညီထားလျက်ရှိသည်။ ထိုသို့ သဘောတူညီချက်များ၏ တစ်စိတ်တစ်ဒေသအနေဖြင့် တိုကျိုသည် နယူးဒေလီသို့ ရေတပ်စစ်ရေးယာဉ်များအတွက် ဆက်သွယ်ရေးဆိုင်ရာကိုယ်ပျောက်အင်တာနာများတင်ပို့သွားရန်စီစဉ်ထားရှိသည်။

'2 + 2 'ဆွေးနွေးပွဲများဟုလည်းအလွတ်သဘောပြောဆိုလေ့ရှိသည့်ဂျပန်-အိန္ဒိယ နိုင်ငံခြားရေးနှင့်ကာကွယ်ရေးဝန်ကြီးများ၏ တတိယအကြိမ်မြောက်အစည်းအဝေးကိုယခုနှစ်ဩဂုတ်လ၂၀ရက်တွင် နယူးဒေလီမြို့၌ ပြုလုပ်ခဲ့သည်။ အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဆူဘရာမန်ယန်ဂျိုင်ရှန်ကာနှင့်ကာကွယ်ရေးဝန်ကြီး ရာနတ်ဆင်းတို့သည် ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကာမီကာဝါယိုကိုနှင့် ကာကွယ်ရေးဝန်ကြီးကီဟာရာမီနိုရူတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။


ဝန်ကြီးလေးဦးသည် စည်းမျဉ်းစည်းကမ်းကိုအခြေခံသော နိုင်ငံတကာအခင်းအကျင်းဆက်လက်ထိန်းသိမ်းမှုနှင့် တောင့်တင်းခိုင်မာအောင်ဆောင်ရွက်မှုတို့အတွက် ၎င်းတို့၏ ကတိကဝတ်ကိုထပ်လောင်းအတည်ပြုခဲ့ပြီး လက်ရှိအခင်းအကျင်းကို ပြောင်းလဲရန်ကြိုးပမ်းမည့် တစ်ဖက်သတ်ဆန်သောလုပ်ဆောင်မှုမှန်သမျှကို ဆန့်ကျင်ကြောင်းပူးတွဲ ထုတ်ပြန်ချက်၌ဖော်ပြထားသည်။ နှစ်နိုင်ငံဝန်ကြီးများအနေဖြင့်ဒေသတွင်း၌ တရုတ်နိုင်ငံ၏ စီးပွားရေးနှင့်စစ်ရေးဆိုင်ရာလှုပ်ရှားမှုများတိုးမြှင့်လာမှုကိုရည်ညွှန်းသွားလိုဖွယ်ရာရှိနေသည်။

ဝန်ကြီးများသည် မျက်မှောက်ခေတ်ဦးစားပေးလုပ်ငန်းများနှင့် ၎င်းတို့ရင်ဆိုင်နေရသောလုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများကို တုံ့ပြန်နိုင်ရန် ၂၀၀၈ ခုနှစ်အောက်တိုဘာလတွင် ဂျပန်နှင့် အိန္ဒိယတို့အကြားလက်မှတ် ရေးထိုးခဲ့သောလုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက် မှုနှင့်စပ်လျဉ်းသည့်ပူးတွဲကြေညာချက်ကို ပြန်လည်သုံးသပ်အဆင့်မြှင့်တင်သွားမည့် ရည်ရွယ်ချက်များကို လည်းအမြင်ချင်းဖလှယ်ခဲ့ကြောင်းပူးတွဲထုတ်ပြန်ချက်၌ ဖော်ပြထားရှိသည်။ အထူးသဖြင့် ဝန်ကြီးများသည်အာကာသနှင့်ဆိုက်ဘာနယ်ပယ်တွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု နက်ရှိုင်းစွာတိုးမြှင့်လုပ်ဆောင်သွားရေးအတွက်လည်း ရည်မှန်းထားရှိကြောင်း ၎င်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ထို့ပြင်ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန၏အဆိုအရ အိန္ဒိယဝန်ကြီးချုပ်မိုဒီသည် နှစ်နိုင်ငံခေါင်းဆောင်များအကြားသဘောတူညီချက်များအဆင့်မြှင့်တင်သွားရေးဆိုသောရည်မှန်းချက်ဖြင့် ၂၀၂၄ ခုနှစ်နှောင်းပိုင်းကာလများတွင် တိုကျိုသို့လာရောက်လည်ပတ်ရန်မျှော်မှန်းထားကြောင်း ဖော်ပြထားသည်။

နှစ်နိုင်ငံဝန်ကြီးများသည် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးပင်လယ်ရေကြောင်းတပ်ဖွဲ့၏ Mogamiအတန်းအစားဘက်စုံသုံးဖရီးဂိတ်များတွင် အသုံးပြုလျက်ရှိသော နောက်ဆုံးထုတ်ရေဒါကိုအိန္ဒိယနိုင်ငံသို့လွှဲပြောင်းပေးအပ်သွားရေးအတွက်လည်း ဆွေးနွေးခဲ့ကြသည်။ အိန္ဒိယနိုင်ငံသို့တင်ပို့သွားမည့် ရေတပ်သုံးအင်တာနာကို UNICORN ဟုခေါ်ဆိုပြီး ၎င်းစနစ်ကို ဂျပန်ကုမ္ပဏီများက ပူးတွဲတည်ဆောက်ထုတ်လုပ်ထားခြင်းဖြစ်သည်။

UNICORN သည် NORO-50 ပေါင်းစပ်လွှင့်စင်ဖြစ်ပြီး လက်ရှိအချိန်တွင Mogamiအတန်းအစားဖရီးဂိတ်၏ ကွပ်ကဲထိန်းချုပ်ရေးစင်ထိပ်၌တပ်ဆင်ထားရှိသည်။ UNICORN သည်အင်တာနာများကိုတစ်ခုပေါ်တစ်ခုဆင့်ကာတပ်ဆင်ထားရှိပြီးစနစ်တစ်ခုလုံးကို လွှမ်းခြုံကာရန်ထားရှိထားသောကြောင့် အင်တာနာများကို ရေဒါထောက်လှမ်းမှု (RCS)မှ



လည်း လျှော့ချစေနိုင်မည်ဖြစ်သည်။ ထို့ကြောင့်ရန်သူများသည် စစ်ရေယာဉ်ကိုခြေရာခံထောက်လှမ်းရန်ခက်ခဲမည်ဖြစ်သည့်အတွက် ကိုယ်ပျောက်စွမ်းရည်ပိုမိုတိုးတက်လာမည်ဖြစ်သည်။

UNICORN သည် Link 16 အတွက်အင်တာနာများကိုနေရာချထားပေးနိုင်သည့်အမိုးခုံးပုံသဏ္ဍာန်ရှိသည်။ Link 16 သည် NATO အဖွဲ့ဝင်နိုင်ငံများနှင့်အခြားသောအနောက်နိုင်ငံများအသုံးပြုနေသည့်စက်ဘက်ဆိုင်ရာ နည်းဗျူဟာမြောက်ဒေတာလင့်ကွန်ရက်တစ်ခုပင်ဖြစ်သည်။ ၎င်းစနစ်သည်နည်းဗျူဟာမြောက်ဝေဟင်လမ်းကြောင်းရှာဖွေမှုစနစ် (TA-CAN) နှင့်ရန်သူ၊မိတ်ဆွေခွဲခြားနိုင်သော (IFF) အင်တာများအပြင်အီလက်ထရောနစ်အထောက်အကူပြုစနစ် (ESM)များနှင့် အခြားအင်တာနာများစွာပါရှိသည်။

ဩဂုတ် ၂၀ ရက်တွင် နယူးဒေလီ၌ သတင်းစာရှင်းလင်းပွဲတစ်ရပ်ပြုလုပ်စဉ်ဂျပန်ကာကွယ်ရေးဝန်ကြီးကီဟာရာက၎င်းအနေဖြင့်အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၃ သန်းတန်ဖိုးရှိသော UNICORN စီမံကိန်းကိုအတည်ပြုထားပြီးဖြစ်ကြောင်း၊ ၎င်းစနစ်သည် ဂျပန်ကာကွယ်ရေးဝန်ကြီးဌာန၏အသစ်ထူထောင်ထား ရှိသောကာကွယ်ရေးပစ္စည်းလွှဲပြောင်းမှု အဆင်ပြေချောမွေ့ရေးရန်ပုံငွေမှပထမဆုံးသောအမျိုးအစားဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

ထိုသို့တင်ပို့မှုသည်ဂျပန်နိုင်ငံ၏အပြီးသတ်တည်ဆောက်ထားသော ကာကွယ်ရေးအသုံးအဆောင်ပစ္စည်းတစ်ခုကို ပြည်ပသို့ ဒုတိယအကြိမ်မြောက်တင်ပို့မှုပင်ဖြစ်သည်။ ဂျပန်နိုင်ငံအနေဖြင့်ဖိလစ်ပိုင်နိုင်ငံသို့ ဝေဟင်ကင်းထောက်စနစ်များ ပထမဆုံးအကြိမ်လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သည်။ နှစ်နိုင်ငံဝန်ကြီးများသည် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ (JMSDF)များနှင့် အိန္ဒိယစစ်ဘက်တို့ကြား ပူးတွဲစစ်ရေးလေ့ကျင့်ခန်းပူးတွဲလုပ်ဆောင်သွားရန်လည်းသဘောတူညီခဲ့ကြသည်။

ထို့ပြင်ဝန်ကြီးများသည်အိန္ဒိယနိုင်ငံတွင်စစ်ရေယာဉ်ပြုပြင်ထိန်းသိမ်းမှုနယ်ပယ်၌ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး JMSDF နှင့်အိန္ဒိယရေတပ်တို့ကြားစူးစမ်းလေ့လာသည့်လုပ်ငန်းကိုလည်းကြိုဆိုခဲ့ကြသည်။ ၎င်းအစီအစဉ်သည်အိန္ဒိယသမုဒ္ဒရာတွင် JMSDF ၏လိုက်လျောညီထွေဆောင်ရွက်နိုင်မှုတို့ကို တိုးမြှင့်ပေးသွားနိုင်ဖွယ်ရာရှိသည်။

အိန္ဒိယကာကွယ်ရေးဝန်ကြီး ရာနတ်ဆင်းက နှစ်နိုင်ငံအကြားအပြန်အလှန်ဆက်ဆံရေးသည်နယ်ပယ်အားလုံးတွင် တိုးတက်လျက်ရှိကြောင်းနှင့် ကာကွယ်ရေးသည်နှစ်နိုင်ငံဆက်ဆံရေးတွင်အရေးပါသောဒေါက်တိုင်အဖြစ်ရပ်တည်လျက်ရှိကြောင်း ပြောကြားသွားခဲ့သည်။ ဂျပန်ကာကွယ်ရေးဝန်ကြီး ကီဟာရာက နှစ်နိုင်ငံသဘောတူညီချက်သည် အနာဂတ်တွင် ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ၌ အရေအတွက်အပြင် အရည်အသွေးပိုင်း၌လည်း နက်ရှိုင်းစွာတိုးချဲ့နိုင်မည့်ထူးခြားသောအခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်မည်ဟုအခိုင်အမာယုံကြည်ထားရှိကြောင်း သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသွားခဲ့သည်။

အိန္ဒိယနိုင်ငံသည်မဟာဗျူဟာမြောက်ကိုယ်ပိုင်အုပ်ချုပ်မှုပုံစံတိုးမြှင့်ရန်နှင့် မည်သည့်နိုင်ငံနှင့်မျှမဟာမိတ်ဖွဲ့မှုမရှိသော ကြားနေသံခင်းတမန်ခင်းပုံစံကို အဆိုပြုထားလျက်ရှိသည်။ အကြောင်းမှုကာအိန္ဒိယနိုင်ငံသည် တရုတ်နိုင်ငံနှင့်၃၅၀၀ကီလိုမီတာခန့်နယ် မြေထိစပ်နေပြီးအငြင်းပွားဖွယ်ရာအစိတ်အပိုင်းများရှိနေသည့်တိုင်အောင် ပေကျင်းနှင့်မလိုလားအပ်သောတင်းမာမှုများနှင့် ထိပ်တိုက်ရင်ဆိုင်မှုများကို ရှောင်ရှားသွားလိုသောကြောင့်ပင်ဖြစ်သည်။

မိုဒီအစိုးရအဖွဲ့သည် ဂျပန်အပါအဝင်အနောက်နိုင်ငံများနှင့်ဆက်ဆံရေးခိုင်မာအောင်လုပ်ဆောင်လျက်ရှိပြီး ၎င်း၏ နိုင်ငံရေးနှင့်သံခင်းတမန်ခင်းကြိုးပမ်းမှုများကိုခိုင်မာအားကောင်းအောင်တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။ လက်ရှိအချိန်တွင် အိန္ဒိယနိုင်ငံသည်၎င်း၏ မိတ်ဖက်များနှင့်စစ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို မဆိုင်းမတွလုပ်ဆောင်လာလျက်ရှိသည်။ အခြားတစ်ဖက်တွင်လည်းဂျပန်နိုင်ငံသည် အမေရိကန်အပါအဝင် အနောက်အုပ်စုနှင့်ပူးပေါင်းဆောင်ရွက်မှုခိုင်မာတောင့်တင်းအောင်ကြိုးပမ်းလျက်ရှိသည်။

၂၀၁၅ခုနှစ်တွင် ချုပ်ဆိုထားသောကာကွယ်ရေးဆိုင်ရာစာချုပ်အရဂျပန်နိုင်ငံသည်အိန္ဒိယသို့တိုက်ပွဲဝင်စစ်ရေးယာဉ်များတွင်အသုံးပြုသောဆက်သွယ်ရေးအင်တာနာများနှင့်ဆက်စပ်နည်းပညာများ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်သည်။ ဆိုရလျှင် အိန္ဒိယနှင့်ဂျပန်တို့အကြားစီးပွားရေးနှင့်နိုင်ငံရေးဆိုင်ရာဆက်ဆံရေးတို့သည်လည်း ပုံမှန်တိုးတက်လျက်ရှိသည်။ နှစ်နိုင်ငံစလုံးသည် အမေရိကန်၊ ဩစတြေးလျတို့နှင့်အတူ Quad လုံခြုံရေးအဖွဲ့ဝင်နိုင်ငံများလည်းဖြစ်ကြသည်။ ဆိုရလျှင် ကမ္ဘာ့တတိယနှင့်စတုတ္ထ မြောက်စီးပွားရေးအင်အားကြီးနိုင်ငံများဖြစ်သည့်ဂျပန်နှင့်အိန္ဒိယတို့သည် ၂၀၂၃ ခုနှစ်တွင် ကာဗွန်လျှော့ချရေးစီမံကိန်းများအတွက် အမေရိကန်ဒေါ်လာ သန်း ၆၀၀ ကို ပူးတွဲရန်ပုံငွေထူထောင်ပေးခဲ့သည်။ ၂၀၂၃-၂၀၂၄ဘဏ္ဍာနှစ်အတွင်း နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုးသည်အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၈၅ ဘီလီယံရှိခဲ့သည်။

ဩဂုတ် ၂၀ ရက်တွင် ပြုလုပ်ခဲ့သော အစည်းအဝေး၌ နှစ်နိုင်ငံဝန်ကြီးများသည် ဒေသတွင်းတည်ငြိမ်မှုနှင့်လုံခြုံမှုကို မြှင့်တင်ရန်၊ နိုင်ငံပေါင်းစုံပါဝင်သောဆွေးနွေးပွဲများမှတစ်ဆင့်လုံခြုံရေးပြဿနာများကိုပူးပေါင်းဖြေရှင်းသွားရန်နှင့် ကုလသမဂ္ဂ၏ရပ်တည်ချက်တောင့်တင်းခိုင်မာရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များတွင် အတူတကွ ပူးပေါင်းဆောင်ရွက်သွားရန်သဘောတူ ညီခဲ့ကြသည်။

ထို့ပြင်နှစ်နိုင်ငံဝန်ကြီးများသည်စည်းမျဉ်းစည်းကမ်းအခြေခံသောအင်ဒို-ပစိဖိတ်ဒေသ ထူထောင်ရန်၊ အင်ဒို-ပစိဖိတ်ဒေသနှင့်စပ်လျဉ်း၍ပွင့်လင်းမြင်သာပြီး နိုင်ငံတကာဥပဒေကိုလေးစားတန်ဖိုးထားသည့် ASEAN အမြင်သဘောထားကို အပြည့်အဝထောက်ခံသွားရန်၊ အင်ဒို-ပစိဖိတ်ဒေသတွင်နိုင်ငံပေါင်းစုံပါဝင်သော ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများနှင့် စစ်ရေးလေ့ကျင့်ခန်းများ တိုးမြှင့်လုပ်ဆောင်သွားရန်တို့ကိုလည်းသဘောတူညီခဲ့ကြသည်။ ထို့ကြောင့် Quad အဖွဲ့ဝင်နိုင်ငံများဖြစ်သောအိန္ဒိယနှင့်ဂျပန်တို့သည် ဒေသတွင်း အခင်းအကျင်းကို ဟန်ချက်ထိန်းညှိနိုင်ရေးအတွက် ကာကွယ်ရေးအပါအဝင် နယ်ပယ်ပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်လာလျက်ရှိပေသည်။

**ကိုးကား**

(1) **Japan, India Agree to Enhance Security Cooperation at ' 2 + 2" by The Diplomat.**

(2) **India, Japan agree to bolster defense and security ties Reuters**

(3) **Joint Statement Third Japan-India 2+2 Foreign and Defence Ministerial Meeting | Ministry of Foreign Affairs of Japan (mofa.go.jp).**

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
# ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
# ကြော်ငြာစာအမှတ်(၁/၂၀၂၄)
# (၂၀၂၄ ခုနှစ် ဩဂုတ်လ ၇ ရက်)
# လျှောက်လွှာခေါ်ယူခြင်း

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့ (သတင်းအတတ်ပညာ)ဦးစားပေးမည်)
(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)
(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက် လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။
(ခ) ၂၀၂၄ ခုနှစ် ဇွန်လ(၃၀)ရက်နေ့တွင် အသက်(၂၈)နှစ်မကျော်လွန်စေရ။
(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။
(င) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင် ရယူနိုင်ပါသည်-

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)
(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)
(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)
(ဃ) ရတနာပုံသတင်းစာတိုက်

၄။ လျှောက်လွှာများ ကို ၇-၈-၂၀၂၄ ရက်မှ ၂၉-၈-၂၀၂၄ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ပြည်နယ်၊ မြို့ နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၉ ရက်နှင့် ၃၀ ရက်တို့၌ ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| နေပြည်တော် | ဖုန်း - ၀၉-၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉-၂၅၀၀၀၀၈၅၄၊ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း - ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း - ၀၉-၆၈၈၈၈၃၅၅၈၊ ၀၉-၄၀၁၆၀၅၀၇၁ |

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငှက်ပျောသီးအစုံ အဖီးရေ ၆၅၀၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့



**ဘိုကလေး ဩဂုတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငှက်ပျောသီးအစုံ အဖီးရေ ၆၅၀၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ငှက်ပျောရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လဲ့လဲ့ဝင်းက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ငှက်ပျောသီးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ဇွန်လအတွင်း ငှက်ပျောသီးအစုံ အဖီးရေ ၄၀၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ငှက်ပျောသီးအစုံ အဖီးရေ ၆၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း အများဆုံးတင်ပို့ရောင်းချခဲ့သည့် ငှက်ပျောသီးများမှာ ဖီးကြမ်း၊ ရခိုင်၊ သီးမွှေး၊ ဆင်စွယ် စသည့်ငှက်ပျောအမျိုးအစားများ ဖြစ်ကြောင်း သိရသည်။

"ဇူလိုင်လအတွင်း ဘိုကလေးဘက်မှ ရန်ကုန်ဈေးကွက်သို့ ငှက်ပျောသီးအစုံတင်ပို့အားကောင်းခဲ့ပါတယ်။ ဒေသထွက်သီးနှံတွေကိုပဲ တင်ပို့ရောင်းချခဲ့တာပါ။ ငှက်ပျောသီးကို ရေလမ်းကြောင်းအပြင် ကုန်းလမ်းကြောင်းကနေပါ တင်ပို့နေရပါတယ်။ ဇူလိုင်လက ငှက်ပျောသီးအစုံ အဖီးရေ ၆၅၀၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ လက်ရှိ ငှက်ပျောသီးဈေးကလဲ အရင်ကထက်အနည်းငယ် မြင့်တက်လာပါတယ်"ဟု ဘိုကလေးမြို့နယ် ငှက်ပျောရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လဲ့လဲ့ဝင်းက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်မြို့သို့ ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ငှက်ပျောသီးဈေးနှုန်းများမှာ ဖီးကြမ်းငှက်ပျော အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၃၅၀၀၀၊ ရခိုင်ငှက်ပျော အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၈၅၀၀၀၊ သီးမွှေးငှက်ပျော အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅၀၀၀ နှင့် ဆင်စွယ်ငှက်ပျော အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ရေတာရှည်မြို့နယ် နန်ချွန်တောင်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးနေမှု စစ်ဆေး

**ရေတာရှည် ဩဂုတ် ၂၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် နန်ချွန်တောင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်ဇင်မျိုး၊ ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ နန်ချွန်တောင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကော်မတီဝင်များနှင့်တွေ့ဆုံပြီး ဆောင်ရွက်ပြီးကွန်ကရစ်လမ်းနှင့် ရေသန့်စင်စက်ကို အကျိုးရှိစွာ အသုံးပြုကြရန်၊ ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

ရေတာရှည်မြို့နယ် နန်ချွန်တောင်ကျေးရွာ၌ လမ်းအရှည်ပေ ၄၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် တစ်နာရီ ရေသန့် ဂါလန် ၂၀၀ ကျော်ထွက်ရှိသည့် ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၄ သန်း စုစုပေါင်းငွေကျပ် ၁၉ သန်းဖြင့် ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇွန် ၂၀ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများအားလုံးရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုကြောင့် နန်ချွန်တောင်ကျေးရွာရှိ အိမ်ခြေ ၁၁၀ မှ လူဦးရေ ၄၁၈ ဦးတို့၏ သွားလာမှုလွယ်ကူနေပြီဖြစ်ပြီး သန့်ရှင်းသော သောက်ရေများကိုလည်း ဖူလုံစွာရရှိနေပြီဖြစ်ကြောင်း တောင်ငူခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်ဇင်မျိုးက ပြောပြ၍ သိရသည်။

ကိုညို







## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ဟိုပင်မြို့၊ မြို့မတောင်ရပ်ကွက်နေ ဦးစိန်ဖေ-ဒေါ်စင်းမေ တို့၏သား **မောင်သန့်ဇင်ကို (၁/ဟပန(နိုင်)၀၀၉၀၃၀)** သည် မိဘ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်များအား ဆောင်ရွက်နေသည့်အတွက် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို မိဘများမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် မည်သို့မျှ ပတ်သက်စပ်ဆိုင်မှု မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဦးစိန်ဖေ (၁/မညန(နိုင်)၀၂၀၆၀၄)**

**ဒေါ်စင်းမေ (၁/မညန(နိုင်)၀၆၁၄၀၈)**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ စလေဘုန်းတော်ကြီးသင် ပညာရေးအထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မဟန်နီနွယ် ၏ဖခင် အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးတင်ဦးလေး ဖြစ်ပါကြောင်း။

**ဦးတင်ဦးလေး**

**(၅/စကန(နိုင်)၁၆၁၁၉၈)**

## အများသိစေရန်ကြေညာခြင်း

ရှန်းရှန်းကုမ္ပဏီလီမိတက်၏ အသေးစားငွေရေးကြေးရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် ဒါရိုက်တာစာရင်းနှင့် အစုရှယ်ယာစာရင်းများကို အောက်ပါအတိုင်း ပြောင်းလဲလုပ်ကိုင်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(က) ဒါရိုက်တာစာရင်း အမည်ပြောင်းလဲခြင်း

| ယခင်ဒါရိုက်တာ | | ယခုဒါရိုက်တာစာရင်း | |
|---|---|---|---|
| စဉ် | အမည် | စဉ် | အမည် |
| ၁ | ဦးနေအောင်(မန်နေဂျင်းဒါရိုက်တာ) | ၁ | ဦးအောင်မျိုးသန့်(မန်နေဂျင်းဒါရိုက်တာ) |
| ၂ | ဒေါ်အဲလိတ်(ဒါရိုက်တာ) | ၂ | ဦးမျိုးမြင့်ကြည်(ဒါရိုက်တာ) |
| | | ၃ | ဒေါ်ဝင်းပြည့်ပြည့်သင်း(ဒါရိုက်တာ) |
| | | ၄ | ဦးနေအောင်(ဒါရိုက်တာ) |
| | (၂)ဦး | | (၄)ဦး |

(ခ) အစုရှယ်ယာစာရင်း အမည်ပြောင်းလဲခြင်း

| မူလအစုရှယ်ယာ | | | ယခုအစုရှယ်ယာ | | | စုစုပေါင်း |
|---|---|---|---|---|---|---|
| စဉ် | အမည် | ရှယ်ယာတန်ဘိုး (၁၀၀၀၀)စု | စဉ် | အမည် | ရှယ်ယာတန်ဘိုး (၁၀၀၀၀)စု | |
| ၁ | ဦးနေအောင် | (၃၀၀၀)စု | ၁ | ဦးအောင်မျိုးသန့် | (၃၀၀၀)စု | (၃၀၀၀)စု |
| ၂ | ဒေါ်အဲလိတ် | (၇၀၀၀)စု | ၂ | ဦးမျိုးမြင့်ကြည် | (၃၀၀၀)စု | (၃၀၀၀)စု |
| | | - | ၃ | ဒေါ်ဝင်းပြည့်ပြည့်သင်း | (၃၀၀၀)စု | (၃၀၀၀)စု |
| | | - | ၄ | ဦးနေအောင် | (၁၀၀၀)စု | (၁၀၀၀)စု |
| စုစုပေါင်း | | (၁၀၀၀၀)စု | စုစုပေါင်း | | (၁၀၀၀၀)စု | (၁၀၀၀၀)စု |

### ပျောက်ဆုံးကြောင်း

ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်၊ အကွက် (၅၅၀)နေ ဒေါ်သန္တာဝင်း (ဘ) ဦးဝင်းမောင် (၉/မရတ(နိုင်)၁၁၅၇၉၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၀၁၀၁၆၅

### ပျောက်ဆုံးကြောင်း

မန္တလေး၊ချမ်းအေးသာစံမြို့နယ်၊ အကွက်(၅၉၇)နေ မဝင်းသန္တာငွေး (ဘ) ဦးကံငွေး (၉/ခအဇ(နိုင်)၀၅၇၀၇၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၄၈၈၂၇၇၉၃

### ပျောက်ဆုံးကြောင်း

လားရှိုးမြို့နေ မငွေနှင်းပွင့် (ဘ) ဦးမာထု (၁၃/လရန(နိုင်)၁၈၆၈၉၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-157037)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၅၂၃၂၃၁၃

## အမည်ပြောင်း

ကျောက်ဆည်မြို့၊ မေတ္တာကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော (ဘ) ဦးစိုင်းသန်းမောင် (ခ) ဦးရှိဆန်ရင်(၁၃/ကမန(နိုင်)၁၀၅၂၉၇)၏သမီး မရှီးလန့်ရင် အား မနန်းစံဟွမ် ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ မနန်းစံဟွမ်

## တစ်ဦးတည်းဖြစ်ပါကြောင်း


ကျောက်ဆည်မြို့၊ မေတ္တာကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော မနန်းစံဟွမ်၏ဖခင်မှာ ဦးစိုင်းသန်းမောင် (ခ) ဦးရှိဆန်ရင် သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးစိုင်းသန်းမောင် (ခ) ဦးရှိဆန်ရင်(၁၃/ကမန(နိုင်)၁၀၅၂၉၇)

**လျှပ်စစ်မီးကိုချွေတာသုံးစွဲပါ**

**သင့်သွေးဖြင့် အသက်ကယ်ပါ**



❖ အရာရှိငယ်ဘဝတွင် အထက်အကြီးအကဲများ၏ အမိန့်ကို တိကျစွာလိုက်နာတတ်ခြင်းသည် ခေါင်းဆောင်ကောင်းနှင့် နောက်လိုက်ကောင်းတို့၏ အမူအကျင့်ကောင်းများပင်ဖြစ်...

❖ ငယ်သားဖြစ်ချိန်၌ နောက်လိုက်ကောင်းတစ်ယောက်ဖြစ်ခြင်းသည် နောင်တစ်ချိန်တွင် ခေါင်းဆောင်ကောင်းတစ်ယောက်၏ အစပင်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင်ပြုလုပ်သော ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းအမှတ်စဉ်(၁၀) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားမိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန်လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၁၃)တွင် သစ္စာအားမာန်အသင်း၊ ဒဂုံစတားအသင်းနှင့် ISPE အသင်းတို့ နိုင်ပွဲရရှိ



ရန်ကုန် ဩဂုတ် ၂၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၁၃)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့၌ ကျင်းပခဲ့ရာ သစ္စာအားမာန်အသင်း၊ ဒဂုံစတားအသင်းနှင့် ISPE အသင်းတို့ နိုင်ပွဲရရှိခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၃) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃နာရီခွဲက ရန်ကုန်မြို့ စလင်းအားကစားကွင်းတွင် ဒဂုံစတားအသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ကစားခဲ့ရာ ဒဂုံစတားအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဒဂုံစတားအသင်းအတွက် သွင်းဂိုးများကို

စာမျက်နှာ ၁၆ ကော်လံ ၁ ❖


အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)ကို အမြန်ဆုံးပြန်လည် လည်ပတ်နိုင်ရေး စီမံဆောင်ရွက်နေ

စာမျက်နှာ- ၅

မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်း ၉၉၉၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

စာမျက်နှာ- ၂၅

ရေကြီးရေလျှံမှုနှင့် အသက်ရှူလမ်းကြောင်း ရောဂါများ

ဆောင်းပါး

စာမျက်နှာ- ၂၃


### ထူးခြားသည့် နေ့အပူချိန်များ

(၂၇-၈-၂၀၂၄)

| | | | | |
|---|---|---|---|---|
| ညောင်ဦး | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၆ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ခန္တီး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

## တရားမဝင်သစ်မျိုးစုံ၊ စက်သုံးဆီများ၊ ဆေးဝါးများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်နှင့်မော်တော်ယာဉ်များဖမ်းဆီးရမိ



နေပြည်တော် ဩဂုတ် ၂၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၃ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ကြီးနားမြို့ မန်ခိုန်ရပ်ကွက် ဗလမင်းထင်တံတားအနီး၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ ၃၉၄ ပီပါ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၄၀၀၀၀၀ နှင့် အဆိုပါစက်သုံးဆီများတင်ဆောင်လာသည့် I Zone Oil Bowser တစ်စီး၊ Hintar Oil Bowser တစ်စီးနှင့် NID Oil Bowser တစ်စီး၊

စာမျက်နှာ ၂၂ ကော်လံ ၁ ☆


SIN MINN

ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP

အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ

ISO 9001 : 2015
CERTIFICATE NO.TH011875

ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com

